ဋ္ဌထၢဒံထၢးေထာ်ဦ

၄

၇၀၆၉၁

စစ်တွေမြို့

ဓမ္မစကြာ သာသနာပြု ကျောင်း

**ဆရာတော်-ဦးစန္ဒိမာ**

ရေးသားအပ်သော

# ဝိသာခါတရားတော်

---

ဣစ္ဆာသယ ပိဋကတ် စာပုံနှိပ်တိုက်
၁၁၃၊ ၂၄-လမ်း၊ ရန်ကုန်မြို့။

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ်　　(၄၁၀၃)
ကင်းလွတ်ခွင့် အမှတ်　　(၁၁၂၆၅)

ထုတ်ဝေသူ ဆရာတော်-ဦးစန္ဒိမာ
မဓမ္မစကြာသာသနာပြုကျောင်း
စစ်တွေမြို့။

---

ပုံနှိပ်သူ-ဦးသန်းမောင်
ပုံနှိပ်သူ မှတ်ပုံတင် အမှတ်　　(၀၇၉၄)
ဇမ္ဗူသာသယ ပိဋကတ် စာပုံနှိပ်တိုက်
၁၁၃၊ ၂၄-လမ်း၊ ရန်ကုန်မြို့။

၁၃၃၂-ခု၊ ဝါဆိုလ။　　၁၉၇၀-ခု၊ ဇူလိုင်လ၊

( မမ္မဒါန )

ပဌမ အကြိမ်　　အုပ်ရေ　　၁၀၀၀။



စစ်တွေမြို့

ဓမ္မစကြာ သာသနာပြု ဆရာတော်ဘုရား

# မာတိကာ

အကြောင်းအရာ — စာမျက်နှာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| နိဒါန်း (ဝိသာခါတရား နာမည်ပေးထားပုံ အကြောင်း) | (ဂ) |
| ဓမ္မတာနှင့် သာသနာကွဲပြားပုံအကြောင်း | ၁ |
| အန္ဓပုထုဇဉ်နှင့် ကလျာဏပုထုဇဉ် ကွဲပြားပုံ အကြောင်း | ၇ |
| ပဟာန် ၅-ချက် | ၁၂ |
| သောတာပန်ဖြစ်ရန် အင်္ဂါ ၄-ပါး | ၂၁ |
| ကာယကိုယ်နှင့် အတ္တကိုယ် ကွဲပြားပုံ | ၂၃ |
| ပရမတ် ၃-ပါး အပြားပြား ရှာဖွေနည်း | ၂၇ |
| ယောဂီများသတိပြုရန် နှိုးဆော်ခြင်း | ၃၆ |
| ရူပဓာတ်နှင့် ရူပါရုံကွဲပြားပုံအကြောင်း | ၃၇ |
| မဇ္ဈိမ ပဋိပဒါတရားပြဆိုချက် | ၄၁ |
| **ရုပ်နာမ်ပိုင်း** | |
| နာမရူပ ပရိစ္ဆေဒဉာဏ် | ၄၂ |
| ပစ္စယပရိဂ္ဂဟဉာဏ် | ၅၅ |
| **ခန္ဓာပိုင်း** | |
| ဝိသာခါတရား | ၆၅ |
| သမ္မသနဉာဏ် | ၆၈ |


ဣဋ္ဌာသယ ၄၉၃-က

အကြောင်းအရာ — စာမျက်နှာ

ဝိညာဏ်မြင် ဥဒယဗ္ဗယဉာဏ် — ၇၆
ပညာမြင် ဥဒယဗ္ဗယဉာဏ် — ၈၅
**ပဋိစ္စသမုပ္ပါဒ်ပိုင်း**
ဝိသာခါတရား — ၉၇
ဘင်ဉာဏ် (အနိစ္စာနုပဿနာဉာဏ်) — ၁၀၀
ပညာမြင် ဒုက္ခာနုပဿနာဉာဏ် — ၁၁၂
(ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိန္ဒာဉာဏ်)
ပညာမြင် အနတ္တာနုပဿနာဉာဏ် — ၁၂၆
(မုဉ္စိတုကမျတာဉာဏ်၊ ပဋိသင်္ခါဉာဏ်၊
သင်္ခါရုပေက္ခာဉာဏ်)
မဂ်ဝင်စခန်း — ၁၄၂
ဥပါဒါနက္ခန္ဓာနှင့် ပဉ္စက္ခန္ဓာအကြောင်း
ရှင်းလင်းဖော်ပြချက် — ၁၅၅
မဇ္ဈိမကြာဝိပဿနာအဖွဲ့ဝင်ဆရာတော်များ--၁၆၇

# နိဒါန်း

## ဝိသာခါတရား နာမည်ပေးထားပုံ

မြတ်စွာ ဘုရား သာသနာတော် မြတ်ကြီး ကုလည်း ၂၅၀၈-ကျော်လွန်ပြီ၊ ဝိမုတ္တိ ခေတ်ဆန်းလာတဲ့ အခါမှာ ခေတ် ၅-မျိုးနှင့်ဝေဖန်လျှင် အမြတ်ဆုံး သုက္ခ ဝိပဿက ရဟန္တာ၊ အနိမ့်ဆုံး သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ထိ ပေါ်နိုင် သေးသည်၊ ၎င်းအရိယာ တို့တွင် သောတာပန် ခေတ်ကြီးက ဦးဆောင်၍ အမှန် ပေါ်လာမည်၊ အဘယ်လို ပုဂ္ဂိုလ်မျိုးက ပေါ်မည်နည်း ဆိုလျှင် အိမ်ယာထောင် ပုဂ္ဂိုလ်မျိုးက များသော အားဖြင့် ပေါ်မည်၊ ဘုရားရှင် လက်ထက်တော်က သာသနာတော်၌ အလွန် ထင်ရှားသော ကျောင်းအမ ဝိသာခါလည်း အိမ်ယာထောင် အရိယာခေတ်ပေါက်ပြီး ဘုံစဉ်စံ သောတာပန်ဖြစ်သွားပါသည်၊ ယခု ဟောထားသော တရားကို အားထုတ် လျှင်ဖြင့် ဝိသာခါ ကဲ့သို့ အိမ်ယာထောင် အရိယာခေတ် ပေါက်မည်၊ ထို့ကြောင့် ဤ တရားကို ဝိသာခါတရားဟု နာမည် ပေးထားသည်က တကြောင်း။

ကျောင်းအမ ဝိသာခါ ဆုရှစ်ချက်မှ ထွက်လာပုံက တနည်း၊ မြတ်စွာဘုရား ထံတော်၌ ဝိသာခါ တောင်းဆိုသော ဆု ၈-ချက်။

ဇီဝန္တာမဟံ ဘန္တေ ယာဝဇီဝံ ဝဿိကသာဋိကံ
ဒါတုံ။

ဘန္တေ၊ အရှင်မြတ်ဘုရား။ အဟံ၊ ဘုရား တပည့်တော်မ သည်။ ယာဝဇီဝံ၊ အသက်ထက်ဆုံး။ ဝဿိကသာဋိကံ စီဝရံ၊ မိုးရေခံသင်္ကန်းကို။ ဒါတုံ၊ ပေးလှူခြင်းငှာ။ ဣစ္ဆာမိ၊ အလိုရှိပါ၏။

၁။ လိုရင်းအဓိပ္ပါယ်ကား ဘိက္ခု ရဟန်း ယောကျ်ား တို့အား မိုးရေခံ သင်္ကန်းကို အသက် ထက်ဆုံး လှူဒါန်းရလိုပါ၏။

၂။ ဘိက္ခုနီ ရဟန်းမိန်းမတို့အား ရေသနုပ်သင်္ကန်းကို အသက်ထက်ဆုံး လှူဒါန်းရလိုပါ၏။

၃။ မကျန်းမာ, နာဖျားသော ရဟန်းတို့ အားလည်း ဂိလာနဘတ် ဖြစ်သောဆွမ်းကို အသက် ထက်ဆုံး လှူဒါန်းရလိုပါ၏။

၄။ ဂိလာနဖြစ်သော ရဟန်းတို့အား ဆေးပစ္စည်းကို အသက်ထက်ဆုံး လှူဒါန်းရလိုပါ၏။

၅။ ထို ဂိလာန ရဟန်း ပုဂ္ဂိုလ်တို့အား စောင့်ရှောက် သော ဂိလာနုပဋ္ဌက ရဟန်းတို့အားလည်း အသက် ထက်ဆုံး ဆွမ်းလှူဒါန်း ရလိုပါ၏။

၆။ ခရီးသွား ရဟန်း ပုဂ္ဂိုလ်တို့ အားလည်း တပည့် တော်မ အသက်ထက်ဆုံးဆွမ်းလှူဒါန်း ရလိုပါ၏။

၇။ အာဂန္တုကရဟန်း ပုဂ္ဂိုလ်တို့ အားလည်း တပည့် တော်မ ဆောက်လှူသော ကျောင်း၌ အနည်းဆုံး ၃–ရက်မျှ၊ အများဆုံး ၇–ရက် နေထိုင်၍ အသက် ထက်ဆုံး ဆွမ်းလှူဒါန်းရလိုပါ၏။

၈။ သာသနာတော်၌ ရှိနေသမျှသော ဘိက္ခု-ဘိက္ခုနီမ, အားလုံးရှိ ရဟန်း သံဃာတို့သည် အရဏ်ကျင်း၍အလင်းသို့ရောက်သည့်အခါ ကိုယ်စီကိုယ်ငှ ကြွလာ၍ တပည့်တော်မ ချက်ထားသော ယာဂုဘတ်ဆွမ်းကို အသက်ထက်ဆုံး လှူဒါန်းရလိုပါ၏။

ဤကဲ့သို့ ကျောင်းအမ ဝိသာခါက ဆု ၈-ချက်တောင်းဆိုလိုက်ရာ မြတ်စွာဘုရားရှင်က ကျောင်းအမ ဝိသာခါ-သင်ယခု ဤဆု ၈-ချက်ကို တောင်းဆို ခြင်းသည် အဘယ်အကျိုးအာနိသံသကို မျှော်ကိုးပြီး တောင်းဆိုရ သနည်း။

ဝိသာခါ ဒါယိကာမက လျှောက်ထားသည်မှာ သာသနာတော်၌ ရှိကြသော သံဃာတော် အရှင်မြတ် တို့သည် တပည့်တော်မ လှူဒါန်းသော ပစ္စည်းဝတ္ထုများတို့ကို ခံစားသုံးဆောင်ပြီး ချမ်းချမ်းသာသာ ဖာသု ဝိဟာရ အားဖြင့် တရားကို အားထုတ်ရလျှင် မဂ်တရား၊ ဖိုလ်တရားကို အလျင်အမြန် ရရန် ရကြောင်းကို မျှော်ကိုး၍ လှူဒါန်းရပါသည် အရှင်မြတ်ဘုရား။

နောက်တခုက ရှင်တော်မြတ်ဘုရား သာသနာတော်သည်အဓွန့်ရှည်ကြာတည်မြဲစေလိုခြင်းကတကြောင်း။

တပည့်တော်မမှာလည်း အောက်မဂ်ကိစ္စသာ ပြီးပါသေးသည်၊ အထက်မဂ်ကိစ္စကိုကျင့်ကြံအားထုတ်ရန် လိုပါသေးသည်ဖြစ်၍ငင်း၊ ပြုလုပ်သော ဒါနက အထောက်အပင့်ပြုပြီး အလျင်အမြန် အထက်မဂ်တို့ကို ရလိုကြောင်း ငင်းအကျိုးတို့ကို မျှော်ကိုးပြီး တောင်းဆိုရ ပါသည် အရှင်မြတ်ဘုရား။

ရှင်တော် မြတ်ဘုရားကလည်း ဝိသာခါ တောင်းဆိုချက်ကို အားရဝမ်းသာ သဘောတော်ကျ၍ သဃ်ာတော်အားလုံးကိုစုရုံးပြီး ယခုကျောင်းအမဝိသာခါ တောင်းဆိုခြင်းဖြစ်သောဆု ၈-ချက်ကို ငါးဘုရား အနုညာတ အနုးအညွှတ် ခွင့်ပြုလိုက်ပြီး သင်ချစ်သားတို့ အလိုရှိသလိုသုံးဆောင်ကြပေတော့ဟု မြတ်စွာဘုရားခွင့်ပြုတော်မူလိုက်သည်ဖြစ်ပါကြောင်း။

ရှင်တော် မြတ်ဘုရား ဟောကြားတော် မူအပ်သောဓမ္မစကြာ အနတ္တလက္ခဏသုတ်၊ မဟာသတိပဋ္ဌာနသုတ်တရားတော် ထိုတရားတော်မြတ်တို့၏အဆီအနှစ်ဖြစ်သောဝိသာခါတရားတော်၊ ဝိသာခါဆု ၈-ချက်ကို မြတ်စွာဘုရားခွင့်ပြုချက်နှင့်စပ်၍ ဝိသာခါတရားဟု အမည်တပ်ထားသည်။

ထိုဝိသာခါတရားတော်၌ မူချထားသည်ကား-

၁-ရုပ်နာမ်ပိုင်း၊ ၂-ခန္ဓာပိုင်း၊ ၃-ပဋိစ္စသမုပ္ပါဒ်ပိုင်းဟူ၍သုံးပိုင်း ပိုင်းထားသည်။

ပဌမရုပ်နာမ်ပိုင်း၌ အခြေခံညာဏ် ၂-ပါး၊ သီလမဂ္ဂင် ၃-ပါး၊ ဝီတိက္ကမကိလေသာကိုပယ်သတ်၍ ယထာဘူတအသိသစ္စာ ၄-ပါး သိမြင်ပြီး ကလျာဏပုထုဇန်စခန်း။

ဒုတိယခန္ဓာပိုင်း၌ သမာဓိမဂ္ဂင် ၃-ပါးဖြင့် ပရိယုဋ္ဌာနကိလေသာကို ဝိက္ခမ္ဘနပဟာန်ဖြင့် ပယ်သတ်၍ အနုဗောဓအသိဖြင့် သစ္စာ ၄-ပါးကိုသိ၍ရှုဥသောတာပန်စခန်း။

တတိယ ပဋိစ္စသမုပ္ပါဒ်ပိုင်း၌ ပညာမဂ္ဂင် ၂-ပါးဖြင့်အနုသယ ကိလေသာဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို ပယ်သတ်၍

သစ္စာ ၄-ပါး ပဋိဝေဓ်အသိဖြင့်သိ၍ မဟာသောတာပန် ဖြစ်သည့်စခန်း။

မဇ္ဈိမပဋိပဒါမဂ္ဂင် ၈-ပါးနှင့် သစ္စာ ၄-ပါးတရားတော်ကို ဓမ္မစကြာအဖွဲ့ချုပ် နာယက ဆရာတော်သည် တရားတိတ်ခွေပေါင်း ၂၅-ခွေ၊ ရက်ပေါင်း ၅၀-တိုင် အကျယ် ဝိတ္ထာရအားဖြင့် ဟောထား အပ်သော တရားတော်ကို ဦးစန္ဒိမာဆရာတော်က ဓမ္မစကြာသာသနာပြုကျောင်း၌ဝါတွင်း ၃-လ ဥပုသ်သီတင်းတိုင်း ဟောကြားပြောပြ သဖြင့်ကြားနာရသူ အငြိမ်းစား ဝန်ထောက် ဦးလူဘနှင့် စက်ဆရာကြီး ဦးရွှေဇံအောင်စသော တပည့်တကာများတို့က သဒ္ဓါပန်းတလူလူဖြင့် မိမိတို့ကြားနာရသလို အများသော သူတို့ကိုလည်း ကြားနာစေလိုသော စေတနာသဒ္ဓါတရားဖြင့်စာအုပ်ရေးထုတ်ရန်လျှောက်ထားတောင်းပန် ချက်ကြောင့် စီရင်ရေးသား အပ်သော "ဝိသာခါ တရား" အကျဉ်းချုပ် ကို ရေးသား လိုက်ရကြောင်း။

ဦးစန္ဒိမာ

# ဝိပဿနာ တရား

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

## ရုပ်နာမ်ပိုင်း

### ဓမ္မတာနှင့် သာသနာ

ဝိပဿနာ တရား၌ မှုချထားသည်ကား ရုပ်နာမ်ပိုင်း၊ ခန္ဓာပိုင်း၊ ပဋိစ္စသမုပ္ပါဒ်အပိုင်းဟု ထို ၃-ပိုင်းတို့ကို ပြုလုပ်ရာ၌ ပဌမ ရုပ်နာမ်ပိုင်းက ပရမတ် ပညတ်ခွဲရခြင်းကား ပရမတ် ပညတ်ကို ခွဲလိုက်လျှင် နာမ်ရုပ် ထွက်လာသည်၊ ထွက်လာသော နာမ်ရုပ်ကို နာမရူပ ပရိစ္ဆေဒဉာဏ် ပစ္စယပရိဂ္ဂဟဉာဏ်တို့ဖြင့် ပယ်သတ်၍ နာမ်ရုပ် သုဉ်းဆိတ်မှ ခန္ဓာပေါ်မည်၊ ခန္ဓာကိုသမ္မသနဉာဏ် ဥဒယဗ္ဗယဉာဏ်တို့ဖြင့် ပယ်သတ်၍ ခန္ဓာသုဉ်းဆိတ်မှ ပဋိစ္စသမုပ္ပါဒ်ပေါ်နိုင်သည်၊ ပဋိစ္စသမုပ္ပါဒ်တရားကို အနုပဿနာဉာဏ် အနုလောမဉာဏ်တို့က ပယ်ဖျက်လိုက်မှ မဂ်တရား ဖိုလ်တရား

နိဗ္ဗာန်တရား ပေါ်ထွက်နိုင်သည်ဖြစ်၍ ဤကဲ့သို့ ၃-ပိုင်း ခွဲထားရသည်ဖြစ်ကြောင်း။

မဂ္ဂင် ၈-ပါး အစဉ်ဖြင့်ဆိုလျှင် ရုပ်နာမ်ပိုင်း၌ သီလ မဂ္ဂင် ခန္ဓာပိုင်း၌ သမာဓိမဂ္ဂင်၊ ပဋိစ္စသမုပ္ပါဒ်ပိုင်း၌ ပညာ မဂ္ဂင် ဤသည်ကား ဝိပဿနာဉာဏ်စဉ်နှင့် မဂ္ဂင် ၈-ပါး တွဲစပ်နေပုံ။

မဂ္ဂင် ၈-ပါး ဆိုသည်ကား သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ရှင်းမဂ္ဂင် ၈-ပါးတွင် သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝက အဓိသီလသိက္ခာ၊ သမ္မာဝါယာမ၊ သမ္မာသမာတိ၊ သမ္မာသမာဓိက အဓိစိတ္တသိက္ခာ၊ သမ္မာဒိဋ္ဌိ၊သမ္မာသင်္ကပ္ပက အဓိပညာသိက္ခာ ဤကဲ့သို့မဂ္ဂင် ၈-ပါး၌ အဓိသီလ အဓိစိတ္တ အဓိပညာသိက္ခာ ၃-ပါး ပါဝင်နေသည်ဖြစ်ကြောင်း။

မဂ္ဂင်သီလကို သာသနာသီလ ပဟာနသီလ အသံဝရ ဝိနည်းဟု ခေါ်သည်၊ ဝေရမဏီဖြင့် ခံယူဆောက်တည် ရသည်၊ ၅-ပါး၊ ၈-ပါး၊ ၁၀-ပါး စသော သီလတို့ သည်ကား ဓမ္မတာသီလ သံဝရသီလ၊ သံဝရဝိနည်းဟု ခေါ်သည်။

ဓမ္မတာနှင့် သာသနာ ကွဲပြားပုံကား ဓမ္မတာသီလ၌ သီလ ဆိုသည်ကား နှုတ်နှင့် ကိုယ်ကို ကောင်းမွန်စွာ စောင့်ရှောက် ထားခြင်းကိုပင် သံဝရသီလဟု ခေါ်သည်၊ သာသနာသီလ၌ကား နှုတ်နှင့်ကိုယ်ကို ပယ်ဖြတ်သုတ်သင် လိုက်ခြင်းကြောင့် ပဟာနသီလဟု ခေါ်သည်၊ ဓမ္မတာ

သီလနှင့် သာသနာသီလ ကွဲပြားပုံပင်တည်း၊ နှုတ်နှင့် ကိုယ်ကိုသုတ်သင်ပုံက နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ပစ္စယ ပရိဂ္ဂဟဉာဏ်တို့၌ ထင်ရှားမည်။

ဓမ္မတာသမာဓိနှင့် သာသနာသမာဓိ ကွဲပြားပုံကား ဓမ္မတာ သမာဓိဆိုသည်ကား ကသိုဏ်း ၁၀-ပါးစသော သမထ ၄၀-အာရုံတရားတို့၌ စိတ်ကို မရွေ့ မပြောင်း အောင် သတိတရားတို့ဖြင့် ချည်နှောင်၍ တည်ထားမှုကို ဓမ္မတာဟုခေါ်သည်၊ ပရိကမ္မသမာဓိ၊ ဥပစာရသမာဓိ၊ အပ္ပနာသမာဓိမျိုးတို့ကိုဆိုသည်။

သာသနာ သမာဓိ ဆိုသည်ကား မဂ္ဂင် ၈-ပါး၌ ပါဝင်သော သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ဤမဂ္ဂင် ၃-ပါးလုံးက ကာလ ၃-ပါးရုပ်နာမ်ကို သမ္မသန ဉာဏ် အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာ အနတ္တလက္ခဏာ တို့ဖြင့် ပယ်သတ်ပြီးလျှင် အတိတ်ကုန်ရာမှ မိစ္ဆာသတိ ကင်းပြတ်၍ ဖြစ်လာသော သမ္မာသတိ၊ အနာဂတ်ရုပ်နာမ် ကင်းပြတ်ရာမှ မိစ္ဆာသမာဓိကိုပယ်ထုတ်၍ သမ္မာသမာဓိ ဖြစ်လာသည်၊ ဥဒယဗ္ဗယဉာဏ်တိုက ပစ္စုပ္ပန်ရုပ်နာမ်ကို ဖြတ်ပြီး မိစ္ဆာဝါယာမကို ပယ်ထုတ်၍ပေါ်ထွက်လာသော သမ္မာဝါယာမမဂ္ဂင်။

ဤသည်ကား ဆန့်ကျင်ဘက်ဖြစ်သော မိစ္ဆာမဂ္ဂင်တို့ကို ပယ်ဖြတ် သုတ်သင် ရှင်းလင်း၍ ဝိပဿနာဉာဏ် တို့ဖြင့် ဖြစ်လာသော သမာဓိမျိုးကိုသာသနာသမာဓိဟုခေါ်သည်၊ သာသနာသမာဓိက သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်ကျမှ ထင်ရှားမည်။

ပညာ၌သာသနာနှင့် ဓမ္မတာကွဲပြားပုံကား လောက၌ လူအပေါင်းတို့ ပြောဆိုကြသည်မှာ ပညာရှိလောကီအလို အိုင်အေ(I.A.) ဘီအေ(B.A.) အမ်အေ(M.A.)စသော ပညာအတန်း အောင်လာသူ တို့ကိုလည်း လောကတွင် ပညာရှိဟု ခေါ်ကြပါသည်၊ ဝိဋကတ်စာပေ ကျမ်းဂန်တို့ ဘက်ကဆိုလျှင် ဝိဋကတ်စာပေကျမ်းဂန်တို့ကို သင်ကြား၍ အကြီးတန်းအောင်၊ အကျော်အောင်၊ ဓမ္မာစရိယအောင် စသောသူတို့ကိုလည်း ပညာရှိဟုခေါ်ကြပါသည်။

ဤကဲ့သို့ ပညာရှိမျိုးတို့ကို အရင်းစစ် ရှာလိုက်လျှင် သညာ အမှတ်ကောင်းမှုကို ဦးတည်၍ဖြစ်လာသော ပညာ မျိုးကား ပညာဆိုသော်လည်း သညာသာဖြစ်၍ လောကီ ဓမ္မတာပညာရှိမျိုးသာဖြစ်သည်။

သာသနာပညာဆိုသည်ကား ဝိပဿနာဉာဏ်၊မဂ်ဉာဏ် ဖိုလ်ဉာဏ်၊ ဝိဇ္ဇာဉာဏ်တို့ဖြင့် ရှင်တော်မြတ်ဘုရား ဟော တော်မူခဲ့သော သစ္စာ ၄-ပါး မြတ်တရားကို ထိုးထွင်း၍ မြင်တတ်မှသာလျှင် သာသနာပညာရှိပုဂ္ဂိုလ်တဆူ ဖြစ်နိုင် ပါကြောင်း ထိုကဲ့သို့ သာသနာ ပညာရှိကို ဝိပဿနာ ဉာဏ်စဉ်တက်လာခါမှ သိနိုင်ပါလိမ့်မည်။

(ဓမ္မတာဒါနကိုယခု လူတို့လုပ်နေကြဖြစ်၍ ပြောရန် မလိုပါပြီ)။

သာသနာနှင့်ယှဉ်သော ဒါနစသည်တို့ကား နာမရူပ ပရိစ္ဆေဒဉာဏ်တွင် အာရုံ ၅-ပါးကိုစွန့်လှူရာ၌ ပြင်ပဗဟိဒ္ဓ လောကရှိ ရွှေ, ငွေ, စိန်ကျောက်ရတနာမျိုးနှင့် သတ္တဝါ အနန္တ သက်ရှိသက်မဲ့ ဝတ္ထုပဟူသမျှတို့နှင့် မဇ္ဈိမလောက

ခေတ်၊ စူဠလောကခေတ်၊ မဟာလောကခေတ်၊ အနန္တလောကခေတ်မှစ၍ အကုန်အစင် လှူလိုက်ရခြင်း။

ဤသည်ကား သာသနာအပ အလောင်းတော်ဝေလာမ ပုဏ္ဏားလှူခဲ့သော ၂-ကေ ၁၃-ဒသမရှိသော ရွှေခွက် (၈၄၀၀၀)၌ ငွေအပြည့်ထည့်၍ လှူဒါန်းခဲ့သောသာသနာအပ ဗာဟိရ ဒါနတို့ထက် နာမရူပ ပရိစ္ဆေဒညာဏ် ဖြစ်သောပုဂ္ဂိုလ်တို့၏ သာသနာတွင်း ဒါန၏ကြီးကျယ် မြင့်မြတ်ခြင်းပေတည်း။

ဤကဲ့သို့ ဝိပဿနာညာဏ်နှင့် ယှဉ်သော သာသနာဒါန ရှိသူမှ မေတ္တာဒါနကိုပြုလုပ်ကဲ့အခါ ကာယဂုဏ် ၅-ပါးကို တောင်းတသောဆန္ဒ ရာဂကင်းပြီး အလောဘ ဒါနဖြစ်၍ အကျိုးထူးတရားတို့နှင့် ပြည့်စုံရသည်ဖြစ်ကြောင်း။

(ဤသည်ကား ညောင် စေ့လောက်လှူ၊ ညောင်ပင်လောက်ရဆိုသည့်စကား)။

ပစ္စယပရိဂ္ဂဟာညာဏ်၌ အဂ်ပရိစ္စာဂဟု ဆိုအပ်သော ဒွါရ ၅-ပါးကိုစွန့်လှူခြင်း၊ ဥဒယဗ္ဗယညာဏ်၌ဇီဝိတပရိစ္စာဂ ဟုဆိုအပ်သော အသက်ကိုစွန့်လှူခြင်း၊ မဂ်ညာဏ် ဖိုလ်ညာဏ်တို့၌ ယခင်ဆိုခဲ့ပြီးသော တရားတို့ကို အပြတ်အတောက် အဆုံး အဖြတ် ကျအောင် လှူလိုက်ခြင်း၊ ဤသည်ကား သာသနာဒါနပင်တည်း။

ပါရမီ ၁၀-ပါး ကိုလည်း မဂ္ဂင် ၈-ပါး၌ ပါဝင် နိုင်ကြောင်းကို လယ်တီဆရာတော်ဘုရားက ဥတ္တမပုရိသ ကျမ်း၌ ဖော်ပြထားသောကြောင့် ဝိပဿနာညာဏ်တိုင်း၌ ထင်ရှားပါလိမ့်မည်။

မဂ္ဂင် ၈-ပါးနှင့် ပါရမီ ၁၀-ပါးက တမင်သက်သက် လုပ်ရသော အလုပ်မျိုးမဟုတ်ပါ၊ ဖက်ထုပ်မုံ့ဝယ်စားလျှင် အုန်သီးနှင့် သကြားအတွက် တမင်အဘိုး မပေးရဘဲ ပါနေဘိသကဲ့သို့ ဝိပဿနာဉာဏ်များကို ပြုလုပ်ရာ၌ပြီး ပြည့်စုံနိုင်ပါသည်၊ မဂ္ဂင်ပြည့်စုံရန်အတွက် ဝိပဿနာဉာဏ် တို့ကို ပြုလုပ်ရသည်ဖြစ်ကြောင်း။

ဓမ္မတာနှင့် သာသနာကို ပြရခြင်းကား ဓမ္မတာကို မလုပ်ရဟု မထင်မှတ်ပါနှင့် ဓမ္မတာမှာလည်း ဓမ္မတာလမ်း သာသနာမှာလည်း သာသနာလမ်း၊ နဂါးပုံနှင့်နဂါးရုပ်၊ ဂဠုန်ပုံနှင့်ဂဠုန်ရုပ်၊ သူ့ပုံနှင့်သူ့ရုပ်၊ နဂါးပုံ၌ ဂဠုန်ရုပ် မမြင်နိုင်၊ ဂဠုန်ပုံ၌နဂါးရုပ်မမြင်နိုင်။

ယခုပြရသော ဝိပဿနာဉာဏ် ၁၀-ပါး၊ ပါရမီ ၁၀-ပါး၊ မဂ္ဂင် ၈-ပါး အကျိုးတရားတို့သည် နာမရူပ ပရိစ္ဆေဒဉာဏ် နာမ်ရုပ်ကိုအခြေခံ အုဋ်မြစ်ချပြီးမှဖြစ်လာ ရကြောင်းကို လယ်ပြင်မှာ ဆင်သွားသည့်ပမာ ထင်ရှား နေသည်ဖြစ်ကြောင်း။

ယခုကာလ သရဏဂုံ သီလယူကြရာ၌ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိဟု ပေးကြသည်၊ ခံယူကြသည်ကားသုတသရဏဂုံမျှသာတည်း၊ ဒိဋ္ဌသရဏဂုံပေးပုံ ယူပုံကား ပေးသော ပုဂ္ဂိုလ်ကလည်း ၁-သမ္မာသမ္ဗုဒ္ဓ၊ ၂-ပစ္စေကဗုဒ္ဓ၊ ၃-သာဝကဗုဒ္ဓ၊ ၄-အနုဗုဒ္ဓ၊ ၅-သုတဗုဒ္ဓဟု ဆိုအပ်သောဗုဒ္ဓ ၅-မျိုး တို့တွင် သရဏဂုံပေးသောပုဂ္ဂိုလ်ကသစ္စာ ၄-ပါးကိုယုတ်စွအဆုံး နာမရူပ ပရိစ္ဆေဒဉာဏ် ပစ္စယပရိဂ္ဂဟဉာဏ်ပြီးဆုံး၍ ယထာ

ဘူတ အသိသစ္စာ ၄-ပါးကို ဖော်ထုတ် ဟောပြောပြသနိုင်သည့်။ ကလျာဏ အင်္ဂါနှင့် ပြည့်စုံသော အနုဗုဒ္ဓဖြစ်ရမည်၊ ခံယူသောပုဂ္ဂိုလ်များကလည်း နာမရူပပရိစ္ဆေဒဉာဏ် ပစ္စယပရိဂ္ဂဟဉာဏ် ၂-ပါးကို ကြားနာရ၍ သစ္စာ ၄-ပါးကို ကိုယ်ပိုင်ဉာဏ်ဖြင့် သိနိုင်သော သုတဗုဒ္ဓဖြစ်ရမည်၊ သို့မှသာလျှင် ဒိဋ္ဌသရဏဂုံကို ရနိုင်ပါသည်။ ဒိဋ္ဌသရဏဂုံကိုရလျှင် ကာယကံ ၃-ပါး၊ ဝစီကံ ၄-ပါး၊ အသက်မွေးခြင်းလျှင် စင်ကြယ်ခြင်းရှိသောအင်္ဂါ ၈-ပါးနှင့် ပြည့်စုံသော အာဇီဝဋ္ဌမကသီလကို မခံယူဘဲ သီလပြီးပြည့်စုံနိုင်သည်ဖြစ်ပါကြောင်း၊ အနုဗောဓအသိ ပဋိဝေဓအသိတို့ဖြင့် သိလျှင်ဆိုဘွယ်ရာမရှိ သုတသရဏဂုံ ခံယူကြပုံနှင့် ဒိဋ္ဌသရဏဂုံရ၍ အာဇီဝဋ္ဌမက သီလရပုံ ရနည်း တခဏ်းပြီးပြီ။

ဤသည်ကား ဓမ္မတာနှင့် သာသနာ ကွဲကွဲပြားပြား ခြားခြားနားနားရှိသည်ကိုမသိလျှင်ဓမ္မတာကိုသာသနာဟု ထင်မှတ်သူတို့ သာသနာ၏ အကျိုးအာနိသံသကို မခံစားရဘဲ ဆုံးရှုံး နေမည်ကိုစိုး၍ လယ်တီဆရာတော် စသော ဝိပဿနာ နာယက ဆရာတော်များတို့က ပြခဲ့သည်ကို သိသာရန်အတွက် ဖော်ထုတ် ရေးပြ လိုက်ရ သည်ဖြစ်ပါကြောင်း ဓမ္မတာနှင့် သာသနာကွဲပြားပုံတရပ်ပြီးပြီ။

---

## အန္ဓပုထုဇန်နှင့် ကလျာဏပုထုဇန် ကွဲပြားပုံ

ဒုဝေ ပုထုဇ္ဇနာ ဝုတ္တာ၊
ဗုဒ္ဓေနာ ဒိစ္စ ဗန္ဓုနာ။

အန္ဓော ပုထုဇ္ဇနော ဧကော၊
ကလျာဏောကော ပုထုဇ္ဇနော။
(အဋ္ဌကထာ)။

အာဒိစ္စဗန္ဓုနာ၊ နေမင်း၏ အနွယ် ဖြစ်တော်မူသော။ ဗုဒ္ဓေန၊ မြတ်စွာဘုရားသည်။ ဒုဝေ၊ နှစ်ယောက် ကုန်သော။ ပုထုဇ္ဇနာ၊ ပုထုဇန်တို့ကို။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်၏။ အန္ဓော ပုထုဇ္ဇနော ဧကော၊ အန္ဓ ပုထုဇ္ဇန်လည်း တယောက်။ ကလျာဏောဧကောပုထုဇ္ဇနော၊ ကလျာဏ ပုထုဇန်လည်း တယောက်တည်း။

ယဿ ခန္ဓဓာတု အာယတန ပစ္စယာကာရ သတိ
ပဋ္ဌာနာဒိသု ဥဂ္ဂဟ ပရိပုစ္ဆာ ဝိနိစ္ဆယရဟိတတ္တာ
ဒိဋ္ဌိပဋိသေဓကော နေဝ အာဂမော။(အဋ္ဌကထာ)။

ယဿ၊ အကြင်ပုဂ္ဂိုလ်အား။ ခန္ဓဓာတု အာယတန ပစ္စယာကာရသတိပဋ္ဌာနာဒိသု၊ ခန္ဓာတရား ဓာတ်တရား အာယတနတရား ပဋိစ္စသမုပ္ပါဒ်တရား သတိပဋ္ဌာန်တရား စသည်တို့၌။ ဥဂ္ဂဟပရိပုစ္ဆာ ဝိနိစ္ဆယရဟိတတ္တာ၊ ပါဠိကို အစွဲအမြဲရခြင်း အနက်ကိုဆွေးနွေးခြင်း ဆုံးဖြတ်ရှင်းလင်းနိုင်ခြင်းမှ ကင်းသည်၏အဖြစ်ကြောင့်။ ဒိဋ္ဌိပဋိသေဓကော၊ မိမိသန္တာန်၌ရှိနေသော သက္ကာယဒိဋ္ဌိတရားကို တားမြစ်ပယ်ဖျက်နိုင်သော။ အာဂမော၊ အဘိဓမ္မာသုတ္တန်ကျမ်းဂန် အာဂုံ နှုတ်ငုံလေ့ကျက် ဆောင်ရွက်ရရှိသော ပါဠိတရားသည်။ နေဝအတ္ထိ၊ မရှိ။ သော၊ ထိုသို့သော ပုဂ္ဂိုလ်ကို။ အဿုတဝါဣတိ၊ သုတဗုဒ္ဓိ ဉာဏ်မျက်စိကင်းသော အန္ဓ ပုထုဇန်ဟူ၍။ ဉေယျော၊ သိအပ်၏။

ကလျာဏပုထုဇန်-ခန္ဓာ ၅-ပါး၊အာယတန ၁၂-ပါး၊ ဓာတ် ၁၈-ပါး၊ ပါဠိဘာသာအတိုင်းနှင့် သရုပ်ကွဲပြား စွဲမြဲခြင်းဟူသော ဥဂ္ဃဋိတညူ၊

မိမိတို့ဘာသာလျှင် နေရာကျပြ၍ ပြောနိုင်ခြင်းဟူသော ပရိပုစ္ဆာ၊ ကိုယ်တွေ့ဒိဋ္ဌဟူသော ဥဒါဟာရဏ်ရင်း၊ ထင်မြင် နိုင်ရန်ပုံသဏ္ဌာန်ဟူသော ဥပမာရင်း၊ ဤကဲ့သို့ တခု တခု သောဓာတ်၌ ဥဒါဟရဏ် ပုံသက်သေ သာဓက တို့နှင့် နေရာကျ ပြောဆိုနိုင်ခြင်းဟူသော ဝိနိစ္ဆယ။

ဤသို့ဥဂ္ဃဋိတညူ၊ ပရိပုစ္ဆာ၊ ဝိနိစ္ဆယ ၄-ပါးတို့ဖြင့် ခန္ဓာ တရား၌ ဉာဏ်မျက်စိပေါက်သောသူ။

ဓာတ် အာယတန တရားတို့၌ ဉာဏ်မျက်စိ ပေါက် သောသူ။

ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂-ပါးတို့၌ ဉာဏ်မျက်စိ ပေါက် သောသူ။

သတိပဋ္ဌာန် ၄-ပါး၊ သမ္မပ္ပဓာန် ၄-ပါး၊ ဣဒ္ဓိပါဒ် ၄-ပါး၊ ဣန္ဒြေ ၅-ပါး၊ ဗိုလ် ၅-ပါးဗောဇ္ဈင် ၇-ပါး၊ မဂ္ဂင် ၈-ပါး ဟူသော ဗောဓိပက္ခိယ တရား ၃၇-ပါး တို့၌ ကွဲပြား ရှင်းလင်းစွာ ဉာဏ်မျက်စိပေါက်သူ၊ ဤသည်ကား ကလျာဏပုထုဇဉ်လက္ခဏာတည်း။

ဤကဲ့သို့ ဒေသနာနည်းက ပြသော,ဟောကြားချက်အရ ခန္ဓာ အာယတန ဓာတ် ပဋိစ္စသမုပ္ပါဒ် စက်တရားတို့ကို သိရမည်ဆိုရာ၌ ခန္ဓာက ၁-ဥပါဒါနက္ခန္ဓာ။ ၂-ပဉ္စက္ခန္ဓာဟု

၂-ပါးရှိသည်။ အမိဝမ်းတွင်းက ပဋိသန္ဓေစိတ်နှင့် တပြိုင်နက် အမိ၏ သားအိမ်အတွင်း၌ မိဘ ၂-ပါးတို့၏ ဥတုအလယ်၌ ကံကြောင့် ဖြစ်ပေါ်လာသော ဝတ္ထုဒသကကလာပ်၊ ဘာဝဒသက ကလာပ်၊ ကာယဒသက ကလာပ်၊ ကလာပ် ၃-စည်း၊ ရုပ်ပေါင်း-၃၀၊ ကလာပ်စည်း၌ ၁-ပထဝီ၊ ၂-အာပေါ၊ ၃-ဝါယော၊ ၄-တေဇော၊ မဟာဘုတ်ဓာတ်ကြီး ၄-ပါး၊ ၁-ဝဏ္ဏ၊ ၂-ဂန္ဓ၊ ၃-ရသ၊ ၄-ဩဇာ၊ ဥပါဒါရုပ်ဓာတ်ငယ် ၄-ပါး၊ ပေါင်းဓာတ် ၈-ပါးတွင် ဇီဝိတရုပ်နှင့် ဘာဝရုပ်ကိုထည့် ဘာဝဒသက ကလာပ်၊ဇီဝိတနှင့် ကာယကိုထည့် ကာယဒသကကလာပ်၊ ကလာပ် ၃-စည်း ဥပါဒ်ဟု ဖြစ်ပေါ်လာပြီး ဌီသို့ရောက်လျှင် မိဘ ၂-ပါးတို့၏ဥတုမှ ဥတုဇရုပ်ကလာပ် ဖြစ်သည်။ စိတ်ကလည်း စိတ္တဇရုပ်ကို ဖြစ်ပေါ်စေပြန်သည်။ ၎င်း ရုပ်ကလာပ်တို့မှပါသော တေဇောဓာတ်မှတဖန် ကမ္မပစ္စယာ ဥတုဇရုပ်၊ ဥတုပစ္စယာ ဥတုဇရုပ်၊ စိတ္တပစ္စယာ ဥတုဇရုပ်၊ ၎င်းရုပ်တို့ ပေါင်းဆုံပြီး တေဇော လွှန်ကဲပြီး ကလလရေကြည် ဖြစ်လာသည်။ ၇-ရက်စေ့လျှင် သွေးမှ တဖန် ပထဝီဓာတ် လွှန်ပြီး မာမာလုံးလုံး ကြက်ဥ သဏ္ဍာန်သားတစ်ခဲ ဖြစ်လာသည်။ သားတစ်ခဲမှတဖန် ဦးခေါင်း၊ ခြေနှစ်ဘက်၊ လက်နှစ်ဘက် ဖြစ်စရာ ခက်မ ၅-ဖြာတို့ ဖြစ်ပေါ်လာသည်။ ဦးခေါင်း၌ စက္ခုဒသက ကလာပ်၊ သောတဒသက ကလာပ်၊ ဃာနဒသက ကလာပ်၊ ဇိဝှါဒသကကလာပ်ဟု ဆိုအပ်သော မျက်စိ,နား,နှာ,လျှာ,ကမ္မဇကလာပ် တသတ္တာဟ၌ တခုကျစီဖြစ်ပြီးလျှင် ဝမ်းတွင်း၌

အူဖြစ်လာလျှင် အာဟာရကို ကြေကျက်စေ တတ်သော ပါစကတေဇောတ်မီး ဖြစ်လာမှ အမိ၏ စားသောက်သော အာဟာရနှင့်ဆက်ပြီး အာဟာရဇ ရုပ်ကလာပ်ကို ဖြစ်စေ ပြန်သည်၊ ဤကဲ့သို့ အကြောင်း လေးပါးကြောင့် ဖြစ်ပေါ် လာသောရုပ်ဓာတ်တို့၏ ပေါင်းဆုံပြီးလျှင် ဆံ, အမွေး, စသော ၃၂-ပါးသော ကောဋ္ဌာသ၊ ၁၁-တဆယ် တစ်သတ္တာဟ၊ ၇၀-နှင့် ၇-ရက်တွင် ပြည့်စုံပြီး(၇-လ၊ ၈-လ၊ ၉-လ၊ ၁၀-လ) စသည်တို့၌ မွေးဖွား လာကြသည်။ ဤကဲ့သို့ဖြစ်သည်ကိုရည်၍ မြတ်စွာဘုရားရှင်က-

ပဌမံကလလံ အဗ္ဗုဒံ ပေသိ ဃနာပသာခါဇာယန္တိ
ကေသာ လောမာ နခါပိစ-

ဟူ၍ ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်၌ ဇန္တက ဘီလူးအား ဟောကြားတော်မူသည်။

ဤကဲ့သို့ မြတ်စွာဘုရား ရှင်သည် ဇန္တက ဘီလူးအား ဟောခဲ့သည်ကား ဝိပဿနာ လုပ်ရန်အတွက် မဟုတ်ပါ၊ ပဋိသန္ဓေကစ၍ မွေးဖွားလာသည်တိုင်အောင် ရုပ်ကလာပ် တွေဖြစ်ပေါ်လာသော ဖြစ်စဉ်သဘောကို မြင်စေ လို၍ ဟောခြင်းသာ ဖြစ်သည်။

အမိဝမ်းတွင်းမှ မွေးဖွားလာသော ထိုသူငယ်၏အကျိုး ပဋ္ဌာန်းကွန္ဓာ၌မျက်စိ နား နှာစသောဒွါရ ၆-ခြောက်ပေါက်၌ အာရုံ ၆-ပါး တိုက်ဆုံလာကာမှသညာဝိညာဏ် ၂-ပါး ရှိရာ သညာက ရှေ့ဆောင်၍ နာမ်ခန္ဓာ ၄-ပါး ပေါင်း ဆုံပြီး၊ ပညတ်အာရုံကို ယူလိုက်လျှင် ဥပါဒါနက္ခန္ဓာဟု ခေါ်သည်။

ဥပါဒါနက္ခန္ဓာ ၄-ပါးတို့တွင် ဝိညာဏ်ကရှေ့ဆောင်၍ ပရမတ်ကို အာရုံယူလိုက်လျှင် ပဉ္စက္ခန္ဓာဟု ခေါ်သည်၊ ဤကဲ့သို့ ဥပါဒါနက္ခန္ဓာနှင့် ပဉ္စက္ခန္ဓာ အကြောင်းအကျိုး စပ်၍ ရှိနေသော ပဉ္စက္ခန္ဓာ မဂ်သို့ ဆိုက်တဲ့ အခါမှာ အကြောင်း ဟူသမျှ သုဉ်းဆိတ်ပြီး အကျိုး သက်သက် ပဉ္စက္ခန္ဓာ။

ဤကဲ့သို့ခန္ဓာရှိစဉ် အမျိုးအစားတို့ကို သိပါမှကလျာဏ အင်္ဂါ၌ ခန္ဓာကို သိရာ ရောက်မည်၊ အာယတန တရား ဆိုသည်မှာလည်း သူ့ခန္ဓာနှင့် သူ့အာယတန အသီးသီး ရှိကြသည်ဖြစ်၍ ဝိပဿနာတရား လုပ်လိုသော ယောဂါ ဝစရပုဂ္ဂိုလ်တို့သည် ဝိပဿနာဉာဏ်စဉ် မဂ္ဂင်တို့၌ ပဟာန် ၅-ချက်ကိုသိရမည်၊ ပဟာန် ၅-ချက်ကိုသိမှ ခန္ဓာကို နားလည်မည်။

## ပဟာန် ၅-ချက်

ပဟာန် ၅-ချက်ဆိုသည်ကား-

၁။ တဒင်္ဂပဟာန်။

၂။ ဝိက္ခမ္ဘနပဟာန်။

၃။ သမုစ္ဆေဒပဟာန်။

၄။ ပဋိပဿဒ္ဓိပဟာန်။

၅။ နိဿရဏပဟာန်။

ဤကဲ့သို့ ပဟာန် ၅-မျိုးရှိ၏။

ဤကဲ့သို့ ဥပါဒါနက္ခန္ဓာ၊ ပဉ္စက္ခန္ဓာ အာယတနစသော တရားတို့ကို စာအုပ်စသည်တို့၌ ရှိသော အခြင်းအရာနှင့်

မိမိနှုတ်ကရွတ်ဆို၍ ပြောသောအခါအသီးသီးကြားနာရ၍ သိလွယ်မှတ်လွယ်ရန်ဖြစ်နေကြသည်။

ဝိပဿနာအလုပ်၌ ခက်နေပုံက မိမိတို့၏ မျက်စိ နား နှာစသည်တို့၌ အာရုံ တိုက်ဆုံလာလျှင် မိမိတို့၏ မျက်စိ စသော ဒွါရတို့၌ ရှေးရှု ဖြစ်ပေါ် လာကြသည့် အခါ ဥပါဒါနက္ခန္ဓာ၊ ပဉ္စက္ခန္ဓာအကုန်လုံး ပေါင်းဆုံမိမှမျက်စိ မြင်စရာ၊ နား ကြားစရာ၊ နံစရာ၊ လျက်စရာ၊ တွေ့စရာ စသောအာရုံတရားတို့ဖြစ်လာကြသည်၊ သို့အတွက်ကြောင့် ဥပါဒါနက္ခန္ဓာနှင့် ပဉ္စက္ခန္ဓာကို ခွဲခြမ်းလို့ မသိနိုင်ကြသဖြင့် အာရုံတခုကို အစွဲပြုပြီး ပဋိစ္စသမုပ္ပါဒ် သံသရာလည်နေကြရသည်၊ အာရုံတရားတခုလုံးကို ပယ်သတ်နိုင်က ပဋိစ္စသမုပ္ပါဒ်သံသရာပြတ်တော့သည်။

ဥပါဒါနက္ခန္ဓာနှင့် ပဉ္စက္ခန္ဓာတွဲစပ်ပြီး အာရုံဖြစ်လာပုံကား ဝိသာခါတရား ပဌမပိုင်း၌ ဆိုခဲ့သည့် အတိုင်း ဓာတ်ဖို ဓာတ်မ ရုပ်ဓာတ်နှင့် နာမ်ဓာတ်တွဲစပ်ပြီး၊ အာရုံဖြစ်နေပုံကား ပြင်ဗဟိဒ္ဓ၌သက်ရှိသက်မဲ့ အထည်ဝတ္ထုတို့၌ ပါရှိသောဓာတ် ၈-ပါးတွင် မျက်စိ၌ဝဏ္ဏဟုဆိုအပ်သော အဆင်း ပရမတ်က ရှေ့ဆောင်ပြီး၊ ရုပ်ဓာတ် ၈-ပါး ကလည်းရှိရမည်။ မိမိဟဒယနှလုံးမှ ပေါ်ထွက်လာသော ရူပါရုံ စက္ခုပသာဒ စက္ခုဝိညာဉ် မနော ဝိညာဉ်ဟု ဆိုအပ်သောဓမ္မ ၄-ပါးနှင့် နာမပညတ်၊ သဏ္ဍာနပညတ်၊ သမူဟပညတ်၊ သန္တတိပညတ်၊ ပညတ် ၄-ပါးပေါင်း ဆုံသော နာမ်ဓာတ် ၈-ပါးကလည်း ပေါ်နေသောရုပ် ဓာတ် ၈-ပါးနှင့် ပေါင်းဆုံမိမှ အဖြူ အမဲဟု ဆိုအပ်သော

မြင်စရာ အာရုံတလုံးဖြစ်ပေါ်လာသည်။ ရုပ်ဓာတ် ဂ-ပါးကလည်း အဖြူအမဲဟုဆိုအပ်သော မြင်စရာကို မဖြစ်စေနိုင်၊ သညာ ဝိညာဏ်ဟုဆိုအပ်သော နာမ်တရားကလည်း မမြဲ ပါရှိသော အာရုံတရားတို့ကို ဖော်မပြနိုင်၍ ပေါ်ရှိသော ရုပ်ဓာတ်နှင့်ပေါင်းဆုံပြီး ဖော်ပြရသည်။

**ဥပမာကား။** ယခုအခါ အသုံးပြု ထွန်းနေ ကြသော လျှပ်စစ် ဓာတ်မီးတို့မှာ ဓာတ်ဖို ဝိုင်ယာကြိုး တပင်နှင့် ဓာတ်မ ဝိုင်ယာကြိုး ၁-ပင်၊ကြိုးနှစ်ပင် လျှပ်စစ်ဘားသီး (လျှပ်စစ်မီးလုံး)၌ ဆုံး၍ မီးတောက်ပြီး မီးအလင်းရောင်ရဘိသကဲ့သို့မှတ်ပါ။

**ဥပမေယျကား။** ဓာတ်ဖို ဝိုင်ယာကြိုး ဆိုသည်ကား ဓမ္မ ၄-ပါးနှင့် ပညတ် ၄-ပါး ပေါင်းဆုံခြင်းက ဓာတ်ဖို ဝိုင်ယာကြိုးနှင့်တူသည်၊ ဓာတ်မ ဝိုင်ယာကြိုးဆိုသည်ကား ပေါ်ပြီး အပြုလုပ်ကိုခံနေရသောဓာတ် ဂ-ပါး ဃနရုပ်က ဓာတ်မ ဝိုင်ယာကြိုးနှင့် တူသည်၊ ဓာတ်ဖို့ ဓာတ်မ ၂-ခု ပေါင်းဆုံပြီး အဖြူ အမဲဟု ထင်ရှားစွာဖြင့် မြင်စရာဖြစ်လာသည်ကား ဘားသီး (ပ်လျှစ်စမီးလုံး)၌ မီးတောက်နှင့်တူသည်၊ ၎င်းအဖြူအမဲ၌ အဖြူကောင်းသည်ဟု ဣဋ္ဌာရုံ ပေါ်လာသည်က လူ့ဘုံ နတ်ဘုံ ဗြဟ္မာဘုံဆိုသည့် အထက်သံသရာ သုဂတိဘုံ ပေါ်လာသည်၊ အမဲ မကောင်းဟု အနိဋ္ဌာရုံ ပေါ်လာသည်က ငရဲ တိရစ္ဆာန် ပြိတ္တာ အသုရကာယ်အောက်သံသရာ ဒုဂ္ဂတိအပါယ် ၄-ဘုံပေါ်လာသည်။

ဤကဲ့သို့မြင်မှု၌ အထက် အောက် သုဂတိဘုံ၊ ဒုဂ္ဂတိဘုံ၊ ၃၁-ဘုံပေါ်လာသည်ကား မီးတောက်မှ မီးရောင်ပေါ်သည်နှင့်တူသည်။

ထိုကဲ့သို့အထက်သံသရာနှင့် အောက်သံသရာပေါ်လာသည်ကို မြတ်စွာဘုရားရှင်က ဓမ္မစကြာ တရားတော်၌ လက်ဝဲ-လက်ျာ အယုတ်တရား ၂-ပါး မမှီဝဲအပ်ဟု မိန့်ဆိုတော်မူခဲ့သည်။

**နောက်တနည်းကား** မိုဃ်းကောင်းကင်၌ အရှေ့ကလည်း မိုဃ်းတိမ်ရှိခိုက် **အနောက်**ကနေမှလည်း နေရောင်ခြည်ရှိဆဲ မိုဃ်းတိမ်နှင့် နေရောင် ပေါင်းဆုံမိလျှင် စို့သက်တင်ဟုဆိုအပ်သော သတင်းရေသောက် ဖြစ်ပေါ်လာဘိ သကဲ့သို့ ဓာတ်မ‌ှဟုဆိုအပ်သော ရုပ်ဓာတ်က မိုဃ်းတိမ်နှင့်တူသည်။ နေရောင်နှင့် မိုဃ်းတိမ်ပေါင်းစပ်၍ ပေါ်နေသောသတင်းရေသောက်က ဓာတ်ဖို့ဓာတ်မ ပေါင်းဆုံ၍ ဖြစ်နေသော အဖို-အမဲဟု ဆိုအပ်သော အာရုံနှင့်တူသည်။ မိုဃ်းတိမ်၌ သတင်းရေသောက် ဖြစ်ပေါ် လာရသည်။ ဖြစ်စေသည်ကား နေရောင်ပင်တည်း။ ဖြစ်ရသည်ကား ပေါ်တဲ့ဓာတ် ၈-ပါးမှာ ပြုလုပ်သောနေရောင် ချုပ်ပျောက်မှ မိုဃ်းတိမ်၌ သတင်းရေသောက် အဖြစ် ငြိမ်းဘိ သကဲ့သို့ ရုပ်ဓာတ် နာမ်ဓာတ်တို့၌လည်း ပြုလုပ်သော နာမ်ဓာတ်ချုပ်မှ အပြုလုပ်ခံ၍ဖြစ်နေသော ရုပ်ဓာတ်ငြိမ်းမည် ဖြစ်သောကြောင့် ပြုလုပ်သော နာမ်ဓာတ် ၈-ပါး ဥပါဒါနက္ခန္ဓာ ကိုယ်မှ ရုပ်နာမ်ပိုင်း ခန္ဓာပိုင်း၊ ပဋိစ္စသမုပ္ပါဒ်ပိုင်း ၃-ပိုင်း ပိုင်းပြီး

မဂ္ဂင် ၈-ပါး၊ သိက္ခာ ၃-ပါးဖြင့် ရုပ်နာမ် ပိုင်းကို သီလမဂ္ဂင်နှင့် တဒင်္ဂပဟာန်အားဖြင့် ပယ်သတ်ရခြင်း။

ခန္ဓာပိုင်းကို သမာဓိမဂ္ဂင်နှင့် ဝိက္ခမ္ဘန ပဟာန်အားဖြင့် ပယ်သတ်ရခြင်း။

ပဋိစ္စသမုပ္ပါဒ် ပိုင်းကို သမ္မာဒိဋ္ဌိ၊ သမ္မာ သင်္ကပ္ပ၊ ပညာမဂ္ဂင်နှင့် သမုစ္ဆေဒ ပဟာန်ဖြင့် ဥပါဒါနက္ခန္ဓာနှင့် အကြောင်းအကျိုးစပ်သော ပဥ္စက္ခန္ဓာ ၂-ပါးကိုမဂ်ဉာဏ်က သမုစ္ဆေဒပဟာန်ဖြင့် ပယ်သတ်၍ အကျိုး ပဥ္စက္ခန္ဓာကို ဖိုလ်ဉာဏ်က ပဋိပဿဒ္ဓိပဟာန်ဖြင့် ပယ်သတ်ပြီး အမိဝမ်းတွင်းကရရှိလာသော အကျိုးသက်သက် ပဥ္စက္ခန္ဓာကို နိဿရဏပဟာန်ဟု ဆိုအပ်သော နိဗ္ဗာန်ကသာ ပယ်သတ်နိုင်ကြောင်းကို ဓမ္မစကြာ တရားတော်၌ ရှင်တော်မြတ်ဘုရား ဟောဖော်ထားသောကြောင့် အကျိုး သက်သက် ပဥ္စက္ခန္ဓာကို ဝိပဿနာ မလုပ်ဘဲ ဥပါဒါနက္ခန္ဓာ ကိုမှ ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ဖြင့် ပယ်သတ်ရကြောင်းကို ယောဂါဝစရပုဂ္ဂိုလ်များအတွက် ဖော်ထုတ်၍ ရေးပြလိုက်ရသည် ဖြစ်ပါကြောင်း။

အမှာ။ ။ဥပါဒါနက္ခန္ဓာကို ကိလေသာ ခန္ဓာ ဟု မှတ်ပါ။

ရဇ္ဇုယောဂါ ဒါရုယန္တံ၊ သဗ္ဗာပါရံဝခါယတိ၊
ဧဝံသုညံနာမရူပံ၊ အညမညသမာယုတံ။

ရဇ္ဇုယောဂါ၊ ကြိုးနှင့်ပေါင်းမိခြင်းကြောင့်။ ဒါရုယန္တံ သစ်ယန္တရားရုပ်သည်။ သဗ္ဗာပါရံဇာဝ၊ သွား, ရပ်, က, ခုန်

ဗျာပါဒ ရှိပုံ ယောင်ယောင်။ ခါယတိယထာ၊ ထင်ရ သကဲ့သို့။ ဝေဝံတထာ၊ ထိုနည်းအလား ပုံမခြား သာလျှင်။ သည့်၊ သတ္တဇီဝဗျာပါဒ ကင်းဆိတ်သော။ နာမရူပ်၊ နာမ် ရုပ် ၂-ပါးသည်။ အညမညသမာယုတ်၊ အချင်းချင်းပေါင်း ယှဉ်ကြသည်ဖြစ်၍။ သဗျာပါရံဇုဝ၊ ယာပိုက် လေးရပ် လှုပ်ရှားတတ်သကဲ့သို့။ ခါယတိ၊ ထင်ရ၏။

ဤကဲ့သို့ သစ်သားရုပ်၌ က,ခုန်နိုင်ရန် ဗျာပါရ မရှိ သော်လည်း ကြိုးဆွဲဆရာ၏ ဗျာပါရကြောင့် ဖြစ်လာရပုံ ကား ကြိုးဆွဲဆရာ၏ သညာဝိညာဉ်တို့၌ ခြေက, လက်က, စသော အကမျိုးစုံရှိသော်လည်း ပွဲကြည့်သူတို့ မျက်မှောက် မြင်စရာမပြနိုင်၊ ရုပ်သေးရုပ်နှင့် ကြိုးဆွဲဆရာ၏ လက်နှင့် ၂-ဘက် ကြိုးဆက်မိသောကြောင့် ကြိုးဆွဲဆရာ၏ သညာ ဝိညာဉ်ထဲ၌ရှိသောအကမျိုးစုံကို ရုပ်သေးရုပ်တွင် ပေါ်လွင် ထင်ရှားအောင် ဖော်ပြနိုင်သဖြင့် ပွဲကြည့်သူတို့က "အရုပ် ပင်က,သည်" "က,သည်ပင်လျှင်အရုပ်" "အရုပ်၌က,ခြင်း ရှိသည်" က,ခြင်း၌ အရုပ်ရှိသည်ဟု အစွဲ ၄-ချက် စွဲထား သည်။

လူတို့သည် မီးကိုကြည့်ကြရာ၌ မီး၌ပေါ်ရှိသော မီး၏ အရောင်ကိုမြင်တဲ့အခါ "အရောင် ဆိုသည်ပင်လျှင်မီး" "မီးသည်ပင်လျှင်အရောင်" "အရောင်၌ မီးရှိ၏" "မီး၌ အရောင်ရှိ၏" မီးနှင့်မီးရောင်ကို မကွဲမပြား တသားတည်း တခုတည်းအားဖြင့် စွဲဆိုကြဘိသကဲ့သို့ ယခု လူတို့ တဦးကို တဦး ကြည့်ရှုကြရာ၌ ပရမတ်ဓာတ် ၈-ပါး၊ ရုပ်ကလာပ် တွေသမူဟပေါင်းစုနေ၍ ရှိနေသော လူသတ္တဝါနှင့် တကွ

ကျဲ, နွား, ဆင်, မြင်းစသော သတ္တဝါ ဟူသမျှတို့၌ ရှိရင်း အမှန်ဖြစ်ပေါ်သောဓာတ် ၈-ပါး၊ ရုပ်ကောင်ကို မမြင်ဘဲ မိမိတို့၏ ဥပါဒါန်အာရုံကိုမှ မြင်သည်ကို ဥပါဒါန်အာရုံဟု မသိ၍ အဟုတ်ရှိ တကယ်ရှိ ဖြစ်သောဓာတ် ၈-ပါး အပေါင်းအစု ဓာတ်ကောင်ကိုမြင်သည်ဟု သက္ကာယ ဒိဋ္ဌိ ဖြင့် စွဲလမ်းနေကြသောအကြောင်း ဥပါဒါနက္ခန္ဓာ ချုပ်မှ အကျိုးပဉ္စက္ခန္ဓာကို နိဿရဏ ပဟာန်အားဖြင့် ပယ်သတ် နိုင်သည်ဖြစ်၍ ဥပါဒါနက္ခန္ဓာကို ပယ်သတ်နိုင်ရန် အတွက် ဝိပဿနာ တရားကို နှလုံးသွင်း ကျင့်ကြံ အားထုတ်ကြ ရသည်။

ဤကဲ့သို့ သက်ရှိသက်မဲ့ ဝတ္ထုဟူသမျှ မြင်ရာ၊ ကြားရာ၊ နံလျက် တွေ့ထိသမျှတို့ ၌လည်း ပဉ္စက္ခန္ဓာနှင့် ဥပါဒါ နက္ခန္ဓာတို့သည် မီးနှင့်မီးရောင် ရှိဘိသကဲ့သို့ ၂-ထပ် ၂-မျိုး ရှိ၍ အမှန်ရှိသည်ကိုမမြင်၊ အမှားကိုသာ ထင်မြင်နေကြ သဖြင့် သညာ၊ စိတ္တ၊ ဒိဋ္ဌိဝိပလ္လာသတရား ၃-ပါး တို့နှင့် သံသရာ၌ နစ်မြုပ်နေကြရသည်ဟု မှတ်ပါ။

ဤကဲ့သို့ အထပ်ထပ်အလီလီ ဥပမာ ပမေးနှင့် အမျိုးမျိုး တပ်ဆင်၍ ပြောနေရခြင်းကား အရှင်ဖုသ ရဟန္တာ မထေရ်မြတ်၏ ဝေဖန်ချက်အတိုင်းဆိုလျှင် ခေတ် ၅-မျိုး၌--

၁။ ဝိမုတ္တိယုဂခေတ်။
၂။ သမာဓိယုဂခေတ်။
၃။ သီလယုဂခေတ်။
၄။ သုတ္တယုဂခေတ်။
၅။ ဒါနယုဂခေတ်။

ခေတ် ၅-မျိုးတို့တွင် ဝိမုတ္တိယုဂ ခေတ်က ဘုရားရှင် သက်ထက်ကစပြီး အနှစ် ၅၀၀-လောက် ထွန်းပေါ်ပြီး သမာဓိယုဂခေတ် ၅၀၀၊ သီလယုဂခေတ် ၅၀၀၊ သုတ္တယုဂ ခေတ်၅၀၀၊ဒါနယုဂခေတ် ၅၀၀၊နှစ်ပေါင်း ၂၀၀၀-တိတိ ဝိမုတ္တိယုဂခေတ် တိမ်မြုပ် သွားပါသဖြင့် ဓမ္မစကြာတရား တော်၌ ဥပါဒါနက္ခန္ဓာကို ပယ်သတ်သော ဝိပဿနာ အလုပ် ပျောက်ပျက် နေသောကြောင့် ယခု သာသနာ ၂၅၀၀-ကျော်လွန်၍ ဝိမုတ္တိ ယုဂခေတ်ဟောင်း တဖန် ပြန်လည်ပေါ်ထွန်းလာသဖြင့် ကျွတ်ထိုက်သော ဝေနေယျ တို့အား အလင်းရောင်ခေတ်ကြီးကို ဖွင့်ပေးလျက် နေသော ခေတ် တကာ့တကာမတို့ကလည်း ကံအား ဉာဏ်အား၊ပါ ရမီအား ပြည့်စုံ၍ ကြိုးကြိုက် နေတဲ့ အခါ ဥပါဒါနက္ခန္ဓာ တရားကို အတ္တ အနတ္တကွဲပြား၍ အသိဉာဏ်ပိုင်ပြီး အရိယာ မဂ်စခန်းဖြင့် ဝိမုတ္တိ ပန်းတိုင်ကို လှမ်းကိုင် နိုင်အောင် ကြိုးစားအားထုတ်ဖို့ဘဲ ရှိတော့သည်။

ယခင်ဆိုခဲ့ပြီးသော အန္ဓပုထုဇဉ်နှင့် ကလျာဏ ပုထုဇဉ် တို့ကို ဒေသနာကပြသွားသည့်အတိုင်းဆိုလျှင် အချို့ ပုဂ္ဂိုလ် တို့က စာပေကျမ်းဂန်ကိုတတ်မှ ဝိပဿနာ လုပ်နိုင်မည်ဟု ထင်မှားနေတတ်ကြသည်။ မထင်မှားရန်အတွက် သပ္ပုရိသ ဆရာ ဥပနိဿယကိုရလျှင် စာပေကျမ်းဂန်တို့ကို မတတ်သော် လည်း မဂ်ဖိုလ် ရနိုင်ကြောင်းကို ရှင်တော်မြတ် ဘုရား ဓမ္မပဒပါဠိတော်၌ ဟောတော်မူခဲ့သည်မှာ--

ဂမ္ဘေဉာတေပိ နောကာယေ၊ ဂါဟောဂါဟာတိ ပုဂ္ဂလံ။
ဂမ္ဘေဉာတေ အညာတေပိ၊ ကာယေ ဉာတေ ဝိဂစ္ဆတိ။

ဂန္ဓေ၊ ကျမ်းဂန်ပေစာ ပရိယတ္တိဒေသနာကို။ ညာတေပိ၊ တဖက်ကမ်းရောက် တတ်မြောက် ကျွမ်းကျင်သော်လည်း။ ကာယေ၊ သဘောညဏ်စွဲ ကိုယ့်စိတ်ထဲ၌။ နောညာတေ၊ ပရမတ် ရုပ်နာမ်ကို အဟုတ်အမှန် မသိသည် ရှိသော်။ ဂါဟော၊ တဏှာ မာန ဒိဋ္ဌိ ၃-ပါး ဂါဟ တရားသည်။ ပုဂ္ဂလံ၊ ပညတ်သိပြား ပုဂ္ဂိုလ်များကို။ ဂါဟတိ၊ ဖမ်းယူကိုက်စား မျိုဝါးလေ၏။

ဂန္ဓေ၊ ကျမ်းဂန်ပေစာ ပရိယတ္တိ ဒေသနာကို။ ညာတေပိ၊ တဖက်ကမ်းရောက် တတ်မြောက် ကျွမ်းကျင်သော်ငြား။ အညာတေပိ၊ တပုဒ် တဂါထာ တပါဒမျှ မသိသော်လည်း။ ကာယေ၊ သဘောညဏ်စွဲ ကိုယ့်စိတ်ထဲ၌။ ညာတေ၊ ပရမတ် ရုပ်နာမ်ကို အဟုတ်အမှန် သိရှိသော်။ ဂါဟော၊ တဏှာ မာန ဒိဋ္ဌိ ၃-ပါး ဂါဟတရားသည်။ ဝိဂစ္ဆတိ၊ တဖန် နောက်ထပ် မဝင်နိုင်ဘဲ ပြတ်စဲ ကင်းငြိမ်းရ လေတော့သတည်း။

ထို့အတွက်ကြောင့် ရှေးကျမ်းတတ်အမော် ဆရာတော်တို့က မိန့်ဆိုချက်ရှိသည်မှာ—

ကိုယ်မှာမတတ်၊စာမှာတတ်၊ ဂါဟတ်ကိုက်တတ်သည်။

စာမှာမတတ်၊ ကိုယ်မှာတတ်၊ဂါဟတ် ပြတ်တတ်သည်။

ဟု မိန့်ဆိုတော်မူချက် အတိုင်း စာပေ ကျမ်းဂန်ကို မတတ်မြောက်သော ပုဂ္ဂိုလ်များတို့ အားမလျော့ဘဲ လုံ့လကြိုးကုတ် အားထုတ်နိုင်ပါက မဂ်ဖိုလ်ရနိုင်ကြောင်းကို ဓမ္မပဒပါဠိတော်၌ မြတ်စွာဘုရား ဟောထားတော် မူခဲ့သည် ဖြစ်ကြောင်း။

## သောတာပန်ဖြစ်ရန် အင်္ဂါ ၄-ပါး

စတ္တာရိမာနိ ဘိက္ခဝေ သောတာပတ္တိ ယင်္ဂါနိ၊
ကတမေ စတ္တာရော၊ သပ္ပုရိသသံသေဝေါ၊
သဒ္ဓမ္မသဝနံ ယောနိသော မနသိကာရော။
ဓမ္မာနု ဓမ္မ ပဋိပတ္တိတိ။

ထေရာအပဒါန်

ဘိက္ခဝေ၊ အပါယ်ကင်းရန် သောတာပန်ကို အမှန်လိုလား အိုချစ်သားတို့။ စတ္တာရိ၊ ၄-ပါးသော တရားတို့သည်။ သောတာပတ္တိယင်္ဂါနိ၊ သောတာပန် ဖြစ်ကြောင်း ဘရားတို့တည်း။ ကတမေစတ္တာရော၊ အဘယ်တရား ၄-ပါး တို့နည်းဟူမူကား....။

၁။ သပ္ပုရိသသံသေဝေါ၊ ရုပ်နာမ် ခန္ဓာ သစ္စာနှင့် ခါတ် ပရမတ်ကို တတ်အပ်ထင်ထင် ကျွမ်းကျင် လိမ္မာသော သူတော်ကောင်းနှင့် ပေါင်းဖော်ရခြင်းတပါး။

၂။ သဒ္ဓမ္မသဝနံ၊ ထိုသူတော် ကောင်း၏ တရားကို ကြားနာရခြင်းတပါး။

၃။ ယောနိသော မနသိကာရော၊ အသင့်အတင့် ဆင်ခြင်နှလုံးသွင်းရခြင်းတပါး။

၄။ ဓမ္မာနုဓမ္မပဋိပတ္တိ၊ မဂ်နှင့် လျော်သော အကျင့်ကို ရောက်ခြင်းတပါး။

ဣတိစတ္တာရိ၊ ဤ ၄-ပါးသောအင်္ဂါတို့သည်၊ သောတာပတ္တိ ယင်္ဂါနိ၊ သောတာပန်ဖြစ်ခြင်း၏ အင်္ဂါ ၄-ပါး ပါ ပေတည်း ။

စာကြည့်တိုက်
ကမ္ဘာအေး၊ ရန်ကုန်
၁၀၆၉၀

ထို့ကြောင့် "သူတော်ဆည်းကပ်၊ မြတ်တရားနာ၊ သင့်ရာစိတ်ထား၊ မင်္ဂအားလျော်ဘိ၊ ဒိဋ္ဌိကိုခွါ၊ ဤ ၄-ဖြာ၊ သောတာပန်စစ် ဖြစ်ကြောင်းတည်း"ဟု ပညာရှိများ စပ်ဆိုထားကြလေသည်။

## သောတာပန် ဖြစ်ခြင်း၏ အင်္ဂါ ၄-ပါးကို ဉာဏ်စဉ်သွင်း၍ ဝေဖန်ချက်

၁။ သူတော်ကောင်းကို ဆည်းကပ်ခြင်း ဆိုသည်ကား နာမရူပ ပရိစ္ဆေဒဉာဏ်ကိုရအောင် ပြုလုပ်ရခြင်း တပါး။

၂။ သူတော်ကောင်းတရားကို ကြားနာရခြင်း ဆိုသည်ကား ပစ္စယပရိဂ္ဂဟဉာဏ်ကို ရအောင်ပြုလုပ်ရခြင်း တပါး။

၃။ အသင့်အတင့် နှလုံးသွင်းခြင်း ဆိုသည်ကား သမ္မသနဉာဏ် ဥဒယဗ္ဗယဉာဏ်တို့ကို ရအောင် ပြုလုပ်ရခြင်းတပါး။

၄။ ဓမ္မာနုဓမ္မပဋိပတ္တိ၊ မင်္ဂနှင့် လျော်သော အကျင့် ဆိုသည်ကား အနုဓမ္မဟု ဆိုအပ်သော ဘင်္ဂဉာဏ် ဘယဉာဏ် စသည့် အနုပဿနာဉာဏ် ၇-ပါးကို ရအောင် ပြုလုပ်ရခြင်းတပါး။

ဤသည်တို့ကား သောတာပန်ဖြစ်ခြင်း၏ အင်္ဂါ ၄-ပါး ပင်တည်း။

## ကလျာဏပုထုဇန်၏ လက်တွေ့နည်းကား

မိမိတို့၏ မျက်စိစသော ဒွါရ ငါးပေါက်တို့၌ ထင်လာသောအာရုံတရားတို့၌ ဥပါဒါနက္ခန္ဓာနှင့် ပဥ္စက္ခန္ဓာတို့ကို ကွဲကွဲပြားပြားသိပြီး ဥပါဒါနက္ခန္ဓာ နာမ်ရုပ်ကို အနတ္တ ဉာဏ်ဖြင့် ပယ်သတ်၍ ဥပါဒါနက္ခန္ဓာချုပ်ပြီး ပဥ္စက္ခန္ဓာငြိမ်း လျက် မြင်မှု ကြားမှုစသည်တို့၌ ရူပ္ပာရုံ အနိဋ္ဌာရုံ လက်ဝဲ လက်ျာပြတ်ပြီး မဇ္ဈိမ ပဋိပဒါကျလျက် သစ္စာ ၄-ပါးကို ယထာဘူတအသိဖြင့်သိလျှင် ကလျာဏပုထုဇဉ် ဖြစ်တော့ သည်၊ ကလျာဏပုထုဇဉ်ဖြစ်မှ အထက်စူဠ သောတာပန်၊ မဟာသောတာပန် ဖြစ်နိုင်ပါကြောင်း။

ဤသည်ကား ဒေသနာနည်းမှ လက်တွေ့နည်း ကောက် နုတ်ချက်ဖြစ်၍ အထက်က ပြဆိုခဲ့သည့် အတိုင်း ရုပ်နာမ် တရားတို့ကို မဇ္ဈိမပဋိပဒါ မဂ္ဂင် ၈-ပါး တရား လမ်းစဉ်သို့ တက်ရန်အတွက် အခြေခံတရားများကို ပြပေအံ့။

## ကာယကိုယ်နှင့် အတ္တကိုဝ် ကွဲပြားပုံ

အများသောသတ္တဝါအပေါင်းတို့သည် မိမိတို့၏ ကိုယ် ထည် ကိုယ်ကောင်ကို အမှိုပြုပြီး ငါဟု အတ္တ စွဲပြီးလျှင် လက်မောင်းတွေတန်းပြီး လက်မထောင်နေကြသည်။ ၎င်း အစွဲပျောက်လိုသောသူတို့မှာ မိမိကိုယ်၌ ကာယကိုယ်နှင့် အတ္တကိုဝ် ၂-ပါးကို ရှေးဦးစွာရှင်းလင်း၍ သိရဦးမည်။

ကာယကိုယ်ဆိုသည်ကား အပေါင်း အစုကိုယ်၊ အတ္တ ကိုဝ် ဆိုသည်ကား မိမိကိုယ်ပိုင် ဖြစ်ရှိနိုင်သည်ဟု အစွဲ သဘောကို အတ္တကိုဝ်ဟု ခေါ်သည်။ ၎င်းကိုယ် ၂-မျိုးတို့၌

ကာယကိုယ်မရှိဟု ဆိုလျှင် မိစ္ဆာ၊ အတ္တကိုဝ်ရှိလျှင် ဒိဋ္ဌိဖြစ်သောကြောင့် ကာယကိုယ်၌အတ္တ၊ အနတ္တကို ရှင်းလင်းစွာ သိရမည်ဖြစ်ကြောင်း။

## အတ္တ အနတ္တ ခွဲနည်း

ကာယကိုယ်၌ အတ္တ အနတ္တ ခွဲပုံ ခွဲနည်းကား ၃၂-ပါးသော ကောဋ္ဌာသဖြင့် အကျယ်ခွဲပုံ ခွဲနည်းတမျိုး၊ ၎င်း ၃၂-ပါးသော ကောဋ္ဌာသအစု၌ ထင်ရှားသော ကောဋ္ဌာသကား ၁-အရိုး၊ ၂-အကြော၊ ၃-အသား၊ ၄-အရေ အားဖြင့်အကျဉ်း ၄-ပုံ ၄-စုခွဲနည်းတမျိုး၊ မိမိတို့ကြိုက်သလို ပြုလုပ်နိုင်ပါသည်။

အတ္တစွဲပျောက်လိုသော သူတို့မှာအတ္တ ဆိုသည်ကား- "သယံ နိဝါသီ ကာရကော ဝေဒကော" ငါ့သဘောနှင့် ငါဖြစ်သည်။ ငါ့သဘောနှင့် ငါရှိသည်ဖြစ်နိုင်သလောဟု ကိုယ်၏ပတ်ဝန်းကျင်ကို ကြည့်လျှင် ၁-အရေ၊ ၂-အသား၊ ၃-အကြော၊ ၄-အရိုး၊ လေးထွေသော ကောဋ္ဌာသ အစုကို မြင်အောင်ကြည့်ပြီးလျှင် အရေကစပြီး တစုစီ တစုစီ ကုန်အောင်နှုတ်၍ကြည့်ရမည်။

ပဌမ အရေကို ကုန်အောင် နှုတ်ပစ်ရမည်၊ အရေကုန်လျှင် အသားကိုနှုတ်၊ အသားကုန်လျှင် အကြောကို နှုတ်၊ အကြောကုန်လျှင် အရိုးကိုနှုတ်ပစ်ရမည်။ အရိုးကုန်လျှင် ကိုယ်ထည် ကိုယ်ကောင်ကို ရှာမရဘဲ ပျောက်သွားလိမ့်မည်။

၁-အရေ၊ ၂-အသား၊ ၃-အကြော၊ ၄-အရိုး၊ လေးထွေသော ကောဋ္ဌာသကို နှုတ်သဖြင့် ကိုယ်ထည် ကိုယ်

ကောင် ပျောက်သွားလျှင် စဉ်းစားရန်မှာ ကောဋ္ဌာသ လေးခုကိုနုတ်လိုက်၍ ကိုယ်ထည် ကိုယ်ကောင် ပျောက် သွားရခြင်းသည် ကောဋ္ဌာသ လေးခုကို မှီ၍ ရှိနေသော အပေါင်းအစု အနတ္တကိုယ် ဖြစ်ကြောင်းကို ထင်ရှားစွာ သိရခြင်းကြောင့် မိမိပင်ကိုဖြစ်ရှိနိုင်သည်ဟု စွဲလမ်းသော အတ္တစွဲ ပြုတ်သွားရလေသည်။

ဥပမာကား-သစ်သား ကြိမ်၊ နွယ်၊ အုန်း၊ သက်ကယ် တို့ကိုပေါင်းစုပြီး ပေါ်လာသော ပုံသဏ္ဌာန်ကို အစွဲပြု၍ အိမ်၊ ကျောင်း၊ ဇရပ် ခေါ်ဆိုအပ်ဘိ သကဲ့သို့ ၁-အရိုး၊ ၂-အကြော၊ ၃-အသား၊ ၄-အရေ၊ လေးထွေသော ကောဋ္ဌာသတို့ ပေါင်းစုသဖြင့် ပေါ်လာသော သဏ္ဌာန် အရိပ် နိမိတ် လက္ခဏာကို အမှီပြု၍ လူ, နတ်, ဗြဟ္မာ, ကျွဲ, နွား, ဆင်, မြင်း စသည်ဖြင့် ခေါ်ဆိုခြင်းသာ ဟုမှတ်ကြ ပါကုန်။

မိမိကိုယ်၌ အတ္တစွဲ ပြုတ်လျှင် မိမိနှင့်တကွ သတ္တဝါ ကောင် အနန္တသုဉ်းဆိတ် သွားလိမ့်မည်။ သုဉ်းဆိတ်သွား လျှင် ကိုယ်ထည် ကိုယ်ကောင်၏ သဘာဝသည် ၁-အရိုး၊ ၂-အကြော၊ ၃-အသား၊ ၄-အရေ၊ လေးထွေသော ကော ဋ္ဌာသသာ အဟုတ်အမှန် ရှိသည်ဟုသိလျှင် အပေါင်းအစု ဖြစ်သော ကာယကိုယ်နှင့် အတ္တကိုဝ်၊ အတ္တအနတ္တ ရှုကြည့် နည်းတရပ်ပြီးပြီ။

ထိုကဲ့သို့ပြီးလျှင် ကာယကိုယ်မှထွက်လာသော သဘာဝ ကောဋ္ဌာသ ၄-ပါးကို တဖန် အတ္တစွဲလာ ပြန်သည်။ အတ္တ စွဲလျှင် ကောဋ္ဌာသ ၄-ပါးကိုပရမတ်ပညတ် ခွဲကြည့်ရမည်။

ပရမတ်၌ ရွှေကို ကြည့်ရာတွင် သူငယ်သိ၊ မိခင်သိ၊ ရွှေပန်းထိမ်သိ၊ ၃-မျိုးမှာ သူငယ်သိက ပြောင်ပြောင် ပြင်သဖြင့် ကောက်ယူခဲ့သည်။ မိခင်က ရွှေဟု သိသည်။ ရွှေပန်းထိမ်က မှူးရေနှင့်တကွ အဖိုးကို ပိုင်းဖြတ်၍ သိဘိ သကဲ့သို့ ပရမတ်ကိုသိရာ၌လည်း ၁-သညာသိက သူငယ် သိနှင့်တူသည်။ ၂-ဝိညာဉ် သိကလည်း မိခင် သိမျိုးသာ ဖြစ်သည်။ ၃-ပညာသိမှာ ရွှေပန်းထိမ်သည်ရွှေကိုခွဲခြား၍ သိဘိသကဲ့သို့ ပရမတ်၌အတ္တ၊ အနတ္တကိုပိုင်းဖြတ်၍ သိနိုင် သည်။ ထို ပရမတ် ၃-ပါး အပြားရှိရာ၌ **သညာသိ ပရမတ်** ဆိုသည်ကား ၁-မျက်စိ၊ ၂-နား၊ ၃-နှာခေါင်း၊ ၄-လျှာ၊ ၅-ကိုယ်ဟု ဆိုအပ်သော ပဉ္စပသာဒအားဖြင့် စမ်းသပ်၍ ရစကောင်းသော အရာဝတ္ထု ဟူသမျှကိုသာ သညာသိ ပရမတ်ဆိုခြင်းကြောင့် မိမိလက်ဖြင့် အရိုးကို စမ်းသပ်လျှင် ပျော့သည်ဟုတွေ့မည်။ မာ, ပျော့, ပထဝီ၊ ၎င်းနည်းတူ စမ်းသပ်လျှင် ပူ, အေး, တေဇော၊ ပေါင်းဆုံ လှုပ်ရှာ ဝါယော၊ ဖွဲ့စည်း, ယိုစီး, အာပေါ သညာသိဓာတ် ၄-ပါး ဖြစ်သည်။

ယခင်ဆိုခဲ့ပြီးသော မာပထဝီကို သေလာပထဝီကျောက် မြေ၊ ပျော့ပထဝီကိုပံသုပထဝီ ရွှံ့မြေဟုခေါ်သည်။ ကျောက် မြေနှင့် ရွှံ့မြေ တို့ကို ပင်လျှင် ၁-အရေ၊ ၂-အသား၊ ၃-အကြော၊ ၄-အရိုးဟု ခေါ်ဝေါ်ပညတ် သမုတ်ထား ခြင်းသာဟုသိလျှင် ပရမတ်နှင့် ပညတ်ကိုခွဲခြား၍ သိသည် မည်၏။

ပြင်မဟိဒ္ဓလောကၡ်လည်း သေလာပထဝီ၊ ပံသုပထဝီ၊ ကျောက်မြေနှင့် ရွှံ့မြေတို့ပင် ဖြစ်ကြသည်။ ပြင်မဟိဒ္ဓ၌ တော, တောင်, ရေ, မြေ, နေ, လ, နက္ခတ်, မြင်းမိုရ်, ရွှေ, ငွေ, စိန်, ကျောက်, သက်ရှိ သက်မဲ့ အရာဝတ္ထု ဟူသမျှ တို့သည် မာ, ပျော့ ပထဝီကို အမည်တပ်၍ အမျိုးမျိုး ခေါ်ဝေါ် ပညတ်သမုတ်ထားခြင်းသာဖြစ်သည်ဟုသိလျှင် ပရမတ်နှင့် ပညတ်တွဲစပ်၍ ရှိနေကြောင်းကို ထင်ရှားသိသည် မည်၏။

## ဝိညာဉ်သိ ပရမတ်ကို ရှာကြည့်ရန်နည်းကား

ယခင်ဆိုခဲ့ပြီးသော ၁-အရေ၊ ၂-အသား၊ ၃-အကြော၊ ၄-အရိုး၊ လေးထွေသော ကောဋ္ဌာသကို ပေါင်းစု၍ အမှုန့် ဖြစ်အောင် အဌကထာ ဆရာတို့ အလို အတိုင်း မြူလေးပါးဖြင့် ခွဲစိတ်ထုချေရမည်။

## မြူ ၄-ပါးဖြင့် ခွဲစိတ်ပုံကို အကျဉ်းပြချက်

၁-ရထရေဏုမြူ၊ ၂-တဇ္ဇာရီမြူ၊ ၃-အဏုမြူ၊ ၄-ပရမာဏုမြူ-ဟူ၍သို့အားဖြင့် ၄-မျိုးရှိရာ ရထရေဏုမြူ ဆိုသည်မှာ ယာဉ်ရထားတို့၏ လှည်းဘီးတွင် ကပ်ပါလျက် ရှိသော ဖုံမှုန့်ခေါ် အမှုန် ပမာဏရှိသော မြူမှုန်ကို ရထရေဏုမြူဟု ခေါ်သည်။ ၎င်းရထရေဏုမြူ၌ အကြောင်း ဥတုပထဝီဓာတ်နှင့် နာမပညတ်တို့ ပြဌာန်းသည်။

ရထရေဏုမြူကို မှတည်၍ ခွဲစိတ်ရမည်။ ထိုရထ ရေဏုမြူကို အစိတ် ငယ်ပေါင်း ၃၆-စိတ် ရအောင်စိတ်၊ ၁-စိတ်စာပမာဏကို တဇ္ဇာရီမြူဟု ခေါ်သည်။ တဇ္ဇာရီ မြူ ဆိုသည်မှာ လှည်း၊ ရထားတို့ သွားလာသော

အခါ ကောင်းကင်သို့ လွင့်ပျံ၍ တက်သော မြူမှုန့်ဖြစ်၏။ အကြောင်း အာဟာရ အာပေါ ဓာတ်နှင့် သဏ္ဌာန ပညတ်တို့ ပြဋ္ဌာန်းသည်။

တဇ္ဇာရီမြူ ၁-လုံးကို ၃၆-စိတ်ရအောင်စိတ်၊ ၁-စိတ် စာပမာဏကို အဏုမြူဟု ခေါ်သည်။ အဏုမြူ ဆိုသည်မှာ အိမ်နံရံပေါက် နေရောင်ရောက်လျှင် နေရောင်၌ လှိုင်းထ လျက်နေသော မြူမှုန့်ဖြစ်၏။ အကြောင်းစိတ် ဝါယော ဓာတ်နှင့် သမူဟ ပညတ်တို့ ပြဋ္ဌာန်းသည်။

အဏုမြူတလုံးကို ၃၆-စိတ် စိတ်၊ တစိတ်စာပမာဏကို ပရမာအဏုမြူခေါ်သည်။ ၎င်းသည် အငယ်ဆုံးသောမြူမှုန့် ဖြစ်၏။ အကြောင်းလေးပါးတို့တွင်ကား တေဇော ဓာတ်နှင့် သန္တတိပညတ်တို့ ပြဋ္ဌာန်းသည်။ ပရမာအဏုမြူ၌ ပရမတ် ဓာတ် ၈-ပါးရှိသည်ဟု အဘိဓမ္မာ ပိဋကတ်က ဆိုထား သည်။

**ဓာတ် ၈-ပါးဆိုသည်ကား**

၁-ပထဝီဓာတ်၊ ၂-အာပေါဓာတ်၊ ၃-ဝါယောဓာတ်၊ ၄-တေဇောဓာတ်၊ မဟာဘုတ်ဓာတ်ကြီး လေးပါးခေါ် ဘူတ ရုပ်ဓာတ်ကြီး လေးပါး ဖြစ်သည်။ မဟာဘုတ် ဓာတ်ကြီး လေးပါးကို အမှီရမှ ရှိနိုင်သော ဝဏ္ဏခေါ် အဆင်းဓာတ်၊ ဂန္ဓခေါ် အနံ့ဓာတ်၊ ရသခေါ် ရသဓာတ်၊ ဩဇာ ဓာတ်ဟု ဆိုအပ်သော ဉပါဒါ ရုပ်ဓာတ်ငယ် လေးပါးရှိသည်။

ဘူတရုပ် ၄-ပါး၊ ဉပါဒါရုပ် ၄-ပါး၊ ပေါင်းဓာတ် ၈-ပါးဘာစုကို ကလာပ်တစည်းဟု ခေါ်သည်။ ၎င်းပရမတ်

ခေတ် ၈-ပါး၊ ကလာပ် တစည်းကို ၁-စက္ခု ပသာဒ၊ ၂-သောတပသာဒ၊ ၃-ဃာနပသာဒ၊ ၄-ဇိဝှါ ပသာဒ၊ ၅-ကာယပသာဒဟု ဆိုအပ်သော ပဥ္စ ပသာဒတို့ဖြင့် စမ်းသပ်၍မရ၊ စိတ်ဝိညာဉ်ဖြင့်သာ သိနိုင် သောကြောင့် ဝိညာဉ်သိ ပရမတ် ခေါ်သည်။

ဝိညာဉ်သိပရမတ်သို့ ရောက်လျှင် ပဥ္စပသာဒဖြင့် အတွေ့အထိမှလွတ်နေသောကြောင့် သညာသိ ပျော့, မာ ပထဝီတို့နှင့် ပညတ်ဟူသမျှအကုန်လုံး သုဉ်းဆိတ်ပြီးလျှင် သက်ရှိသက်မဲ့ အရာဝတ္ထုဟူသမျှမှ ပေါ်ထွက်လာသော သဘာဝ ခေတ် ၈-ပါးကို ပညတ်မရှိ ပရမတ်သာ ရှိသည်ဟု ဝိညာဏ်သိ ပရမတ်ကိုစွဲလမ်းသော ပရမတ်အတ္တစွဲ ထွက်လာပြန်သည်။

ဂင်းဝိညာဉ်သိပရမတ်အတ္တစွဲပျောက်လိုလျှင် ဝိညာဉ်သိပရမတ်ခေတ် ၈-ပါးကို အနတ္တဆိုက်အောင် ကြည့်ရမည်။ ပရမတ်ခေတ် ၈-ပါး၌ ဘူတရုပ်ခေါ် ခေတ်ကြီးလေးပါး၊ ဥပါဒါရုပ်ခေါ် ခေတ်ငယ် ၄-ပါးရှိရာ၌ ခေတ်ငယ် ၄-ပါးကား ဘူတရုပ်ကိုအမှီရမှ ရှိနေရခြင်းကြောင့် မိမိပင်ကိုဖြစ်နိုင်တဲ့ အတ္တသဘော မရှိခြင်းကြောင့် အနတ္တဟု ထင်ရှားနေသည်။

"မီးတောက်ကိုစွဲ၍ မီးရောင်ဖြစ်ဘိသကဲ့သို့ မှတ်ပါ"။

ခေတ်ငယ် ၄-ပါး၊ အနတ္တ ဆိုက်လျှင် ခေတ်ကြီး ၄-ပါးကို တဖန်အတ္တစွဲလာပြန်သည်။ မဟာဘုတ်ခေတ်ကြီး ၄-ပါးကို အနတ္တဟု သိစေခြင်းငှာ မြတ်စွာ ဘုရားက ပဋ္ဌာန်း ပါဠိတော်၌ ဟောတော်မူခဲ့သည်မှာ-

ကော်မဟာဘူတံ ပဋိစ္စ တယော မဟာဘူတာ
တယောမဟာဘူတေ ပဋိစ္စ ကော်မဟာဘူတံ၊ ဒွေ
မဟာဘူတေ ပဋိစ္စ ဒွေ မဟာဘူတာ။

ကော်၊ တပါးသော။ မဟာဘူတံ၊ မဟာဘုတ်ကို။ ပဋိစ္စ၊ စွဲ၍။ တယော၊ သုံးပါးသော။ မဟာဘူတာ၊ မဟာဘုတ်တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။

တယော၊ သုံးပါးကုန်သော။ မဟာဘူတေ၊ မဟာဘုတ်တို့ကို။ ပဋိစ္စ၊ စွဲ၍။ ကော်၊ တပါးသော။ မဟာဘူတံ၊ မဟာဘုတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

ဒွေ၊ နှစ်ပါး ကုန်သော။ မဟာဘူတေ၊ မဟာဘုတ်တို့ကို။ ပဋိစ္စ၊ စွဲ၍။ ဒွေ၊ နှစ်ပါး ကုန်သော။ မဟာဘူတာ၊ မဟာဘုတ်တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။

ဓာတ် ၁-ပါးကိုစွဲ၍ ဓာတ် ၃-ပါး။
ဓာတ် ၃-ပါးကိုစွဲ၍ ဓာတ် ၁-ပါး။
ဓာတ် ၂-ပါးကိုစွဲ၍ ဓာတ် ၂-ပါး။

ဤကဲ့သို့ တဦးကိုတဦး ပစ္စည်းပြုနေရ ခြင်းသည် ကိုယ်ပိုင်ဖြစ်နိုင်သော အတ္တသဘောမရှိဘဲ အနတ္တ တရား ဖြစ်ခြင်းကြောင့် တဦးကိုတဦး အထောက်အပံ့ ပစ္စည်းပြုနေကြရခြင်းဖြစ်သည်။

## ကြည့်ရှုရန်နည်းကား

လက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်တို့ဖြင့် သုံးသပ်ဝေဖန်၍ ကြည့်ရမည်။

ဃနရုပ်၌ လက္ခဏာထင်ရှား ပြဋ္ဌာန်းသည်။
ကလာပရုပ်၌ ရသထင်ရှား ပြဋ္ဌာန်းသည်။

သဘာဝရုပ်၌ ပစ္စုပ္ပဋ္ဌာန်နှင့် ပဒဋ္ဌာန်ထင်ရှား ပြဋ္ဌာန်း သည်။

သဒ္ဒကို ကြားသဖြင့် အတ္ထ အနက်ကို သိရမည်ဟု ဆိုသောကြောင့်-

**ပထဝီ** ဆိုသည်ကား မိမိနှင့်အတူဖြစ်သော သဟဇာတ ရုပ်တို့၌အတည်ခံဖို့ကိစ္စရှိခြင်းကြောင့် ပထဝီဟု ခေါ်သည်။

**အာပေါ**ဆိုသည်ကား မိမိနှင့်အတူဖြစ်သော သဟဇာတ ရုပ်တို့၌ ကပ်ပေးရန် ကိစ္စရှိခြင်းကြောင့် အာပေါဟု ခေါ် သည်။

**ဝါယော** ဆိုသည်ကား မိမိနှင့် အတူဖြစ်သော သဟ ဇာတ်ရုပ်တို့၌ ပေါင်းပေးရန် ကိစ္စရှိခြင်းကြောင့် ဝါယော ဟု ခေါ်သည်။

**တေဇော** ဆိုသည်ကား မိမိနှင့် အတူဖြစ်သော သဟ ဇာတ်ရုပ်တို့ ရင့်ကျက်စေဖို့ကိစ္စရှိခြင်းကြောင့် ဝါယောဟု ခေါ်သည်။

ပထဝီဓာတ် အတည်ခံသည်ဟု ဆိုရာ၌ သဟ ဇာတ် ဖြစ်သော တေဇောက ရင့်ကျက်စေမှ အတည်ခံ ကိစ္စကို ဆောင်ရွက်နိုင်သည်။ ပထဝီ၌ တည်ရမှ တေဇောကလည်း ရင့်ကျက်မှုကိစ္စကို ဆောင်နိုင်သည်၊ သူတို့ဓာတ် ၂-ပါး တဦးကိုတဦး ပစ္စည်း ပြုနိုင်ရန် ဝါယောက တေဇော ဘက်ကနေပြီး ပေါင်းပေးရသည်။ အာပေါက ပထဝီ ဘက်ကနေပြီး ကပ်ပေးရခြင်းကြောင့် ဓာတ် ၄-ပါး ပေါင်း နေရသည်၊ ပေါင်းနေရခြင်းက ဝါယောကိစ္စ ခွဲခြားလို့ မရခြင်းက အာပေါကိစ္စဖြစ်သည်။

ဓာတ် ၄-ပါးတို့သည် မိမိတို့ပြုလုပ်မှု ကိစ္စကို မိမိတို့က ဆောင်ရွက်နေရခြင်းကြောင့် ဓာတ် ၁-ပါးဖြစ်က ဓာတ်ကြီး ၄-ပါးဖြစ်လာရသည်။ ဓာတ်ကြီး ၄-ပါး ဖြစ်လျှင် ပထဝီမှ အဆင်းထွက်လာသည်။ အာပေါမှရသ၊ ဝါယောမှ အနံ့၊ တေဇောမှ ဩဇာဓာတ် အသီးသီး ထွက်ကြသဖြင့် ဓာတ် ၈-ပါး ဖြစ်လာရသည်။ ဤကဲ့သို့ ဖြစ်ခြင်းကြောင့် ကလာပ်တစည်း၌ ရှိသော ပရမတ်ဓာတ် ၈-ပါးကို အဝိနိဗ္ဘောဂရုပ် ခေါ်သည်ဟု သိကြပါကုန်။

ပထဝီ ဓာတ်သည် သဟဇာတ် ဖြစ်သော အာပေါ၊ ဝါယော၊ တေဇော၊ ၃-ပါးသော ဓာတ်တို့၌ အတည်ခံ ကိစ္စကိုဆောင်ရွက်၍ နေရပါတကားဟု ယောဂီ၏ ဉာဏ်ဝမှာ ထင်လာသည်။ ၎င်းယောဂီ၏ ဉာဏ်ဝမှာ ထင်လာသော ပထဝီဓာတ်၏ ပစ္စုပဋ္ဌာန်ကို မြင်သည်နှင့် တပြိုင်နက် မှီ၍နေသော ဓာတ်သုံးပါးသည် နီးစွာသောဖြစ်ကြောင်း ပဒဋ္ဌာန်မည်၏။ ဓာတ် ၃-ပါးတို့၏ ပဒဋ္ဌာန်ကို မြင်ခြင်းကြောင့် ၎င်းပထဝီဓာတ်၌ ဓာတ် ၃-ပါးကို မှီ၍ နေခြင်းသည် အနတ္တမည်၏။ သူတပါးကို မှီနေရသည်ဟု မြင်လျှင် မိမိပင်ကိုဖြစ်နိုင်တဲ့ အတ္တသဘော သုဉ်းဆိတ် နေသောကြောင့် သုညတ အနတ္တ။

ပထဝီဓာတ်၏ သုညသဘောကို မြင်လျှင် ဓာတ် ၃-ပါးလည်း တည်ရာ မှီရာမရှိသဖြင့် သုဉ်းဆိတ်လို့ သွားရခြင်းကြောင့် သုညတအနတ္တမည်၏။

မဟာဘုတ် ဓာတ်ကြီး ၄-ပါး သုညတ အနတ္တ၌ ဦးခေါင်းကျသွားလျှင် ဥပါဒါရုပ် ဓာတ်ငယ် ၄-ပါးကို

လည်း အဘယ်မှာဆိုဘွယ်ရာ ရှိအံ့နည်း။ သုညတ အနတ္တ၌ပင် ဦးခေါင်းကျရလေတော့သည်။ ဓာတ် ၈-ပါးကလာပ်တစည်း၌ သုညတအနတ္တကိုမြင်မှ ပညာသိပရမတ်။

ပညာသိပရမတ် အနတ္တကိုမြင်မှ ပြင်ဗဟိဒ္ဓ လောက၌ဖြစ်တရားရှိသည်ဟု စွဲယူသောဒိဋ္ဌိအစွဲကြမ်း ပြုတ်ကျ၍သွားလေတော့သည်။ ၁-သညာသိ ပရမတ်၊ ၂-ဝိညာဉ်သိပရမတ်၊ ၃-သညာသိ ပရမတ်၊ပညတ် ပရမတ်ခွဲခြမ်းခြင်းတရပ် အပြီးသတ်လိုက်ပြီ။

မှတ်ချက်။ ။သုဉ်းဆိတ် ဆိုသောစကားသည် သဘာဝဓာတ် ၁-ပါး၌ ပညတ်သုဉ်း၍ ပရမတ်ဆိတ်နေသည်ကို သုဉ်းဆိတ်သည်ဟုသိကြပါကုန်။

ပြင်ဗဟိဒ္ဓ သက်ရှိ သက်မဲ့ အထည်ဝတ္ထု ဟူသမျှ တို့၌ဖြစ်ရှိ မရှိကိုသိလို၍ မြူ ၄-ပါးဖြင့် ထုချေ၍ ရှာလိုက်ရာအလုံးစုံသော အထည်ဝတ္ထုတို့၌ သဘာဝက ဖြစ်မရှိသောဓာတ် ၈-ပါးသာရှိသည်။ ၎င်းဓာတ် ၈-ပါး၌လည်း ငြိမ်းဧသော သန္တိဓာတ် သဘောကိုသာ တွေ့ရသဖြင့် ပုဂ္ဂိုလ်သတ္တဝါပျောက် ဓာတ် ၈-ပါး အနတ္တ ဆိုက်ရောက်၍အလုပ်ကိစ္စပြီးပြီဟု ထင်မှားတတ်ကြသည်။

အရေးကြီးသော ဖြစ်တရားခံ ဉပါဒါနက္ခန္ဓာ ကြွင်းကျန်ခဲ့သည် ဖြစ်သောကြောင့် လောကကို ပြန်ပြီး တည်ထောင်၍ကြည့်ရသည် ဖြစ်ပါကြောင်း။

* (ပြင်ငြိမ်းသော်လည်း အတွင်း မငြိမ်းသေး)။
သမုတိသစ္စာနယ် ဝိညာဏ်သိ လောကပြင် ဗဟိဒ္ဓ။
ရုပ်တရား၌ ဖြစ်တရားပေါ်လာပုံကို ပြပေအံ့။

ရုပ် ၃-မျိုးကို သိရမည်၊ ရုပ် ၃-မျိုး ဆိုသည်ကား.... ၁-သဘာဝရုပ်၊ ၂-ကလာပရုပ်၊ ၃-ဃနရုပ်၊ သဘာဝရုပ်၌ ဓာတ်တပါးသည် ဓာတ်သုံးပါးနှင့် ဆက်စပ်မှု တည်းဟူသော သန္တတိပညတ်နှင့် ပေါင်းခြင်းကြောင့် ကလာပရုပ် ဖြစ်လာသည်။ ကလာပရုပ်ဟု ဆိုအပ်သော ပရမတ်ဓာတ် ၈-ပါး ကလာပ်တစည်း၌ အာကာသပရိစ္ဆေဒ ဖြစ်၍ အာကာသ ဆွဲဆောင်မှုကြောင့် အပေါင်း တည်းဟူသော သမူဟ ပညတ် ဖြစ်လာသည်။ သမူဟ ပညတ်ကြောင့် ကလာပရုပ်မှ ဃနရုပ် ဖြစ်လာသည်။ အစိုင်အခဲ ဃနရုပ် ဖြစ်လျှင် ၁-ဥတုနိယာမ၊ ၂-ဗီဇနိယာမ၊ ၃-စိတ္တ နိယာမ၊ ၄-ကမ္မနိယာမ၊ ၅-ဓမ္မနိယာမ တည်းဟူသော နိယာမ တရားငါးပါး ပါဝင်လာသောကြောင့် လောကကြီး တခု ဖြစ်ပေါ်လာလေသည်။

ယခင်ဆိုခဲ့ပြီးသော ဃနရုပ်မှ မျက်စိ၌ ရူပရုပ်၊ နား၌ သဒ္ဒရုပ်၊ နှာခေါင်း၌ ဂန္ဓရုပ်၊ လျှာ၌ ရသရုပ်၊ ကာယ၌ အတွေ့ဖောဋ္ဌဗ္ဗရုပ် ပေါ်လာသည်။ မနေ၌ ဓမ္မဓာတ် ပေါ် လာသည်။ ပေါ်သည့် အတိုင်းသာ ထားနိုင်လျှင် ဖြစ် သဘော မရှိသေးသောကြောင့် မြတ်စွာဘုရားက အရှင် ဒါရုစိကို-

"ဒိဋ္ဌေ ဒိဋ္ဌမတ္တံ၊ သုတေ သုတမတ္တံ၊ မုတေ မုတ္တ မတ္တံ၊ ဝိညာတေ ဝိညာတ မတ္တံ"ဟု ဟောတော်မူသည်။

ဒိဋ္ဌေ၊ မြင်သည်ရှိသော်။ ဒိဋ္ဌမတ္တံ၊ မြင်ကာမတ္တမျှသာ။ သုတေ၊ ကြားသည်ရှိသော်။ သုတမတ္တံ၊ ကြားကာ မတ္တမျှသာ။ မုတေ၊ ထိသည်ရှိသော်။ မုတမတ္တံ၊ ထိကာ မတ္တမျှသာ။ ဝိညာတေ၊ သိသည်ရှိသော်။ ဝိညာတမတ္တံ၊ သိကာ မတ္တမျှသာ ဟောတော် မူသောကြောင့် ဖြစ်တရား မရှိနိုင်သေးသဖြင့် သင်္ခတပရမတ်ခေတ် ၈-ပါးတို့သည် ဘယ်လိုပင်ဆက်စပ်ပေါင်းစု သော်လည်း ဖြစ်မရှိ နိုင်တဲ့ ပေါ်သဘောသာ အမှန်ရှိပါတကားဟု ယောဂီတို့၏ ဉာဏ်၌ ထင်လင်းစွာ သိရှိထားခဲ့ရမည် ဖြစ်ပါကြောင်း။

ပေါ်သဘော၌ သဏ္ဌာန်၊ အရိပ်၊ နိမိတ်၊ လက္ခဏာကို ကြည့်၍ အမည်နာမ ခေါ်ဝေါ်စရာ အမျိုးမျိုးကို ကမ္ဘာဦးသူလူတို့က သဏ္ဌာန်နှင့် အမည်ကိုတပ်၍ သမုတ်သတ်မှတ်လိုက်သောကြောင့် သမုတိသစ္စာ ခေါ်ဝေါ်စရာ အဖြူ၊ အမဲ၊ မွှေးသည်၊ မုတ်သည်၊ ချိုသည်၊ ချဉ်သည်၊ မာသည်၊ ပျော့သည် သူ့အမည်နှင့် သူ့သဏ္ဌာန် အသီးသီးကို သညာ ဝိညာဏ် ရှိသူတို့က ဃနရုပ်တွင် တံဆိပ် ခပ်နှိပ်၍ ပြောလိုက် ခြင်းကြောင့် နောက် ကြားသူ၊ မြင်သူတို့၏ သညာ ဝိညာဏ်၌ နာမနှင့် သဏ္ဌာန်တို့သည် ဝိညာဏ်၌ သဏ္ဌာန်၊ သညာ၌ နာမကပ်ကိန်းဝပ်၍ ရှိနေ ခြင်းကြောင့် ကာယ ပသာဒနှင့် ဖောဋ္ဌဗ္ဗ ခေတ်တို့ တိုက်ဆုံ မိလျှင် ကာယပသာဒ၌ ကာယဝိညာဉ်ဟု ဆိုအပ်သော သညာ အမှတ် သဘောနှင့် မနောဝိညာဏ် အသိ သဘော ၂-ပါးပေါင်းဆုံမိက ကာယ အကြည်ဖြစ်ပြီး သူတို့ သုံးခု ပေါင်းဆုံပြီးလျှင် ဖောဋ္ဌဗ္ဗာရုံကို ပြန်ပြီး ထုတ်လိုက်သည်။

ဖောဋ္ဌဗ္ဗာရုံဟု ဆိုအပ်သော မာ၊ ပျော့ သဘောသည် ဖြစ်တရားမရှိသော ဃနရုပ်၌ ဖြစ်ပေါ်လာခြင်းကို သိပါ။

ဤကဲ့သို့ကာယပသာဒနှင့် ဖောဋ္ဌဗ္ဗာဓာတ်တို့ တိုက်ဆုံမိတိုင်း သွင်းရှိထားသောအာရုံတရားတို့သည် "နွားများအစာ စမြုံ့ပြန်သလို" ပြန်ကာ ပြန်ကာထွက်လာ ခြင်းကြောင့် ထပ်တလဲလဲ ဖြစ်နေရသည်ဟု သိကြပါကုန်။

ကျန်တဲ့ ၁-မျက်စိ၊ ၂-နား၊ ၃-နှာခေါင်း၊ ၄-လျှာ၊ ၅-မနတို့၌လည်း ၎င်းနည်းအတိုင်း သိကြပါကုန်။ ဖောဋ္ဌဗ္ဗာဓာတ်နှင့် ဖောဋ္ဌဗ္ဗာရုံ၊ ရူပဓာတ်နှင့် ရူပါရုံ၊ သဒ္ဒဓာတ်နှင့် သဒ္ဒါရုံ၊ ဂန္ဓဓာတ်နှင့် ဂန္ဓာရုံ၊ ရသဓာတ်နှင့် ရသာရုံများတို့သည် ပေါင်းဆုံမိခြင်းကြောင့် သဏ္ဍာန်၊ အရိပ်၊ နိမိတ်၊ လက္ခဏာအသီးသီးတို့ကို အမှိုပြုပြီးမှ သညာ ဝိညာဏ်တို့က တဖန် ပညတ်အမျိုးမျိုး အရိုးအသားမှစ၍ သတ္တဝါအနန္တနှင့် တော, တောင်, ရေ, မြေ, နေ, လ, နက္ခတ်, ကမ္ဘာ, လောက စကြဝဠာအနန္တတို့ဖြစ်လာကြောင်း ဤသည်ကား ဖြစ်တရား ပေါ်လာပုံ အခြင်းအရာတည်း။

## ယောဂီများ သတိပြုရန်မှာ

သတ္တဝါတို့၏ မြင်လာမှု အာရုံ ဟူသမျှသည် အဆင်း ရူပဓာတ်၌ ပေါ်လာသော ဥပါဒါန်အာရုံကိုမှ မြင်သည်၊ ကြားမှု၊ နံမှု၊ လျက်မှုတို့၌လည်း မိမိတို့၏ ဥပါဒါန် အာရုံကိုမှ ကြားသည်၊နံသည်၊လျက်သည်၊ကာယ ဝိညာဏ်ကတွေ့ သမျှလည်းရှိသော ဖောဋ္ဌဗ္ဗာဓာတ်၌ဥပါဒါန်ကြောင့် ပေါ် လာသော ဖောဋ္ဌဗ္ဗာရုံကိုမှ တွေ့ထိသည်ဟု သိကြပါကုန်။

ဤကဲ့သို့ဖြစ်ခြင်းကြောင့် သူ့နဂို ဖြစ်သဘော မရှိသော ဃနရုပ်၌ ဖြစ်သဘောမရှိဘဲ ပေါ်နေသည်ကို ဖြစ်သဘော ဖြစ်အောင် ပြုလုပ်တတ်သော တရားတို့ကား ပဋ္ဌာရုံ၊ ပဋ္ဌဒွါရ၊ ပဋ္ဌဝိညာဏ်၊ မနောဝိညာဏ်၊ ဤတရား လေးပါး တို့ပင်တည်း။ ၎င်းတရား လေးပါးတို့က ပြုပြင်မှု ရှိခြင်း ကြောင့် ရူပဓာတ်၊ သဒ္ဒဓာတ်၊ ဂန္ဓဓာတ်၊ ရသဓာတ်၊ ဖောဋ္ဌဗ္ဗဓာတ်တို့မငြိမ်းဘဲ ဖြစ်နေရသည်။

ရူပါရုံချုပ်မှ ရူပဓာတ်ငြိမ်းမည်၊ သဒ္ဒါရုံချုပ်မှ သဒ္ဒ ဓာတ်ငြိမ်းမည်၊ ဂန္ဓာရုံချုပ်မှ ဂန္ဓဓာတ် ငြိမ်းမည်ဖြစ်သော ကြောင့် အာရုံ ငါးပါးကို ပယ်သတ်နိုင်တဲ့ အလုပ်မှ ဝိပဿနာအလုပ်ဖြစ်ကြောင်း၊ အပြုလုပ် ခံရသော တရား (ရူပဓာတ်)ကို ပြုလုပ်သော တရားသည်ကား (ရူပါရုံ) ဖြစ် သည်၊ တရားလို (ရူပဓာတ်)နှင့် တရားခံ (ရူပါရုံ)ကို အတိ အကျသိမှ ဝိပဿနာခုံရုံးဖွင့်ရမည်ဖြစ်ကြောင်း။

## ရူပဓာတ်နှင့် ရူပါရုံ ကွဲပြားပုံ

ရူပဓာတ် ဆိုသည်ကား ဃနရုပ်တွင် ပါရှိ၍ မျက်စိ၌ ပေါ်လာသည့် ဝဏ္ဏဟု ဆိုအပ်သော အဆင်း ပရမတ်ကို ရူပဓာတ်ဟု ခေါ်သည်။

မျက်စိ၌ပေါ်ရှိသော ရူပဓာတ်ကိုအမည်တပ်၍ ကမ္ဘာ ဦးသူတို့က ပြောသောစကားကို ကြားသူတို့စိတ်က သိပြီး သညာက မှတ်ထားလိုက်ခြင်းကြောင် သညာ ဝိညာဏ် ထဲ၌ အာရုံအဖြစ်ဖြင့် ဝင်ရောက်ရှိသော နာမပညတ် ရှိ၍ မျက်စိ၌ အဆင်းတိုက်ဆုံလျှင် သညာ ဝိညာဏ် တို့သည်

စက္ခုပသာဒ၌ ပေါင်း ဆုံကြပြီးလျှင် သညာက အမှတ်ပေါ်၍ ဝိညာဏ်ကရူပဓာတ်ကို အဖြူအမဲဟု သိလိုက်ခြင်းကိုပင် ရူပါရုံဟု ပေါ်သည်။

ရူပဓာတ်၏ အမည်နာမ ပညတ်သည် သညာဝိညာဏ်၌ အာရုံနှင့် အာရမ္မဏိက အဖြစ်ဖြင့် ဝင်ရှိ၍ ရူပဓာတ်၏ အမည်နာမ ပညတ်ကို ရူပါရုံခေါ်သည်ဟု သိကြပါကုန်။

ရူပဓာတ်က စက္ခုပသာဒ၌ ပေါ်လာသော ဝဏ္ဏဟု ဆိုအပ်သော အဆင်းပရမတ် ၎င်းအဆင်းပရမတ် ရူပဓာတ်ကို စက္ခုဝိညာဏ်က ဒဿန ကိစ္စမတပ်နိုင်၊ (ဝါ) အာရုံမယူနိုင်၊ အမည်နာမ ပါသော ရူပါရုံကိုမှ စက္ခုဝိညာဏ်က ဒဿနကိစ္စတပ်နိုင်သည်၊ (ဝါ) အာရုံ ယူနိုင်သည်၊ (ပရိယတ်အဆို) ရူပါရုံက စက္ခုဒွါရအတိမဟန္တာရုံ ဝီထိစိတ်၌ ပါလာသော အာရုံဖြစ်၍ စိတ္တက္ခဏ ၁၇-ချက် စိတ္တက္ခဏ တချက်၌ဥပါဒ်၊ ဌီ၊ ဘင် ခဏငယ် (၃) ချက်ရှိ၍ ပေါင်းခဏငယ် (၅၁)ချက်၊ စိတ်အသက်ရှိသော ရုပ်ဖြစ်သည်။ ရူပဓာတ်ကစိတ်နှင့်ကင်း၍ စိတ်အသက်မရှိသောရုပ်ဖြစ်သည်၊ အသက်မရှိသော ရူပဓာတ်နှင့် အသက်ရှိသော ရူပါရုံ ရုပ်ကိုခွဲခြား၍ သိပါ။

နာမပညတ်နှင့်ကင်း၍ ရူပါရုံမဖြစ်နိုင်၊ ရူပါရုံနှင့်ကင်း၍ နာမပညတ်မဖြစ်နိုင်၊ ၎င်းရူပါရုံနှင့် နာမပညတ် ၂-ခု ပေါင်းဆုံမှ ထင်ရှားခြင်းကြောင့်ဥပာဒ်ပြဋ္ဌာန်း၍ ထင်ရှားစွာ အာရုံဖြစ်ပြီးလျှင် ဖြစ်သဘော ပေါ်လာ ရသည်၊ သူတို့ ၃-ဦး၌ အစဉ်သဘောဆက်သွယ်လို့ ရှိကြသည်မှာ-

"ရူပါရုံ၌ စက္ခုပသာဒ စက္ခုဝိညာဏ် မနောဝိညာဏ်"
"နာမပညတ်၌ သဏ္ဌာနပညတ်၊ သမူဟပညတ်၊ သန္တတိ ပညတ်"
"ဥတု၌ အာဟာရ စိတ်၊ ကံ"

ပရမတ် လေးပါးက အဝိဇ္ဇာ။
ပညတ်လေးပါးက တဏှာ။
အကြောင်းလေးပါးက ကံ။

ဤသုံးပါး ပေါင်း၍ မွှေလိုက်ပါက တဦးထံတဦး ဝင်ပြီး တဦးတည်း၌ ရောပြီးလျှင် အဝိဇ္ဇာ၊ တဏှာ၊ ကံ-ဟု ပေါင်းပြီး ဖြစ်လာကြသည်။ သူတို့သုံးဦး ပေါင်းဆုံ ခြင်း သည် ဖြစ်တရားအမှန်တည်း၊ ထို့ကြောင့် မြတ်စွာဘုရား ရှင်သည် ဓမ္မစကြာတရားတော်အဆုံး၌ နိဂုံးချုပ် ပြီးလျှင် အသျှင်ကောဏ္ဍညတို့အား ဟောတော်မူခဲ့သည်မှာ-

ယံကိဉ္စိ သမုဒယဓမ္မံ သဗ္ဗန္တံ နိရောဓ ဓမ္မန္တိ။

ယံကိဉ္စိ၊ အလုံးစုံသော ပဋိစ္စသမုပ္ပါဒ် တရားအစုသည်။ သမုဒယဓမ္မံ၊ ဖြစ်ခြင်း သဘောဟူသောကံ တဏှာ အဝိဇ္ဇာ သာလျှင်ရှိ၏။ တံသဗ္ဗံ၊ ထိုဖြစ်ခြင်းသဘောရှိသော အဝိဇ္ဇာ တဏှာ ကံ တရား ဟူသမျှတို့သည်။ နိရောဓ ဓမ္မံ၊ ချုပ်ခြင်း သဘောရှိ၏။ ဣတိ၊ ဤသို့။ ဥဒပါဒိ၊ ထင်ရှားကေန် အမှန် ဖြစ်တော်မူ၏။

ဤကဲ့သို့ဖြစ်ခြင်းနှင့် ချုပ်ခြင်းကို အပိုင်သိသွား သဖြင့် အရှင် ကောဏ္ဍညသည် တရားအဆုံး၌ သောတာပန်ဖြစ်၍ နောက် ရဟန်း လေးပါး ဖြစ်သော ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနံ၊

အသာဇိတို့သည်လည်း တနေ့တပါးကျစီအားဖြင့် ငါးပါး စလုံး သောတာပန် ဖြစ်ကြရပါသည်။

ဖြစ်တရားကို ချုပ်အောင်ပြုလုပ်မှုကို ဝိပဿနာ တရား ဟု ဆိုခြင်းကြောင့် ဝိပဿနာတရားကို အားထုတ်လိုသော ယောဂါဝစရပုဂ္ဂိုလ်တို့သည်ငှင်း၊ အဝိဇ္ဇာတဏှာ ကံတရား သုံးပါးကို ရှင်းလင်းစွာ သိသာရန် အောက်၌ ဇယား ချ၍ ဖေါ်ပြပေအံ့။

ရူပါရုံ စက္ခုပသာဒ စက္ခုဝိညာဏ် မနောဝိညာဏ်
သဒ္ဒါရုံ သောတပသာဒ သောတဝိညာဏ် မနောဝိညာဏ်
ဂန္ဓာရုံ ဃာနပသာဒ ဃာနဝိညာဏ် မနောဝိညာဏ်
ရသာရုံ ဇိဝှါပသာဒ ဇိဝှါဝိညာဏ် မနောဝိညာဏ်။
ဖောဋ္ဌဗ္ဗာရုံ ကာယပသာဒ ကာယဝိညာဏ် မနောဝိညာဏ်။

ငှင်းအာရုံ ငါးပါးတို့တွင် မိမိကြိုက်တဲ့အာရုံတပါးကို ပယ်သတ်နိုင်ပါက ငါးပါးစုံသေနိုင်သည်။

ပဉ္စာရုံ ပဉ္စဒွါရ ပဉ္စဝိညာဏ် မနောဝိညာဏ်။
နာမပညတ်သဏ္ဌာနပညတ် သမူဟပညတ် သန္တတိပညတ်။
ဥတု အာဟာရ စိတ် ကံ

### ပရမတ်နှင့်ပညတ်ကိုမှု ၄–ပါးနှင့်ခွဲစိတ်၍ အကျယ်ပြခြင်းတမျိုး

နာမရူပ ပရိစ္ဆေဒဉာဏ်၌ ပရမတ်ပညတ်ခွဲပုံ ခွဲနည်းက အတွင်းဝင်၍ပါနေခြင်းကြောင့် နာမရူပ ပရိစ္ဆေဒဉာဏ်က စပြီး လုပ်လျှင်လည်း ပရမတ် ပညတ်ခွဲခြင်း ပြီးစီးနိုင်ပါ၏။

ရှင်တော် မြတ်ဘုရားသည် ဓမ္မစကြာ တရားတော်၌ မဇ္ဈိမပဋိပဒါ ဖြစ်သောမဂ္ဂင် ၈-ပါး တရားလမ်းစဉ်ကို အကျိုးငါးပါး ထုတ်ပြီးဟောတော် မူခဲ့သည်မှာ- မဇ္ဈိမာ၊ လက်ဝဲလက်ျာနှစ်ပါးမှ အလယ်အလတ်ဖြစ်သော။ပဋိပဒါ၊ မဂ် ဖိုလ် နိဗ္ဗာန်သို့ရကြောင်း ရောက်ကြောင်း ဖြစ်သော လမ်းစစ်လမ်းမှန်အကျင့်သည်။ ဥပသမာယ၊ ဒိဋ္ဌိကိလေသာ ငြိမ်းခြင်း တည်းဟူသော သောတာပတ္တိ မဂ်ဉာဏ်၏ အကျိုးငှာ။ အဘိညာယ၊ အထက်မဂ်သုံးပါးကို ထူးသော ဉာဏ်ဖြင့်သိခြင်းငှာ။သမ္ဗောဓာယ၊ အရဟတ္တမဂ် အရဟတ္တ ဖိုလ်ကို ကောင်းစွာ ထိုးထွင်း၍ သိခြင်းငှာ။ နိဗ္ဗာနာယ၊ အနုပါဒိသေသ မြတ်နိဗ္ဗာန်၏ အကျိုးငှာ။ သံဝတ္တတိ၊ မဖောက်မပြန်ကေန် အမှန်ဖြစ်တော်မူ၏။

## ရှင်တော်မြတ်ဘုရား ဟောတော်မူခဲ့သည့်အတိုင်း မဂ္ဂင် ၈-ပါး မဇ္ဈိမပဋိပဒါ တရားကို ပြပေတော့အံ့

ရှင်တော်မြတ်ဘုရားက အရှင်ဒါရုစိကို ဟောတော်မူခဲ့ သည်မှာ- ဒိဋ္ဌေ ဒိဋ္ဌမတ္တံ မြင်လျှင် မြင်ကာမတ္တထား၊ မြင်ကာ မတ္တမထားလျှင် အဆိုးအကောင်း ပေါ်လာလိမ့် မည်၊ အဆိုးအကောင်း ဣဋ္ဌာရုံ အနိဋ္ဌာရုံ ဖြစ်လာလျှင် သံသရာလည်ပြီး ဒုက္ခတွေများကုန်လိမ့်မည်ဟု ဟောထား ပါလျက် ခု-တကာ တကာမတွေက သက်ရှိ သက်မဲ့ ဝတ္ထုတခုနှင့် မျက်စိတိုက်ဆုံမိလျှင် ထိုဝတ္ထုဓာတ် ၈-ပါး ဃနခဲပေါ်လာသော အဆင်း ရူပဓာတ်ကို မြင်ကာမတ္တ မထားဘဲ မနောဝိညာဏ်ကပြုလုပ်ထားသော အဖြူ အမဲဟု

ဆိုအပ်သော ရူပါရုံကိုအဟုတ်ကြီးထင် အမှားကြီးမှားပြီး လက်ဝဲ လက်ျာလည်၍ သံသရာချောက်ထဲမှာ နစ်မြုပ်ပြီး ဒုက္ခရောက်နေရသည်။

ဥပမာ-အဖြူ အမဲကိုစွဲ၍အင်္ဂလိပ်လူဖြူက ကုလားမဲထက် ငါတို့မြတ်သည်ဟု အထင်ကြီး၍ လူဖြူ လူမဲ အဓိကရုဏ်း ဖြစ်နေကြသလို တကာမ တကာတို့သည်လည်း ဥပါဒါန် အာရုံဖြစ်သော အဖြူ အမဲ ရူပါရုံ နာမ်ရုပ်ကိုငါဟု စွဲနေကြသည်ဖြစ်၍ အစွဲပြုတ်အောင် နာမရူပ ပရိစ္ဆေဒဉာဏ်ဖြင့် အစွဲဖြုတ်ကြရမည်။

## နာမရူပ ပရိစ္ဆေဒဉာဏ်

### နာမရူပပရိစ္ဆေဒဉာဏ်က ပယ်သတ်ရမည့်တရားခံများ

ရူပါရုံ စက္ခုပသာဒ စက္ခုဝိညာဏ် မနောဝိညာဏ်။
နာမပညတ် သဏ္ဌာနပညတ် သမူဟပညတ် သန္တတိပညတ်။
ဥတု အာဟာရ စိတ် ကံ။

### အကြောင်းသင်္ခါရတရား ၄-ပါး

ဃနရုပ်တုံး ရုပ်ခဲ၌ မျက်စိတွင်ပေါ်ရှိသောအဆင်း ရူပဓာတ်ကို ဖြစ်သဘော ပေါ်အောင် ပြုလုပ်တတ်သော ဓမ္မလေးချက်နှင့် ပညတ်လေးပါး နှစ်ရပ်ပေါင်း အကြောင်းလေးပါးသင်္ခါရတရား။

### အစွဲခံရုပ်

| အဖြူ | အမဲ |
|---|---|
| ဒုက္ခသစ္စာကိုသိ | သမုဒယသစ္စာကိုပယ်။ |
| လက္ခဏာ | ရုပ်သည်ငါ။ |

| | |
|---|---|
| ရသ | ငါသည် ရုပ်။ |
| ပစ္စုပဋ္ဌာန် | ရုပ်၌ ငါရှိ၏။ |
| ပဒဋ္ဌာန် | ငါ၌ ရုပ်ရှိ၏။ |

ဝိပဿနာတရားကို ပွားများလိုသော ပုဂ္ဂိုလ်တို့သည် ရူပါရုံ စက္ခုပသာဒ စက္ခုဝိညာဏ် မနောဝိညာဏ်ဟု ဆိုအပ်သော ဓမ္မလေးပါး၌ ရူပါရုံကရုပ်၊ စက္ခုပသာဒ စက္ခုဝိညာဏ် မနောဝိညာဏ်သုံးပါး နာမ်နှစ်ရုပ်ပေါင်းက နာမ်ရုပ်ဟုသိ။

တစုံတခုသော သက်ရှိ သက်မဲ့တို့၌ ပေါ်ရှိသော အဆင်းဟု ဆိုအပ်သောရူပဓာတ်နှင့် မိမိ၏စက္ခုအကြည် နှစ်ပါး ရှေ့ရှုမိလျှင် အဖြူအမဲဟု ဆိုအပ်သော ရူပါရုံကို မြင်ခြင်းကြောင့် ၎င်းအဖြူအမဲကိုပင် "ရုပ်သည်ငါ–ငါသည် ရုပ်" "ရုပ်၌ငါရှိ၏ ငါ၌ရုပ်ရှိ၏"ဟုဓမ္မ ၄–ချက်မှ အတ္တ အစွဲလေးချက်ထွက်လာသည်။

ရုပ်သည်ငါကအသွားစွဲ၊ ငါသည်ရုပ်ကအပြန်စွဲ၊ ရုပ်၌ ငါရှိသည်ကအပြင်စွဲ၊ ငါ၌ရုပ်ရှိသည်ကအတွင်းစွဲ၊ ဤကဲ့သို့ အသွား၊ အပြန် အတွင်း အပြင် ရန်းမလွတ်အောင်စွဲ ထားသော အစွဲကိုပြုတ်လိုက အစွဲခံဖြစ်သောဓမ္မ ၄–ချက် နာမ်ရုပ်ကို အဋ္ဌကထာဆရာတို့ ပြထားသည့် အတိုင်း လက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်နည်း လေးပါးဖြင့် အနတ္တကိုမြင်အောင် သုံးသပ်ဝေဖန်၍ကြည့်ရမည်။

ဒေသနာနည်း

သာမညံဝါ သဘာဝေါဝါ ဓမ္မာနံ လက္ခဏံ နာမ'
ကိစ္စသမ္ပတ္တိဝါ ရသောနာမ။

သာမည့်ဝါ၊ အများသဘောနှင့် ဆက်ဆံနေရသော အခြင်းအရာသည်ဖြင်း။ သဘာဝေါဝါ၊ မိမိ၏ သဘော သည်ဖြင်း။ လက္ခဏံနာမ၊ လက္ခဏာမည်၏။

ကိစ္စသမ္ပတ္တိဝါ၊ ကိစ္စ၏ ပြည့်စုံခြင်းသည်။ ရသောနာမ၊ ရသမည်၏။

## လက်တွေ့နည်း

တစုံတခုသောဝတ္ထု၌ ပေါ်ရှိနေသော အဆင်း ရူပ ဓာတ်နှင့် မိမိ၏စက္ခုပသာဒ ရှေ့ရှုတိုက်ဆုံမိလျှင် ဟဒယ နှလုံးမှ မနောဝိညာဏ်ဖြစ်၍ စက္ခုဝိညာဏ်ဟု ဆိုအပ်သော သညာ အမှတ်သဘောပါလာပြီး စက္ခုပသာဒ၌ ပေါင်း ဆုံမိကြ၍ စက္ခု အကြည် ဖြစ်သည်။ စက္ခုပသာဒ စက္ခု ဝိညာဏ် မနောဝိညာဏ် သုံးပါးပေါင်းဆုံမိလျှင် သညာက အမှတ်ပေါ်၍ မနောဝိညာဏ်က ရှေ့ကျ ပေါ်နေသော အဆင်း ရူပဓာတ်ကို အဖြူ-အမဲဟု ပြောဆို လိုက်ခြင်း ကြောင့် အဆင်း ရူပဓာတ်ကိုဖုံးပြီး အဖြူ-အမဲဟု ဖြစ်ပေါ် လာရသည်၊ ဖြင်းအဖြူ-အမဲက ပြုလုပ်သော နာမ်နှင့် ဆက် နေရမှ ရှိနိုင်သည်။

ထို့ကြောင့် သာမည့်ဝါ၊ အများသဘောနှင့် ဆက်ဆံ နေရခြင်း။ (ဝါ) စက္ခုပသာဒ စက္ခုဝိညာဏ် မနော ဝိညာဏ် သုံးပါးသောနာမ် တရားတို့နှင့် ဆက်ဆံနေရ သောအခြင်းအရာသည်ဖြင်း။ သဘာဝေါဝါ၊ အဖြူ-အမဲဟု ဆိုအပ်သော မိမိ၏ သဘောသည်ဖြင်း။ လက္ခဏံနာမ သက္ခဏာမည်၏ဟု ဆိုသောကြောင့် ယောဂီ ပုဂ္ဂိုလ်တို့ နှလုံးသွင်းရန်မှာ ဖြူသည် မဲသည်ဟု ဆိုအပ်သော ရူပါရုံ

သည့် မိမိပင်ကိုယ်ဖြစ်နိုင်သော အတ္တသောမရှိခြင်းကြောင့် သုံးပါးသော နာမ်တရားနှင့် ဆက်စပ်နေရသည်ဟု သိရမည်။

နာမ်ခေတ် ၃-ပါးနှင့် ဆက်ဆံနေရသည့်အခြင်းအရာကို သိစေလို၍ရသကိုထုတ်ပြရသည်။ သမ္ဘတ္တိဝါရသောနာမဟုဆိုခြင်းသည်ကား အလုပ်ကိစ္စ ပြည့်စုံ၍ လုပ်သည်၊ ဘယ်ပုံပြည့်စုံသနည်း၊ စက္ခုဝိညာဏ်သည့်သဘော၌ ငယ်စဉ်က မိဘတို့ စကားသင်တဲ့အခါ ဒီလိုမြင်တာကို အဖြူ-အမဲဟု ပြောဆိုသော စကားကို မှတ်ရှိ သောကြောင့် မနောဝိညာဏ်နှင့် တွေ့ဆုံတဲ့အခါ မနောဝိညာဏ်က အဖြူ-အမဲဟု ပြောဆိုလိုက်သည်၊ သူတို့နှစ်ပါး စက္ခုပသာဒ၌ ပေါင်းဆုံမိမှ အလုပ်ကိစ္စပြည့်စုံ၍ သမ္ဘတ္တိဝါရသောနာမဟု ဆိုသည်၊ ရူပါရုံသည် ပြုလုပ်တတ်သောနာမ်နှင့် ဆက်နေခါမှ ရှိနိုင်သောကြောင့် သဘာဝ လက္ခဏာ အနတ္တကို မြင်စေလို၍သာမည လက္ခဏာကိုထုတ်ပြသည်ဟု ယောဂီ၏ ဉာဏ်ဝမှာ ရုပ်သည် နာမ်နှင့်မဆက်လျှင် မိမိပင်ကိုယ် ဖြစ်နိုင်တဲ့ အတ္တသဘော သုဉ်းဆိတ်၍မြင်မည်၊ ရုပ်သုဉ်းဆိတ်သွားလျှင် ရုပ်ကိုမှီ၍ညွတ်နေသော နာမ်တရားလည်းသုဉ်းဆိတ်သွားလိမ့်မည်၊ နာမ်ရုပ်သုဉ်းဆိတ်၍ မြင်သည်ကိုပင် လက်တွေ့နည်းရသည်ဟု ဆိုသည်။

နာမ်ရုပ်ချုပ်ရာ၌ နာမ်ကမူလီ ရုပ်က မူလဖြစ်၍ ရုပ်သာအမှန်ချုပ်သွားသည်၊ ရူပါရုံရုပ်ချုပ်လျှင် ရူပါရုံကို စွဲ၍ဖြစ်သော "ရုပ်သည်ငါ" "ငါသည်ရုပ်" "ရုပ်၌ ငါရှိ၏"

"ငါ၌ရုပ်ရှိ၏"ဟု ဆိုအပ်သောအတ္တအစွဲ ၄-ချက်တို့သည်လည်းပြုတ်သွားရလေသည်။

ပြုလုပ်သောနာမ်ရုပ် ဆိတ်သုဉ်းသွားလျှင် အလုပ်ခံနေရသော မိမိမျက်စိနှင့် ရှေ့ရှုနေသောရူပခေတ်သည် "ရာဟုခံတွင်းမှ လွတ်ထွက်သော ရွှေလမင်းကဲ့သို့ ငြိမ်းသွားလိမ့်မည်" ရူပါရုံချုပ်၍ ရူပခေတ်ငြိမ်းလျှင် သဘောတူညီချက်ဖြစ်သော သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံတို့ချုပ်ပြီး သဒ္ဒခေတ်၊ ဂန္ဓခေတ်၊ ရသခေတ်၊ ဖောဋ္ဌဗ္ဗခေတ်တို့လည်းငြိမ်းမည်၊ ၎င်းတို့ချုပ်ငြိမ်းလျှင် ပြင်ဗဟိဒ္ဓလောကတော,တောင်,ရေ,မြေနှင့်တကွ ၃၁-ဘုံ စကြဝဠာအနန္တပေါ်သဘောဟူသမျှ ငြိမ်းသွားလိမ့်မည်။

ရူပါရုံစသော နာမ်ရုပ်ချုပ်သည်ကို ချုပ်သည့်အတိုင်း ရူပခေတ် ပေါ်သဘော ငြိမ်းသည်ကို ငြိမ်းသည့် အတိုင်း အနတ္တဉာဏ်ဖြင့် ပိုင်းခြား၍ သိသည်ကို နာမရူပ ပရိစ္ဆေဒဉာဏ် အစွဲ လွတ်သွားသည်ကို ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်သည်ဟု သိပါလေ။

## နာမ်ရုပ်ရှင်းလင်းချက်

ယခင်ဆိုခဲ့ပြီးသော နာမ်ရုပ်ချုပ်ရာတွင် စက္ခုပသာဒကို နာမ်ဆိုရာ၌ အဘိဓမ္မာ အလိုဆိုလျှင် စက္ခု ပသာဒကို ရုပ်ဆိုမည်မှာ အမှန်ပင်တည်း၊ ရုပ်သဘောက အဗျာကတသဘော ဗျာပါရမရှိ အဘိဓမ္မာမှန်၏၊ ဝိပဿနာတွင် စက္ခုပသာဒ၌ အကြောင်းတိုက်ဆုံလျှင် စက္ခုဝိညာဏ်နှင့် မနောဝိညာဉ် နာမ်ဝင်ရောက်က ရုပ်ကိုဖုံးပြီး နာမ်အကြည်ဖြစ်၍ အာရုံကိုထုတ်ပြီးလျှင် အာရုံ၌ ညွတ်တတ်

သည်။ ပြန်ပြီး ဆွဲလည်း ဆွဲနိုင်သည်။ ထို့ကြောင့် ကြောင်ပန်းဆရာတော်ရေး ၆-စောင်တွဲ၌ ဆိုခဲ့သည်မှာ ရုပ်သက်သက် နာမ်သက်သက်ဆိုလျှင် အဘိဓမ္မာ မှန်၏။ ဝိပဿနာ မဟုတ်တော့ပြီ၊ ရုပ်ထဲနာမ်ဝင် နာမ်ထဲရုပ်ဝင်မှ ဝိပဿနာမှန်သည်ဟု ဆိုပါသဖြင့် ဝိပဿနာ ရုပ်နာမ်ကို ဝိပဿနာမျက်စိနှင့်ကြည့်မှ မှန်ပါသည်။

"သတိ" ဥပါဒါနက္ခန္ဓာ၊ ပဉ္စက္ခန္ဓာ အကြည် ၂-မျိုး နှစ်စား ဓမ္မစကြာတရားအလို။

ထင်ရှားစွာပြရလျှင် ရုပ်ပုံတူ ပြုလုပ်လိုသော သူတို့မှာ မိမိ၏အရုပ်ကိုဖြစ်စေ၊ ခေတ်ပုံကိုဖြစ်စေ ပြုလုပ်မည့် ပန်းပု ဆရာအားပြ၍ သညာ ဝိညာဏ်၌ သွင်းရှိမှ ၎င်းပန်းပု ဆရာက သစ်သားတုံးကို အရုပ်ပြုလုပ်ရာ၌ လက်သက် သက်က ရုပ်လက်ဖြစ်၍ မပြုလုပ်နိုင်၊ လက်တွင် ပုံသွင်းရှိ သော သညာ ဝိညာဏ် ပေါင်းဆုံလာမှ နာမ်လက်ဖြစ်၍ ပုံတူရုပ်ကို သစ်သားတွင်ဖြစ်အောင် ပြုလုပ်နိုင်သည်။

ထိုကဲ့သို့ဖြစ်လာသောရုပ်၌ ၃-ပါးသော နာမ်အရိပ်ပါ နေသည်ဖြစ်၍ ၎င်းအရုပ်ကို နာမ်၏အရုပ်ဟု ဆိုရမည်၊ သစ်သားကနဂိုရှိပြီး အကျခံနေရသည်။ သစ်သားနှင့်အရုပ် တပေါင်းတည်း ရှိနေသော်လည်း အရုပ်သည် သစ်သား မဟုတ် သစ်သားသည် အရုပ်မဟုတ်၊ သစ်သားနှင့်အရုပ် သဘောချင်း ကွာခြားဘိသကဲ့သို့ နာမရူပ ပရိစ္ဆေဒဉာဏ်၌ နဂိုရုပ်နှင့် နာမ်ရုပ်တို့တ ပေါင်းတည်း ရှိနေသော်လည်း နဂိုရှိရူပခေတ် ရုပ်ကသစ်သားနှင့် တူသည်၊ ရူပါရုံနာမ် ရုပ်ကသစ်သား၌ ဖြစ်ပေါ် လာသောလူ၏ အရုပ်နှင့်

တူသည်၊ ဥပမာနှင့် ဥပမေးကိုတထပ်တည်း ကျအောင် ကြည့်ရမည်။ ယခုခေတ်သိပ္ပံ လောကဓာတ်ဆိုလျှင် ရုပ်မြင် သံကြားသဘောအတိုင်းဖြစ်ပါကြောင်း။

## အကျဉ်းသဘာဝလက်တွေ့နည်းကိုပြပေအံ့

သဘာဝလက်တွေ့ ဆိုသည်ကား- ဃနရုပ်တုံး ရုပ်ခဲ ဆိုတာ ဘုန်းကြီး လက်၌ ကိုင်ရှိသော စာအုပ်ကိုကြည့်၊ တဘက် အဖုံးက အဖြူ တဘက် အဆုံးကအမဲ တကာ တကာမများ မြင်သလား၊ 'မြင်ပါသည်ဘုရား'။ အဖြူဆို သည်ကား ခေါ်စရာ နာမပညတ် မဟုတ်လား၊ 'ဟုတ် ပါသည်ဘုရား'။ ဟုတ်လျှင်ဤနာမည်ကိုမသွင်းကခေါ်စရာ ရှိပါမည်လား၊ ခေါ်စရာမရှိလျှင် မျက်စိ၌ ပေါ်သဘော သာရှိမည်မဟုတ်လား၊ 'ဟုတ်ပါသည်ဘုရား'။

အခြား တဘက်ရှိ ကြည့်အုံးစမ်း အမဲမြင်ပါသည်၊ ဒီအမဲလည်းခေါ်စရာ နာမည်မဟုတ်လား၊ နာမည်အမဲကို မသွင်းလျှင်ကော ပေါ်သဘောသာ ရှိသည်မဟုတ်လား ဘယ်လိုပေါ် ပေါ်-ပေါ်သဘောကို အဆင်း ပေါ်သည် ဟုမှတ်၊ ပေါ်တဲ့ အဆင်း အတူတူမှာ ကောင်းခြင်း၊ မကောင်းခြင်း ရှိသလား၊ 'မရှိပါ'။ ပေါ်တဲ့ အဆင်းက သူ့နဂိုစွဲစရာမရှိ၊ သူ့နဂိုမှာ အဖြူအမဲဖုံးပြီး သညာဝိညာဏ် တို့ကလုပ်လိုက်လျှင် နဂိုအဆင်းကို မြင်သေးသလား၊ လုပ် ထားသောအဖြူအမဲကိုမှအဖြူကောင်းသည်၊ အမဲမကောင်း၊ အမဲကောင်းလျှင် အဖြူမကောင်း လုပ်ထားသောအာဂန္တု အဖြူအမဲကိုနဂိုဟုစွဲသည်။

ဥပမာ၊ အဖြူ အမဲကသညာ ဝိညာဏ်တို့၌ မိတ်တို့သွင်း ထားသောဥပါဒါန်ရှိ၍ လုပ်ထားသည်ကို လုပ်ထားသည် ဟုသိလျှင် အဖြူအမဲ ရုပ်ရုံချုပ်ပြီးလျှင် ပေါ်နေသော ရူပဓာတ်အဖြစ် ငြိမ်းမသွားလား၊ 'ငြိမ်းပါသည် ဘုရား'။ ချုပ်ခြင်းနှင့် ငြိမ်းခြင်းကို မြင်လျှင် အစွဲမလွတ်ပါလား၊ အစွဲလွတ်သည်ကို ဒိဋ္ဌိဝိသုဒ္ဓိဟု ခေါ်သည်၊ နဂိုကငြိမ်း နေသော သဘောကိုအာရုံယူ၍ ရမည်လား၊ 'မရပါ'။အဖြူ အမဲကိုသူ့ အတိုင်းဆိုလျှင် မြင်နိုင်ပါမည်လား၊ဘုန်းကြီးက အဖြူအမဲဟု ပြောမည်။ ပြောတဲ့စကားကို မြင်သလား၊ 'မမြင်ပါ'။ ပြောတဲ့အခါမမြင် အဆင်းမှာ ဘယ်ကြောင့် အဖြူအမဲဟုမြင်သလဲ အဆင်းပရမတ်က ထောက်ခံချက်ရှိ၍ သွင်းထားသော ဥပါဒါန်ကြောင့် မြင်နိုင်သည်။

ဥပမာတခု ပြောပါမည်- လူတယောက် ညလမ်း လျှောက်တဲ့အခါ လမ်းမှာ မြွေတကောင်တွေ့ရော့၊ မြွေကို မြင်လျှင် လန့်ကြောက်ပြီး မီးထွန်း၍ ကြည့်လိုက်လျှင် မြွေပျောက်၍ ကြိုးဖြစ်နေ တော့သည်၊ ကြိုးကို မြင်လျှင် အကြောက်ပြေပြီးအေးမသွားလား၊ 'အေးပါသည်ဘုရား'။ ဒီအတိုင်းဘဲ နဂိုရှိ ရူပဓာတ်က ကြိုးနှင့် တူသည်၊ ဒုက္ခကို မပေး၊ လုပ်ထားသောအပိုရုပ် ရူပါရုံ နာမပညတ်က မြွေ နှင့်တူသည်ဖြစ်၍ ဒုက္ခပေးသည်ဟု မှတ်ပါ၊ ဝိညာဏ်မြင်က အမိုက်မြင် ပညာမြင်က အလင်းမြင်။

## အဖြူနှင့်အမဲ၊ စိန်နှင့် မီးသွေး၊ အယုတ်နှင့် အမြတ်၊ မယုတ် မလွန် ယူရပုံ

တကာ တကာမတို့ ရှေ့၌ တတိုင်းလုံး ကြက်သရေ တပြည်လုံး ခင်းသည့် စိန်ခဲတခဲနှင့် အဘိုး မတန်သော ကျောက်မီးသွေးခဲတခဲကို ရှေ့၌ချပြီးကြည့်လျှင် ယခင် ဆိုခဲ့သည့်အတိုင်း စိန်ကိုကြည့်လျှင်ဓာတ် ၈-ပါး စနစ်ရုပ်တုံး ဖြစ်၍အဆင်းပရမတ်က မျက်စိ၌ ပေါ်သဘောသာ ရှိမည်၊ မီးသွေးခဲကိုကြည့်လျှင်လည်း အဆင်း ပရမတ်က ပေါ်ပြတဲ့ သဘောသာရှိမည်၊ မီးသွေးခဲကိုကြည့်လျှင်လည်း အဆင်းပရမတ်ကပေါ်တဲ့ သဘောပဲရှိမည်၊ ပေါ်တဲ့ အဆင်း ပရမတ်ချင်းတူတူမှာ ဣဋ္ဌာရုံ အနိဋ္ဌာရုံမရှိသေး၊ ပေါ်နေသော အဆင်း ၂-ခု၌ အဖြူ-အမဲဟု အမည်တပ်၍ အဖြူခဲကိုတဖန် စိန်လုပ်၍ အမဲခဲကိုမီးသွေးလုပ်လျှင် စိန်နှင့်မီးသွေး တူသေးသလား၊ 'မတူပါ'၊ အဘယ့်ကြောင့် မတူသလဲ၊ 'အမည်တပ်ထား၍မတူ'။ သူ့နဂိုမှာ အမည်ပါသလား၊ 'မပါပါ'။ ယခင်ဆိုခဲ့သည့်အတိုင်း မနောဝိညာဏ်က လုပ်ထားသည် မဟုတ်လား၊ 'ဟုတ်ပါသည်'။ လုပ်ထားတာ ဟူသမျှ သူ့နဂိုရှိသလား၊ 'သူ့နဂိုမရှိ၍ လုပ်ရပါသည်'။ လုပ်ထားသည်ဟု သိလျှင် သူ့နဂိုက ချုပ်မနေလား၊ 'ချုပ်ပါသည်ဘုရား'။ ချုပ်လျှင် အဆင်းပရမတ် ပေါ်တဲ့သဘော အဖြစ် ငြိမ်းမနေလား၊ 'ငြိမ်းပါသည် ဘုရား-'။ စိန်ခဲမှာလည်း ချုပ်တာနှင့် ငြိမ်းတာ၊ ကျောက်မီးသွေးခဲမှာလည်း ချုပ်တာနှင့်ငြိမ်းတာ ပညာမြင်မှာတူမနေပါလား၊ တူနေလျှင် ဣဋ္ဌာရုံ အနိဋ္ဌာရုံ ကောင်း-မကောင်း လွတ်

လျှင် ဝေဒနာချုပ်ပြီး ပဋိစ္စသမုပ္ပါဒ် မျက်စိ သံသရာ လွတ်သွားရလေသည်။

စိန်ခဲနှင့်မီးသွေး ပညာမြင်မှာ တူနေသည် ဆိုလျှင် တကာမတို့ စိန်နားဒေါင်းနှင့် ကျောက်မီးသွေး ခဲကို ဖက်လှည့် နိုင်မည်လား၊ 'မဖက်နိုင်ပါ'။ မီးသွေး ခဲနှင့် စိန်နားဒေါင်း မဖက်ဝံ့လျှင် တရားမသိ ဆိုရမည်လား၊ စိန်မှာ တရတီကို ၃၀၀-ကျပ်ရ၍ ကျေးဇူးရှိသည်၊ မီးသွေး မှာ တပဲပိုက်ဆံမတန်၍ ကျေးဇူး မရှိပါ၊ ဖက်လှည့်လျှင် အရူးဖြစ်မည်၊ ပညာမြင်မှာတူသော်လည်း ဝိညာဏ်မြင်မှာ ကွာခြားသည်၊ ဂိသာခါမ သောတာပန်အတိုး ကိုးကုဋေ ထိုက်သည့် မဟာလ္လတာတန်ဆာကို ဝတ်ဆင် သေးသည် ဖြစ်ပါကြောင်း။

အဝိဇ္ဇာနှင့် ဝိဇ္ဇာ ပညာမြင်နှင့် ဝိညာဏ် မယုတ်မလွန် မဈိုမပင့်ပဒါကျအောင် ယူရသည်။

## ယောဂီပုဂ္ဂိုလ်များ သတိပြုရန်မှာ

မိမိတို့ မြင်၊ ကြား နံ့လျက် တွေ့ထိသမျှ အာရုံတရားတို့၌ အဟုတ် အမှန်ရှိ ပရမတ်ဖြစ်သော စက္ခု ပသာဒ တို့၌ ပေါ်တဲ့ သဘော ရူပခါတ် စသည်တို့ကို မမြင် မကြား၊ မိမိတို့သည်ာ ဝိညာဏ်ကပြုလုပ်ထားသော ဥပါဒါန်အာရုံ ကိုမှ မြင်ကြား၊ နံ့လျက် တွေ့ထိသည်၊ ဥပါဒါန် အာရုံက သညာ၊ ဝိညာဉ် နာမ်တရားတို့နှင့်ကင်း၍ မဖြစ်နိုင်သဖြင့် ကိုယ်ပိုင်ဖြစ်နိုင်တဲ့ သဘောမရှိသည်ကို ကိုယ်မရှိ၊ ကိုယ် တည်းဟူသော အတ္တမရှိ၊ သူတပါးကိုမှီ၍ ရှိနေသည်ကို

အနတ္တတရားခေါ်သည်ဟု သိပါ၊ ပါဠိတော် အခေါ်မှာ အတ္တ၊အနတ္တ၊ မိမိတို့မြန်မာစကားမှာ ကိုယ်ရှိသည် အတ္တ၊ ကိုယ်မရှိသည်ကို အနတ္တပြောသည်ဟု သိကြပါကုန်။

လက္ခဏာနှင့် ရသ, ပြီးပြီ။

လက္ခဏာနှင့် ရသပြီးလျှင် ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်နှင့် သဘာဝနည်းကို ရှာရဦးမည်၊ ပစ္စုပဋ္ဌာန်ဆိုသည်ကား ဉပဋ္ဌာနာကာရောဝါ ၊ယောဂိဉာဏ်ဝ၌ ထင်လာသောအခြင်းအရာသည်ဖင်း။ ဖလံဝါ၊ အကျိုးတရားသည်ဖင်း။ ပစ္စုပဋ္ဌာနံနာမ၊ ပစ္စုပဋ္ဌာန် မည်၏ဟု ဆိုသောကြောင့်။ ယောဂီ ဆိုသည်ကား အနတ္တကို မြင်တဲ့ သူကို ယောဂီ ဆိုသောကြောင့် ရူပါရုံကို အနတ္တ မြင်လျှင် အနတ္တက သူတပါးကိုမှီရ၍ ရှိနေရခြင်းကြောင့် အကျိုးဟု ထင်လိမ့်မည်၊ ပဒဋ္ဌာန်ဖြင့် အကြောင်းကို ရှာသော် ပဒဋ္ဌာန်ဆိုသည်ကား အာသန္နကာရဏံ ပဒဋ္ဌာနံနာမ။ ယံ၊ အကြင်အကြောင်းသည်။ အာသန္နံ၊ နီး၏။ တံကာရဏံ၊ ကိုနီးစွာသောအကြောင်းသည်။ ပဒဋ္ဌာနံနာမ၊ ပဒဋ္ဌာန် မည်၏ဟု ဆိုသောကြောင့် အကျိုးဟု ဆိုအပ်သော ရူပါရုံ၌ နီးကပ်၍ ရှိနေသည်မှာ ၁-စက္ခုပသာဒ၊ ၂-စက္ခုဝိညာဏ်၊ ၃-မနောဝိညာဏ်၊ သုံးပါးသောနာမ်တရားတို့သည် နီးကပ်၍ ရှိနေခြင်းကြောင့် ပဒဋ္ဌာန်မည်၏။

နာမ်ကအကြောင်း ရုပ်ကအကျိုး၊ နာမ်ရုပ်၌ သဘာဝကြောင်းကျိုး ဖြစ်နေသည်ကို မိမိဉာဏ်၌ နာမ်ရုပ်၏ သဘာဝကို ထင်ရှားစွာ သဘာဝနည်းကို သိ၍ နာမရူပပရိစ္ဆေဒဉာဏ်၌-

(၁) အာဒိကလျာဏ–အစ၏ ကောင်းခြင်း၊
(၂) မဇ္ဈေကလျာဏ–အလယ်၏ကောင်းခြင်း။
(၃) ပရိယောသာနကလျာဏ–အဆုံး၏ကောင်းခြင်း။

ကောင်းခြင်းသုံးပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်များဖြစ်ပြီ။

**အမှာ။** သိ–ပယ်–ဆိုက်–ပွား ဟု မဂ်ကိစ္စ ၄–ချက်တွင် နာမရူပပရိစ္ဆေဒဉာဏ်၌ နာမ်ရုပ်ကိုဒုက္ခသစ္စာဟု သိရမည်၊ မြန်မာလို အဖြောင့်ဆိုလျှင် ပဉ္စာရုံဟုဆိုအပ်သော အာရုံ ငါးပါးသည် အချည်းအနှီးမရှိသည်တရားရှိသလိုဖြစ်နေ၍ ဒု–စက်ဆုပ်ဘွယ် ကောင်းသည်၊ ခံ–အချည်းအနှီး၊ သစ္စာ–မှန်သည်၊ အာရုံငါးပါးသည် ဉာဏ်မြင်၌ ရှိသလိုဖြစ်နေသည်၊ ပညာမြင်နာမရူပ ပရိစ္ဆေဒဉာဏ်၌ သုဉ်းဆိတ်နေသည်ကိုပင် ဒုက္ခသစ္စာကိုသိသည်ဟုဆိုကြောင်း။

**ဥပမာကား**–အင်းပြင်ကြီး တခု၌ မိုဃ်းအခါ ရေပြည့်၍ နွေရာသီ၌ ရေခန်းပြီးလျှင် ပြင်းထန်စွာ နေပူခြင်းကြောင့် မြေမှ အခိုး တံလျှပ်လျှပ် ထွက်နေသည်ကို တံလျှပ်ဟု ခေါ်သည်၊ အဝေးကကြည့်လျှင် ရေဟုထင်ရသည်၊ တော၌ သားသမင် အပေါင်းတို့သည် ရေငတ်၍ ရေသောက်ရန် အင်းပြင်သို့ ရောက်လာကြသည့်အခါ တံလျှပ်ကိုရေထင်၍ အားရဝမ်းသာ ရေသောက်ရမည်ဟု အင်းထဲသို့ဆင်းရာ အနီးသို့ ရောက်သည့်အခါ ရေပျောက်၍ ကမ်းတဘက် သို့သာ ရောက်သွားရသည်၊ တဖန်ကြည့်က မြင်မြဲမြင်၍ ပြေးဆင်းလိုက်ရာ ရေရှာမရ ကမ်းတဘက်သို့ ရောက်ပြန်ရ သဖြင့် ဤကဲ့သို့အပြောင်းအပြန် ပြေးလေတတ်လေတတ်လေ

ပြေးလေ ရေဟု မျက်မြင် ရှိခြင်းကြောင့် အရပ်တပါး သို့လည်း ထွက်မသွားနိုင်ဘဲ အင်းပြင်ထဲ၌ လဲ၍သေရဘိ သကဲ့သို့ အန္ဓပုထုဇန်တို့သည်လည်း ၃၁-ဘုံ အင်းပြင် ကြီးထဲ၌ သားသမင်တို့သည် တံလျှပ်ကိုရေထင်၍ "ဆားငန် ရေသောက်ဘိသကဲ့သို့" အာရုံငါးပါးကို လိုက်စားသော သူတို့ ၃၁-ဘုံ အင်းပြင်ကြီးထဲ၌ အသေ့လက်စမရပ်ဘဲ သေနေရသည်ဖြစ်၍ နာမရူပ ပရိစ္ဆေဒ ဉာဏ်ပညာမြင်မှ အာရုံ ၆-ပါး ကာမဂုဏ်ငါးပါးကို ဒုက္ခသစ္စာဟု အမှန် သိ၍ သက်သာရာရကြောင်း။

အဝေးကြည့်-ဝိညာဏ်မြင်၊ အနီးကြည့်-ပညာမြင်။

လက္ခဏရသ ပစ္စုပဋ္ဌာန 'ပဒဋ္ဌာနဝသေန နာမ ရူပ ပရိဂ္ဂဟော ဒိဋ္ဌိဝိသုဒ္ဓိနာမဟောတိ။

ဟုအဋ္ဌကထာဆရာ မိန့်တော်မူချက်အတိုင်း နာမ်ရုပ်ကို လက္ခဏရသတို့ဖြင့် သုံးသပ် ဝေဖန်၍ နာမ်ရုပ်သည် အနတ္တ၌ ဦးခေါင်းကျပြီးလျှင် ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်ဖြင့် ပစ္စယပရိဂ္ဂဟဉာဏ်သို့တက်ရန်အတွက် နာမ်ရုပ်၏ သဘော အကြောင်းအကျိုးကို ဖော်ထုတ်၍ပေးခဲ့ရသည်။

နာမရူပ ပရိစ္ဆေဒဉာဏ်ကိုရသော ပုဂ္ဂိုလ်တို့၏ ရသင့် ရထိုက်သော အကျိုး အာနိသံသကား ရှင်တော်မြတ် ဘုရားက ဓမ္မစကြာ တရားတော်၌ မဂ္ဂင် ၈-ပါးကို ဒုက္ခ နိရောဓ ဂါမိနီပဋိပဒါဟု ဟောတော်မူသဖြင့် ဒုက္ခချုပ် အောင် ပြုလုပ်ပဲ့ အလုပ်ကိုမှ ဝိပဿနာ ဆိုခြင်းကြောင့် ဝိပဿနာ ဉာဏ်စဉ်တိုင်း၌ မိစ္ဆာမဂ္ဂင်ပြတ်ပုံ သမ္မာမဂ္ဂင် ပေါ်ထွက်ပုံတို့ကိုဖော်ပြဦးမည်။

နာမရူပ ပရိစ္ဆေဒဉာဏ်တွင် နာမ်ရုပ် ချုပ်ရာ၌ ရုပ်ဟု ဆိုအပ်သော ကာမဂုဏ်ငါးပါး အာရုံ ၆-ပါးကပြော သော စကားဖြစ်၍ မိစ္ဆာဝါစာ ပြုလုပ်သောနာမ် မိစ္ဆာ ကမ္မန္တ မိစ္ဆာဝါစာနှင့် မိစ္ဆာကမ္မန္တကို လက္ခဏာရသဖြင့် ပယ်သတ်လိုက်ရာ ရုပ်သေရာမှ မိစ္ဆာဝါစာ ကင်းပြတ်၍ သမ္မာဝါစာ ဖြစ်လာသည်၊ နာမ်သေရာမှ မိစ္ဆာကမ္မန္တ ကင်းပြတ်၍ သမ္မာကမ္မန္တ ဖြစ်သောကြောင့် နာမရူပ ပရိစ္ဆေဒဉာဏ်၌ သမ္မာဝါစာ သမ္မာကမ္မန္တ မဂ္ဂင် ၂-ပါး လုံးရသည်။

နာမ်ရုပ်ချုပ်ရာ၌ ကာမဂုဏ်ငါးပါး၊ အာရုံ ၆-ပါး တရားနှင့်ပြင်ပဟိဒ္ဓ ၃၁-ဘုံစကြဝဠာ အနန္တသုဉ်းဆိတ် သွားသည်က ဒါနပါရမီ စွန့်လှူနိုင်သည်က ခန္တီပါရမီ သမ္မာဝါစာနှင့် သမ္မာကမ္မန္တတို့က သီလပါရမီ ကာမဂုဏ် ငါးပါး အာရုံ ၆-ပါးတရားတို့ကို ဒုက္ခသစ္စာဟုသိသည်က သစ္စာပါရမီ။

ထို့ကြောင့် နာမ်ရုပ်သေရာ၌ မဂ္ဂင် ၂-ပါး၊ ပါရမီ ၄-ပါးနှင့်သစ္စာ၊ မေတ္တာ၊ ခမာ၊ သဒ္ဓါ အကျိုးထူးတရား တို့နှင့် ပြည့်စုံရသည်ဖြစ်ကြောင်း။

ဤသည်ကား အကျိုးအာနိသံသပါပေတည်း။

---

## ပစ္စယပရိဂ္ဂဟဉာဏ်

ပစ္စယပရိဂ္ဂဟဉာဏ်သို့ တက်လိုသောသူတို့သည် နာမ ရူပ ပရိစ္ဆေဒဉာဏ်မှ ထွက်လာသော သဘာဝကြောင်း ကျိုးကိုဝေဖန်လို့ကြည့်ရမည်။

ပစ္စယပရိဂ္ဂဟ ဉာဏ်ဆိုသည်မှာ အကြောင်းကို သိမ်းဆည်းသော ဉာဏ်ကိုပစ္စယ ပရိဂ္ဂဟဉာဏ်ဟု ခေါ်သည်။ ဘယ်လို သိမ်းဆည်းမည်နည်း၊ အကြောင်းကို သိမ်းဆည်းလိုလျှင် အစွဲကိုဘယ်လိုစွဲသလဲဟုကြည့်ရမည်။

## အစွဲက ၄-ချက်ရှိသည်

၁။ အကြောင်းလုပ်၍ အကျိုးဖြစ်သည်ဟု စွဲသော အတ္တဒိဋ္ဌိအစွဲ။

၂။ အကျိုးသည်အကြောင်းနှင့်မဆိုင်ဟု အကြောင်းကို ပြတ်သောဥစ္ဆေဒဒိဋ္ဌိအစွဲ။

၃။ အကြောင်းနှင့်အကျိုးဖြစ်ချင်သလို ဖြစ်နေသည်ဟု အကြောင်းနှင့် အကျိုးပါ ၂-ပါးစီ ပယ်သော အကိရိယဒိဋ္ဌိအစွဲ။

၄။ အကြောင်းနှင့် အကျိုး တခုတည်းဟု ယူသော သဿတဒိဋ္ဌိအစွဲ။

အစွဲလေးပါးကို ပယ်သတ်ရန်နည်း ၄-ပါးကိုသိရမည်၊ အဗျာပါရ ဧက တ္တနှင့် နာနတ္တနည်း ဧဝံနည်းသာ ခမ္မတာဟုဖွဲ့ခါစင်စင် ပညာမြင်မှ ကြည်လင်လှသည် မြင်ကာအများ မှန်လေးပါး။

၁။ အဗျာပါရနည်းဖြင့် အတ္တဒိဋ္ဌိကို ပယ်သတ်ရမည်။

၂။ ဧကတ္တနည်းဖြင့် ဥစ္ဆေဒ ဒိဋ္ဌိကို ပယ်သတ်ရမည်။

၃။ နာနတ္တနည်းဖြင့် သဿတဒိဋ္ဌိကို ပယ်သတ်ရမည်။

၄။ ဒဝံမမ္ဗတာနည်းဖြင့် အကိရိယဒိဋ္ဌိကို ပယ်သတ်ရမည်၊

အဗျာပါရဋ္ဌေနအနတ္တဟု ဆိုသောကြောင့် အကြောင်းခတ်သုံးပါးကို အနတ္တမြင်အောင် ကြည့်ရမည်။

ကြည့်ဟန်ကား ရှေးဦးစွာ စက္ခုပသာဒ စစ်ဆေးကြည့်ရမည်၊ စက္ခုပသာဒသည် အကျိုး ရူပါရုံကို ပြုလုပ်နိုင်သလောဟု ဆင်ခြင်ကြည့်ရာ စက္ခုပသာဒ အကြည်က အဖြေထွက်လာသည်မှာ စက္ခုဝိညာဏ် အမှတ်သဘောနှင့် မနောဝိညာဏ် အသိသဘော ၂-ပါး ပေါင်းဆုံ လာခါမှ ကြည်ရတဲ့ သဘောဖြစ်၍ မိမိပင်ကို ဖြစ်နိုင်ကဲ အက သဘော သုဉ်းဆိတ်နေသောကြောင့် အကျိုးကိုပြုလုပ်ရန် ဗျာပါရမရှိပါ။

၎င်း၏ အဗျာပါရကိုမြင်လျှင် စက္ခုဝိညာဏ် ကိုလည်း ပြုလုပ်နိုင်သလောဟု စစ်ဆေးကြည့်ရမည်၊ စက္ခုဝိညာဏ်ကလည်း အဆို ထွက်လာသည်မှာ ကျွန်တော် လည်း အကြည်တွင် မနောဝိညာဏ်နှင့် ပူးတွဲနေရမှ အမှတ်သဘောထွက်နိုင်သည်ဖြစ်၍ အကြည်နှင့် မနောဝိညာဏ်ကို မမှီရလျှင် မိမိပင်ကိုယ်မှတ်နိုင်တဲ့ အတ္တသဘော သုဉ်းဆိတ်နေသောကြောင့် ပြုလုပ်ရန်ဗျာပါရမရှိပါ။

၎င်းအဗျာပါရကို မြင်လျှင် မနောဝိညာဏ် ကိုလည်း တဖန်စစ်ဆေးကြည့်ရာ မနောဝိညာဏ်က အဆိုထွက်လာသည်မှာ စက္ခုပသာဒ၌ စက္ခုဝိညာဏ် သညာအမှတ်နှင့် ၂-ပါးပေါင်းဆုံနေခိုက် သညာအမှတ်သဘောကို အမှီရမှ ငါသိနိုင်သောကြောင့် အကြည်နှင့် စက္ခုဝိညာဏ် သညာ

အမှတ်သဘော ၂-ပါးကိုမမှီဘဲ မိမိပင်ကိုယ် သိနိုင်တဲ့ အတ္တသဘော သုဥ်းဆိတ် နေခြင်းကြောင့် အနတ္တခေတ် ကောင်ဖြစ်၍ မပြုလုပ်နိုင်ပါ၊ သုဥ်းဆိတ် နေခြင်းကြောင့် အနတ္တ ခေတ်ကောင်ဖြစ်၍ မပြုလုပ်နိုင်ပါ၊ အကြောင်း သုံးပါး ပေါင်းဆုံနေခိုက် ပြုလုပ်နိုင်သလို ဟန်ဆောင် သဘောသဘာဖြစ်ပါသည်။

ခေတ်တပါး တပါးစီ ခွဲခြမ်းစိတ်ဖြာ၍ စိစစ် ကြည့်ရာ အဗျာပါရဓမ္မနှ အနတ္တကို မိမိဉာဏ်၌ တွေ့မြင်ရ သဖြင့် အကြောင်းလုပ်၍ အကျိုးဖြစ်နေသည်ဟု စွဲသော အတ္တဒိဋ္ဌိ အစွဲ ပြုတ်သွားရလေသည်။ အတ္တဒိဋ္ဌိအစွဲ ပြုတ်သွားလျှင် အကြောင်းပြုတ်ပြီး အကျိုးငြိမ်းတော့သည်။

အကြောင်းပြုတ်လျှင် အကျိုးသည် အကြောင်း မဆိုင်ဟု ဥစ္ဆေဒဒိဋ္ဌိပေါ်လာလျှင် ဆိုင်ကြောင်းကို သိရန် ဧကတ္တ နည်းဖြင့် "မီးတောက်နှင့် မီးရောင်ကို ဥပမာဆောင်လို့ ကြည့်" အကြောင်းက မီးတောက်၊ အကျိုးက မီးရောင်၊ မီးတောက်ကြောင့် မီးရောင်ဖြစ်သည် ဆိုလျှင် မီးတောက်၌ မီးရောင်ကိုပြုလုပ်ရန် ဗျာပါရမရှိနိုင်ခြင်းကြောင့် မီးရောင် သည် မီးတောက်နှင့်မဆိုင်ဟုဆိုလျှင် မီးကို သတ်၍ကြည့်၊ မီးရောင်ပျောက်သွားလိမ့်မည်၊ မီးထွန်းလျှင် မီးရောင်ပေါ် မည်ဖြစ်၍ မီးတောက်၌ပြုလုပ်ရန် ဗျာပါရ မရှိသော်လည်း မီးရောင်သည် မီးတောက်နှင့်ကင်း၍ မဖြစ်နိုင်သလို အကျိုး သည် အကြောင်းနှင့် ကင်း၍ မဖြစ်နိုင်ဟု ဆက်စပ်နေတဲ့ ဧကတ္တနည်းကိုမြင်သဖြင့် ဥစ္ဆေဒဒိဋ္ဌိ အစွဲပြုတ်သွားရပြန် သည်။

ဥပနိဿယဒိဋ္ဌိ အစွဲ ပျောက်သွားပြီးနောက် သဿတ ဒိဋ္ဌိ အစွဲက အကြောင်းနှင့်အကျိုး တခုတည်းဟု စွဲလျှင် ဖင်း မီးကို ပြန်၍ကြည့်၊ မီးကပူတဲ့ သဘောကို ဆောင်၏၊ အရောင်က လင်းတဲ့သဘောကို ဆောင်သောကြောင့် မီးနှင့် မီးရောင် သဘောအသီးသီး ဖြစ်ဘိသကဲ့သို့ အကြောင်းနှင့် အကျိုးတို့တွင် အကြောင်းက အကြောင်း သဘောကို ဆောင်၏၊ အကျိုးကလည်း အကျိုးသဘောကို ဆောင်နေ သည်ဟု မြင်လျှင် တခုတည်းဟု စွဲဆိုသောသဿတ ဒိဋ္ဌိ အစွဲပြုတ်သွားရပြန်သည်။

သဿတဒိဋ္ဌိ အစွဲ ပြုတ်သွားပြီးနောက် ဖြစ်ချင်သလို ဖြစ်နေသည်ဟု စွဲသော အကိရိယဒိဋ္ဌိ ပေါ်လာလျှင် ဤ သဘောရှိက ထိုသဘောရှိသည်ဆိုတဲ့ ဧဝံ ဓမ္မတာနည်းနှင့် သတ်ရမည်၊ ဤသဘောနှင့်ထိုသဘောဆိုသည်မှာ "ရေတံ ပင်စိုက်လျှင် ရေတံသီး" "ခရမ်းပင် စိုက်လျှင် ခရမ်းသီး သီးဘိသကဲ့သို့" ဗျာပါရမရှိသော်လည်း ရေတံပင်၌ ခရမ်း သီးမသီး၊ ရေတံသီးသာ သီးနိုင်ခြင်း သည် ဧဝံဓမ္မတာ နည်းဖြစ်သကဲ့သို့ စက္ခုပသာဒ၌ စက္ခုဝိညာဏ်နှင့် မနော ဝိညာဏ် ၂-ပါး ပေါင်းဆုံ၍ စက္ခုပသာဒ၌ သဏ္ဍာန ပညတ်ပေါ်လျှင် သူ့သဏ္ဍာန်နှင့် သင့်လျော်တဲ့ ရုပ်ဂါဟု ဆိုအပ်သောအကျိုး နာမပညတ်ပေါ်ခြင်းကို ဧဝံဓမ္မတာ နည်းဟု ခေါ်သည်။

လိုရင်းအချုပ်ကား ဤသဘောရှိက ထိုသဘော ရှိခြင်း သည် သညာဝိညာဏ်ကို ပြောသည်ဟု မှတ်ပါ။ သူ့သညာ နှင့် သူ့ဝိညာဏ် ပေါ်ခြင်းကို ဧဝံဓမ္မတာနည်းဟု ခေါ်

သည်၊ ၎င်းနည်း ၄-ပါး ပြီးဆုံးလျှင် အစွဲလေးချက် ပြုတ်၍ အကြောင်းပြတ်၊ အကျိုးရပ်၊ အကြောင်းက သမုဒယ သစ္စာ၊ အကျိုးကဒုက္ခသစ္စာ အကြောင်းပြတ်က မဂ္ဂသစ္စာ အကျိုးရပ်က နိရောဓသစ္စာ၊ သစ္စာ ၄-ပါးသိမြင်ပုံ။

၆-ပါး ဝိညာဏ် သိထင်မြင်နှင့် ၃-အင်္ဂါမျှ ပြုသမျှ သမုဒယ ဒုက္ခသစ္စာ ဖြစ်လေရာ၏၊ ပညာမြင်မှ ဒွါရ ၃-ခု ပြုပြုသမျှ မဂ္ဂသစ္စာ နိရောဓကျ ဖြစ်လာရသည် မြင်က အများမှန် ၄-ပါး။

နာမရူပ ပရိစ္ဆေဒဉာဏ် နာမ်ရုပ်ကို လက္ခဏာ ရသဖြင့် သတ်လိုက်ရာ၊ မူလဖြစ်သောရုပ်သေ၍ မသေသောနာမ်က ကြောင်းကျိုး ထွက်လာသည်၊ အကြောင်းကို အဗျာပါရ ဓမ္မနအနတ္တဖြင့် သတ်လိုက်ရာ နာမ်သုံးပါး၌လည်း မူလ ဖြစ်သော အကြည် ပဉ္စဒွါရနှင့် သဏ္ဍာန ပညတ် ချုပ်၍ အကျိုး အာရုံငါးပါးနှင့် နာမ ပညတ်ငြိမ်းပြီး မဂ္ဂနှင့် နိရောဓထွက်သည်။

သစ္စာလေးပါးသိရာ၌ မဂ္ဂင်ဖြစ်ပုံက အကျိုးငြိမ်းသော အာရုံငါးပါး နာမပညတ်က စကားမိစ္ဆာငြိမ်း၍ ဝစီကံ စင်ကြယ်သည်၊ အကြောင်းပြတ်သော ဒွါရငါးပါးနှင့် သဏ္ဍာပညတ် ချုပ်သည်က ကာယကံ စင်ကြယ်သည်၊ ကာယကံနှင့် ဝစီကံစင်ကြယ်သည်ကို သမ္မာအာဇီဝဖြစ် သည်ဟုဆိုသည်၊ သမ္မာအာဇီဝ ဖြစ်လျှင် သမ္မာဝါစာ သမ္မာကမ္မန္တ မဂ္ဂင် ၃-ပါးလုံးဖြစ်လာသည်၊ မိစ္ဆာဝါစာ မိစ္ဆာကမ္မန္တ မိစ္ဆာဇီဝတို့ကို သမ္မာသက်ပ္ပ ပညာမဂ္ဂင်က ပယ်သတ်၍ သစ္စာ ၄-ပါးကို မြင်သည်ကား သမ္မာဒိဋ္ဌိ

ဖြစ်၍ ပညာနှင့်ယှဉ်သောသီလ ပဋိက္ကမင်ကို ရခြင်း ကြောင့် အသက်မွေးဝမ်းကြောင်းစင်ကြယ်ခြင်း အလိုနည်း ခြင်း တည်းဟူသော အကျိုးထူးတရားတို့နှင့် ပြည့်စုံရခြင်း။

ပစ္စယပရိဂ္ဂဟဉာဏ်၌ အာရုံငါးပါးကို စွန့်လွှာသည်က ဒါနပါရမီ၊ အာရုံငါးပါးကို စွန့်နိုင်သည်က ခန္တီပါရမီ၊ ဒွါရငါးပါးကို စွန့်၍ဖြစ်လာသော သမ္မာအာဇီဝမဂ္ဂင်က သီလပါရမီ၊ သစ္စာလေးပါးကို သိသည်က သစ္စာပါရမီ၊ ပါရမီ ၄-ပါးရသည်။

ဉာတပရိဉာဏ်စခန်း၌ ပါရမီ ၄-ပါး၊ သီလမဂ္ဂင် ၃-ပါး ဝိပဿနာဉာဏ်အခြေခံ ၂-ပါးနှင့် ပြည့်စုံသည် ဟုမှတ်ပါ။

သမ္မာအာဇီဝမဂ္ဂင်ကိုရသော ပုဂ္ဂိုလ်တို့၌ အသက်မွေး မှုနှင့်စပ်၍ပါဏာတိပါတာ အဒိန္နာဒါနာ ကာမေသုမိစ္ဆာ စာရာ၊ ကာယကံ ၃-ပါး၊ မုသာဝါဒါ ပိသုနဝါစာ ဖရုသဝါစာ သမ္ဖပ္ပလာပ တည်းဟူသော ဝစီကံ ၄-ပါး၊ ပေါင်း ၇-ပါးနှင့်အသက်မွေးလျှင် စင်ကြယ်ခြင်းဖြစ်သော အာဇီဝဋ္ဌမကသီလ မခံယူမဆောက်တည်ဘဲ မဂ္ဂင်နှင့် ယှဉ်၍ပြီး ပြည့်စုံနိုင်သည်ဖြစ်ပါကြောင်း။

ဤသည်ကား သာသနာမဂ္ဂင်သီလရသဖြင့် မွေတာ သီလစင်ကြယ်ပြီး တည်မြဲသည်။

ကလျာဏ ပုဂ္ဂိုလ်တို့၌ ကာမဂုဏ် ငါးပါး၊ အာရုံ ခြောက်ပါးတရားအကြောင်း အကျိုးပြတ်ပြီးဖြစ်၍ မွေတာ ဒါနစသည်တို့ကို ပြုလုပ်ရာ၌ ကာမဂုဏ်ကို တောင်းတပြီး၊ အကျိုးကို လိုလားသော ဆန္ဒရာဂကင်း၍ အလောဘ

ဒါနကို ပြုလုပ်နိုင်သောကြောင့် အကျိုး ကြီးမြတ်သည် ဖြစ်ပါကြောင်း။

တိလမုတ္ထိံ ကတံပုညံ၊ ဉာဏေန သမ္ပယုတ္တကံ။ မေရုပမာဏံ တံဖလံ၊ နိဂြောဓမိဝဗီဇကံ။

ဉာဏေနသမ္ပယုတ္တကံ၊ ဝိပဿနာ ဉာဏ်နှင့် ယှဉ်သည် ဖြစ်၍။ တိလမုတ္ထိံ၊ နှမ်းလုံးခန့်ပမာဏရှိသော ကုသိုလ်ကို။ ကတံ၊ ပြုရာ၏။ တံ၊ ထိုနှမ်းလုံးခန့်ပမာဏရှိသော ကုသိုလ် သည်။မေရုပမာဏံဖလံ၊ မြင်းမိုရ်တောင်နှင့် အမျှကြီးကျယ် သောအကျိုးကို။ ဒေတိ၊ ပေးနိုင်၏။ ကိမိဝ၊ နှိုင်းယှဉ်စရာ ဥပမာပုံဆို ဘယ်လိုနည်း ဟူမူကား။ နိဂြောဓဗီဇကံဣဝ၊ ကိုင်းခက်ဝေပြီး ညောင်ပင်ကြီးကိုဖြစ်စေနိုင်သော ညောင် စေ့ကဲ့သို့ ပါပေတည်း။

ထို့ကြောင့် ပညာရှိတို့ ပြောစမှတ် ပြုကြသည်က "ညောင်ပင်လောက်လှူ၊ ညောင်စေ့လောက်ရ" "ညောင် စေ့လောက်လှူ၊ ညောင်ပင်လောက်ရ"ဟူသည်ကဝိပဿနာ သမားတို့၏ အကျိုးထူးမြတ်ကြောင်း။

တနည်းကား- ပစ္စယပရိဂ္ဂဟာ ဉာဏ်ရသော ပုဂ္ဂိုလ်တို့၌ ဘာဝိတဝိတရဏဝိသုဒ္ဓိဖြစ်၍—

၁။ မြတ်စွာဘုရား၏ဉာဏ်တော် ဂုဏ်တော်တို့၌ ယုံမှား ကင်းခြင်း။

၂။ တရားတော်တို့၌ ယုံမှားကင်းခြင်း။

၃။ သံဃာတော်၏ ဂုဏ်တော် ကျေးဇူးတော် တို့၌ ယုံမှားကင်းခြင်း။

၄။ မိမိ၏အကျင့်သိက္ခာတို့၌ ယုံမှားကင်းခြင်း။

၅။ သံသရာ၏ ရှေ့အစွန်း၌ ယုံမှားကင်းခြင်း။
၆။ သံသရာ၏ နောက်အစွန်း၌ ယုံမှားကင်းခြင်း။
၇။ ရှေ့နောက်အစွန်း ၂-ပါးတို့၌ ယုံမှားကင်းခြင်း။
၈။ ပဋိစ္စသမုပ္ပါဒ်တရားတော်၌ ယုံမှားကင်းခြင်း။

ဤသည်တို့ကား ယထာဘူတ အသိသစ္စာ ၄-ပါးကို သိမြင်သော ပုဂ္ဂိုလ်တို့၌ ယုံမှား ကင်းလွတ်ခြင်း တို့ပင်ဖြစ်သည်။

ဘုရား၌ ယုံမှားခြင်းကင်းသည်ဖြစ်၍-

နာနာသတ္ထာနံ မုခံ ဥလ္လောကေန္တိ ပုထုဇ္ဇနာ-ဟု ဆိုသည့်အတိုင်း အထူးထူးသောဘုရား၊ အထူးထူးသော ဆရာတို့၏ မျက်နှာကိုတမော့မော့ကြည့်နေရသော နာနာသတ္ထုဥလ္လောကန ဘေးမှလွတ်ခြင်း။

ကလျာဏ ပုဂ္ဂိုလ်တို့မှာ သုဂတိနှင့် မြဲသည်ဖြစ်၍ သစ်ရွက်ခြောက်၊ မြက်ခြောက်တို့ကို လေပွေယူ ဆောင်ပြီးကုန်းမှာ ရေမှာမရွေး ဗရမ်း ဗတာကျခြင်းရာကျဘိသကဲ့သို့ ဂတိမမြဲသောပုဂ္ဂိုလ်တို့၌ သေလျှင်ဘယ်ဘုံ ဘယ်ဘဝမှာဖြစ်ရမည်ဟု မှန်းခြေမရှိဘဲ ဗရမ်း ဗတာ ဖြစ်ချင်ရာဖြစ်၊ ရောက်ချင်ရာဘုံကိုရောက်နေသော ဝိနိပါတဘေး၊အပါယဘေးတို့မှ လွတ်မြောက်ခြင်း။

လူတို့မှာ ခြေထောက်နှစ်ချောင်း၊ မျက်စိ နှစ်လုံးနှင့်ပြည့်စုံသော သူတို့သည် လိုရာခရီးကို သွားလာနိုင်ဘိသကဲ့သို့ နာမရူပ ပရိစ္ဆေဒဉာဏ် ပစ္စယ ပရိဂ္ဂဟာဉာဏ် ၂-ပါး၌ ရုပ်မျက်စိ နာမ်မျက်စိ ၂-ပါးလုံးလည်း ပွင့်သည်၊ ရုပ်ခြေထောက် နာမ်ခြေထောက် ပေါက်သည်ဖြစ်၍ မိမိ

အလိုရှိသော အထက်ဉာဏ်တို့နှင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ သွားရောက်နိုင်ခြင်း။

ဤသည်တို့ကား ဉာတပရိဉာဏ်စခန်း၌ ရသောအကျိုး တရားတို့ ပါပေတည်း။

> ဣမိနာ ပန ဉာဏေန သမန္နာဂတော ဗုဒ္ဓ သာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတ ဂတိကော စူဠ သောတာပန္နော နာမ ဟောတိ။
>
> (အဋ္ဌကထာ)။

ဣမိနာ ပန ဉာဏေန၊ ဤနာမရူပ ပရိစ္ဆေဒဉာဏ် ပစ္စယ ပရိဂ္ဂဟဉာဏ် နှစ်ပါးနှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ ဗုဒ္ဓသာသနေ၊ မြတ်စွာဘုရား၏ မဂ်သာသနာ ဖိုလ်သာသနာ၌။ လဒ္ဓပတိဋ္ဌော၊ ထောက်ရာ တည်ရာ ရသည်ဖြစ်၍။ နိယတဂတိကော၊ သေချာ သုဂတိနှင့် မြဲသည် ဖြစ်သောကြောင့်။ စူဠ သောတာ ပန္နောနာမ၊ စူဠ သောတာပန် မည်သည်။ ဟောတိ၊ ဖြစ်၏။

ပစ္စယ ပရိဂ္ဂဟဉာဏ်၌ နာမ်ရုပ် အကြောင်း အကျိုးကို အဗျာပါရဋ္ဌေန အနတ္တဖြင့် ပယ်သတ်လိုက်ရာ သညာ ဝိညာဏ်ရိပ်ဖြစ်သော ပဋ္ဌဒွါရနှင့် ပဋ္ဌာရုံသေပြီး မူလ ဖြစ်သောသညာ ဝိညာဏ်တို့ ဆက်စပ်သော သန္တတိကို နောက်သမ္မသန ဉာဏ်သို့ တက်ရန်အတွက် ဖော်ထုတ်၍ ပေးခဲ့ရသည်ဖြစ်ပါကြောင်း။

ရှင်တော် မြတ်ဘုရား ဟောကြားတော် မူအပ်သော ဓမ္မစကြာ အနတ္တ လက္ခဏာသုတ်၊ မဟာ သတိပဋ္ဌာန်

ထိုတရားတော်တို့၏ အဆီအနှစ်ဖြစ်သော ဝိသာခါတရား ရုပ်နာမ်ပိုင်းသည်ပြီးဆုံး၍ တခန်းရပ်လိုက်ပြီ။

သတိ။ ရန်သူပိုင်းထား၊ ထိုယောကျ်ားကား၊ ပြေးထွက်
ဖို့ရာ၊ လမ်းပေါက် သာလျက်၊ ပြေးမထွက်၊
လမ်းအတွက်မဟုတ်ပေ။
မစင်လူးလျှင်၊ အေးကြည်လင်၊ ရေစင်ရှိလျက်၊
မဆေးရက်၊ ကန်အတွက်မဟုတ်ပေ။
ပညာရှိများ၊ သတိထား၊ စဉ်းစားကြပါလေ။

---

## ခန္ဓာပိုင်း ဝိသာခါတရား

စတုန္နံ ဘိက္ခဝေ အရိယသစ္စာနံ အနနုဗောဓာ
အပ္ပဋိဝေဓာ ဧဝမိဒံ ဒီဃမဒ္ဓါနံ သန္ဓာဝိတံ။

(ပရိနိဗ္ဗာနသုတ်)

ဘိက္ခဝေ၊ ရဟန်းတို့။ စတုန္နံ၊ လေးပါး ကုန်သော။ အရိယသစ္စာနံ၊ ဒုက္ခ သမုဒယ နိရောဓ မဂ္ဂဟု ဆိုအပ်သော အရိယသစ္စာတို့ကို။ အနနုဗောဓာ၊ ယထာဘူတ အသိ အနုဗောဓအသိ ပဋိဝေဓ အသိဟု ဆိုအပ်သော အသိ ၃–ပါးတို့တွင် တပါးပါးဖြင့် မသိခဲ့ ခြင်းကြောင့်။ အပ္ပဋိဝေဓာ၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်တို့ဖြင့်လည်းမသိခဲ့ ခြင်းကြောင့်။ ဧဝံ၊ ဤသို့။ ဣဒံဒီဃမဒ္ဓါနံ၊ ဤအဓွန့် ရှည်ကြာလှစွာသော သံသရာကာလပတ်လုံး။ တုမှာကဉ္စ၊ သင်ချစ်သားတို့သည် ၎င်း။ မမဉ္စေဝ၊ ငါဘုရားသည်၎င်း။ သန္ဓာဝိတံ၊ ကျင်လည် ရဘူးလှလေပြီ။ သံသရိတံ၊ မရပ်မနား ချားရဟတ်ပမာ ဆုံလည်နွားကဲ့သို့ ပြေးသွားရခဲ့လှလေပြီ။

ယထာဘူတအသိဆိုသည်ကား ဘယ်လိုအသိကို ခေါ်သနည်း။ မဖောက်မပြန် ထိုးထွင်း၍သိသည်ကို ခေါ်သည်။ မဖောက်မပြန်နှင့် ထိုးထွင်း၍ သိသည်ကို မည်ကဲ့သို့ သိရမည်နည်း။ ပညတ်ကင်းပြီးစ ပရမတ်သက်သက်မြင်သည်ကို ဆိုလိုသည်။ ဖောက်ပြန်၍ မြင်သည်ကား ဘယ်လိုလဲ၊ သညာဝိညာဏ် လုပ်ထားသည်ကို မသိ၍ မီးက ပူသည်၊ ရေခဲကအေးသည်၊ သံတုံးကမာသည်၊ ဖယောင်းက ပျော့သည်၊ သကြားက ချိုသည်၊ ဆားက ငန်သည်၊ ဗျိုင်းက ဖြူသည်၊ ကျီးကမဲသည်၊ ဤကဲ့သို့ သိသည်ကို ဖောက်ပြန်၍ သိသည်ဟု ဆိုသည်။

ထိုကဲ့သို့ ပညတ် ရုပ်နာမ်မျိုးကို လက္ခဏာ ရေးဖြင့် ပယ်သတ်၍ ထွက်လာသောကြောင့် ကျီးရုပ်နာမ်ကို အဗျာပါရဒွေန အနတ္တဖြင့် တဖန်ပယ်သတ်၍ အကြောင်းပြတ် အကျိုးငြိမ်းပြီး ထွက်လာသောပရမတ် ဆတ်ဆတ် အနတ္တ ငြိမ်းဧသော သန္တိဓာတ်ကို မြင်သည်က ယထာဘူတ အသိဟုဆိုသည်။

အနုဗောဓအသိဆိုသည်ကား ဟုတ်မှန်သည်ကိုဟုတ်မှန်သည့်အတိုင်း ရမ်းဆ၍သိခြင်း ဥပမာ အားဖြင့် ရွှေပန်းထိမ်ဆရာက ရွှေခဲကို လက်ဖြင့် ရမ်းဆပြီး ဤ ရွှေသည် တကျပ်သားဟုဆို၍ ကပ်ပေ၌ ထည့်ပြီး တကျပ် လေးနှင့် ချိန်ကြည့်ရာ တကျပ်အတိရှိနေသည်။ သို့သော်လည်း လက်ဖြင့် ရမ်းဆခါမျှနှင့် အရောင်းအဝယ် မဖြစ်နိုင်သေး၊ ကပ်ပေနှင့် ချိန်မှ တဆံခြည်မျှပိုခြင်း၊ လျော့ခြင်းမရှိ၍ အရောင်းအဝယ်ဖြစ်ဘိသကဲ့သို့ရွှေခဲကိုလက်ဖြင့်ရမ်းဆ၍သိတဲ့ အသိ

မျိုးက အနုဗောဓအသိ၊ ဥဒယဗ္ဗယဉာဏ်၌ သိရသည့်အသိမျိုးဖြစ်သည်၊ ကပ်ပေနှင့်ချိန်၍ တဆံခြည်မျှ အပို အလျော့မရှိဘဲသိတဲ့ အသိမျိုးက ပဋိဝေဓမဂ်အသိ ဖိုလ်အသိဟုဆိုသည်။

ရှင်တော်မြတ်ဘုရားက ပရိနိဗ္ဗာနသုတ်၌ အရိယာသစ္စာလေးပါးကိုဤကဲ့သို့ အသိသုံးပါးတို့တွင် တသိသိဖြင့်မသိခဲ့ကြ၍ ငါဘုရားနှင့်တကွ သင်ချစ်သား တို့သည်သံသရာ၌တလည်တည်းလည်၍ နေခဲ့ကြသည်ဟု ပရိနိဗ္ဗာန်ပြုခါနီး၌ ရဟန်းတို့ကို စုရုံးပြီး၊ အဆုံးမပေးတော်မူခဲ့သည်ဖြစ်ပါ၍ အသိသုံးပါးတို့တွင် တသိသိဖြင့်သိက သံသရာပြတ်သည်ဟုသိကြပါကုန်။

ခန္ဓာပိုင်း၌ သမ္မသနဉာဏ်က အနုလောမ အထိသစ္စာလေးပါးကို ဦးတည်ပြီးတက်ရမည်ဖြစ်၍ ယထာဘူတအသိစခန်း ပစ္စယပရိဂ္ဂဟဉာဏ်မှ ထွက်လာသော သဘာဝကိုကြည့်၍တက်ရမည်၊ ပစ္စယရိဂ္ဂဟဉာဏ်၌ ကြောင်းကျိုးကိုနည်းလေးပါးနှင့်ပယ်သတ်လိုက်ရာ ဇံ ဓမ္မတာဤသဘောရှိက ထိုသဘောရှိသည်ဟု ဒေသနာနည်းက ဆိုသည်ကားသညာရှိကဝိညာဏ်ရှိသည်၊ ဝိညာဏ်ရှိက သညာရှိသည်ကိုဆိုသည်။

လက်တွေ့နည်းက ဆက်စပ်တဲ့ သန္တတိဟု ထွက်လာသည်၊ သန္တတိဆက်စပ်သည်ဟုဆိုသည်ကလည်းသညာနှင့်ဝိညာဏ် ဆက်စပ်ခြင်းပင်တည်း၊ ထို့ကြောင့် ဒေသနာနည်းသည် လက်တွေ့နည်း၌ အကြိုးဝင်နေ၍ ဆက်စပ်တဲ့သန္တတိနှင့်ပင် သမ္မသနဉာဏ်သို့ တက်ရမည်ဖြစ်ကြောင်း။

## သမ္မသနဉာဏ်

သမ္မသနဉာဏ်သို့တက်ရန် ပစ္စယပရိဂ္ဂဟဉာဏ်မှသဘာဝ ထွက်လာသော သန္တတိ ရုပ်နာမ်ကို သိထားရမည်ဆိုရာ၌ ၁-ရုပ် သန္တတိ၊ ၂-နာမ်သန္တတိ၊ ၃-ရုပ်နာမ် သန္တတိ၊ ၃-မျိုးကိုသိရမည်။

၁။ **ရုပ်သန္တတိဆိုသည်ကား**-ရုပ်ကလာပ်တို့ ဆက်စပ်ပြီး အစိုင်အခဲဖြစ်နေခြင်းကြောင့် လူကောင်၊ နတ်ကောင်၊ ခွေး၊ ဝက်၊ ကျွဲ၊ နွား၊ ဆင်၊ မြင်း၊ သတ္တဝါကောင်အမျိုးမျိုး အစားစားတို့နှင့် ပြင်ပဗဟိဒ္ဓ၌လည်း တောတောင် ရေ မြေ မြင်းမိုရ်အစရှိသော အထည်ဝတ္ထု အမျိုးမျိုး အစားစား ဖြစ်ရှိနေသည်လည်း ရုပ်သန္တတိ ဆက်စပ်မှုပင်တည်း၊ ရုပ်သန္တတိကိုသမ္မသနဉာဏ်ဖြင့် ဝိပဿနာမရှု အဘယ်ကြောင့် ဆိုသော် ၎င်းရုပ်သန္တတိမျိုးကား မြူ ၄-ပါးခွဲစိတ်သော ခံရုံးကပင် ကိစ္စပြီးဆုံးခဲ့ပြီးဖြစ်၍ ဝိပဿနာရှုရန် မလို တော့ပြီ။

၂။ **နာမ်သန္တတိဆိုသည်ကား**-မြင်မှုနှင့် ကြားမှု၊ ကြားမှုနှင့်နံမှု လျက်မှု တွေ့ထိမှုစသော အစဉ်သဘောတို့သည်လည်း မြင်မှုချုပ်ရာမှ ကြားမှုဖြစ်သည်၊ ကြားမှုချုပ်မှနံမှု ဖြစ်လာသည်၊ ထိုကဲ့သို့တအာရုံနှင့် တအာရုံပြောင်းလွဲပြီး နေကြသည်၊ စက္ခုဒွါရ ဝီထိဆိုလျှင် “အတီတ ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ် သမ္ပဋိစ္ဆိုင်း၊ သန္တိရဏ၊ ဝုဋ္ဌော၊ ဇော၊ တဒါရုံ” စသော စိတ္တက္ခဏ ဖြစ်စဉ်တို့သည် တခုသောစိတ် ဖြစ်ပေါ်မှုကို ဥပါဒ်၊ တန့်သည်ကိုဌီ၊ ပျက်မှုကို ဘင်ကဲ့သို့ခဏငယ် ၃-ချက်

အားဖြင့် တခုသောစိတ်၏ အပျက်နှင့် တခုသောစိတ်၏ အဖြစ်၊ ဆက်စပ်ပြီးလျှင် မျက်တောင်တခတ် လျှပ်တပြက်၌ ကုဋေတသိန်း ဖြစ်ပျက်သည်ဟုဟောတော် မူသောကြောင့် ထိုကဲ့သို့ ဖြစ်ပျက် နေသော နာမ်သန္တတိ မျိုးကလည်း ဘုရားရှင်တို့အရာသာ ဖြစ်ခြင်းကြောင့် ဝိပဿနာမရှုရ ရုပ်နာမ်သန္တတိကိုမှ ဝိပဿနာရှုရမည်။

ယခင် ဆိုခဲ့သည့် အတိုင်း ရုပ်သန္တတိနှင့် နာမ်သန္တတိ မျိုးကို ဝိပဿနာမရှုရဟု တကာ-တကာမများ သိကြပြီ၊ ရုပ်နာမ်သန္တတိကိုမှ ဝိပဿနာ ရှုရမည်ဟု အဆိုထွက် သောကြောင့် ရုပ်နာမ်သန္တတိကို ရော တည်ပြရဦးမည်။

ယခု တကာ တကာမတို့ မျက်မှောက်တွင် ခုံပေါ်၌ တင်ရှိသော ပန်းဖလားကိုကြည့်၍ ဘယ်လို မြင်ကြသလဲဟု မေးလျှင် ဘယ်လို ပြောကြမည်နည်း၊ ဖလားကို မြင်ပါ သည်၊ အဖြူကိုမြင်ပါသည်ဟု မဆိုနိုင်တော့ပြီ၊ အဘယ် ကြောင့်နည်းဆိုသော် ဖလားကမြူ ၄-ပါး လက်ချက်ကပင် ကုန်ဆုံးခဲ့ပြီ၊ အဖြူကဲ့မြင်သည်ဟူ၍ငင်း၊ အကျိုးကိုထင်သည် ဟူ၍လည်း မဆိုနိုင်ပြီ၊ ၎င်းအဖြူကို မြင်သည် ဟူ၍၎င်း၊ အကျိုးထင်သည် ဟူ၍လည်း မဆိုနိုင်ပြီ၊ ၎င်း အဖြူ-အမဲဟု ဆိုအပ်သော နာမပညတ်၊ နာမရူပ ပရိစ္ဆေဒ ညဏ်က ပြီးဆုံးခဲ့ပြီ၊ အကျိုး ကိုလည်း ပစ္စယ ပရိဂ္ဂဟ ညဏ်တွင် ရှင်းလင်းပြီး ဖြစ်၍ မပြောနိုင်ပြီ၊ ယခု သမ္မသန ညဏ်သို့ ဆိုက်ရောက်တဲ့အခါမှာ အတွင်းနှင့် အပြင် ဆက်စပ်သည့် သန္တတိကိုမှ တပည့်တော်တို့ ညဏ်ထဲမှာ ထင်ပါ တော့ သည်ဆိုမှ အမှန်ကျသည်ဟု မှတ်ကြပါ။

၃။ ရုပ်နာမ် သန္တတိဆိုသည်ကား ရူပါရုံနှင့် စက္ခုပသာဒက ရုပ်,စက္ခုဝိညာဏ်နှင့် မနော ဝိညာဏ်ကနာမ်၊ သူတို့ ဆက်စပ်မှုကိုပင် ရုပ်နာမ်သန္တတိဟု ခေါ်သည်။

ရုပ်နာမ်သန္တတိကို ဝိပဿနာရှုရခြင်းကား ပြင်ဗဟိဒ္ဓ၌ ရှိသော သက်ရှိ သက်မဲ့ အရာဝတ္ထု တို့ကို မြူ ၄-ပါးနှင့် ခွဲစိတ်၍ ပြင်းဗဟိဒ္ဓ သုဉ်းဆိတ် သွားသည် ဆိုသော်လည်း ရှေ့အဖို့က ဒွါရ၌ ဆိုက်လာသော အာရုံတို့ကို သညာက အမှတ်ပြုပြီး အာရုံအဖြစ်ဖြင့် ဝိညာဏ်ထဲတွင်ဝင်ရှိ၍ မနော ဝိညာဏ်က ဆွဲကိုင် ထားသော အာရုံနှင့် အာရမ္မဏိက သူတို့ ဆက်စပ်မှုကြောင့် စက္ခုအကြည်နှင့် ရူပါရုံဖြစ်ပြီး ရုပ်နာမ်သန္တတိ ဖြစ်လာရသည်။

ရူပါရုံနှင့် စက္ခုပသာဒအာရုံ အာရမ္မဏိက အနေအားဖြင့် ဆက်စပ်မှုကြောင့် စက္ခုဝိညာဏ်နှင့် မနောဝိညာဏ်တို့ တဖန် ထွက်သွားရပြန်သည်၊ ဤကဲ့သို့ ဆက်စပ်နေမှုကို ရုပ်နာမ် သန္တတိဟု ခေါ်သည်။

ဥပမာအားဖြင့် ဝါးလုံးတလုံးကို အရင်းအဖျား ဖြတ်ပယ် ရေနံဆွတ်မီးတိုက်ပြီး မွှေ့ထားလျှင် မီးစက်ဝိုင်းကြီး တခုဟု မြင်ဘိသကဲ့သို့ ရှိရင်းက မီးတောက် အဖျားနှင့် အရင်း ၂-ခုဘဲရှိသည်၊ အာရုံနှင့် အာရမ္မဏိက ၂-ပါး သန္တတိဆက်စပ်မှုကြောင့် သံသရာစက်ဝိုင်းဖြစ်လာသည်ကို မြတ်စွာဘုရားရှင်က သုတ္တန်နည်း ပဋိစ္စသမုပ္ပါဒ် ဟောတော်မူခဲ့သည်မှာ-

စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ တိဏ္ဏံ
သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာ
ပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ။

စသဖြင့် ဟောတော်မူသည်။

သုတ္တန်နည်းအလိုအားဖြင့် မျက်စိနှင့်ရူပါရုံ ပေါင်းဆုံမိလျှင်စက္ခုဝိညာဏ်ဖြစ်ပြီး ၃-ပါး ပေါင်းဆုံမိလျှင် မနောဝိညာဏ်ကအာရုံကို တွေ့ထိသည်ကိုဖဿ၊ အာရုံကို တွေ့ထိ၍ အဆိုး အကောင်း ထွက်လာသည်ကို ဝေဒနာ၊ ဝေဒနာကြောင့် တဏှာ ဥပါဒါန် ဘဝဇာတိ ဤကဲ့သို့ ဓမ္မ ၄-ချက် ရုပ်နာမ်သန္တတိ ဆက်စပ် မှုကြောင့် သံသရာအစဉ် လည်ပတ် နေသည်ကို ပယ်ဖြတ်ရန် ဝိပဿနာတရားကို ဟောတော်မူခဲ့ရခြင်းဖြစ်သည်။

ဤကဲ့သို့ အားဖြင့် ဓမ္မ ၄-ချက်တို့သည် ပေါင်းဆုံဖြစ်ပေါ်၍ အစဉ်သဘော ရုပ်နာမ် တို့ကို လောက၌လူအပေါင်းတို့သည် ၁-မြင်သည် ဟူ၍၎င်း၊ ၂-ကြားသည် ဟူ၍၎င်း၊ ၃-နံသည် ဟူ၍၎င်း၊ ၄-စားသည် ဟူ၍၎င်း၊ ၅-ထိသည် ဟူ၍၎င်း၊ ၆-သိသည် ဟူ၍၎င်း ခေါ်ဝေါ်သမုတ်ကြခြင်းဖြစ်ပေသည်။

အစဉ်သဘောရုပ်နာမ်ကို ကာလ ၃-ပါးဖွဲ့၍ သမ္မသနဉာဏ်ဖြင့် သုံးသပ်ဝေဖန်လို့ကြည့်ရမည်။

အဘယ်ကြောင့်နည်းဆိုသော်-

ရူပံ အတီတာ နာဂတ ပစ္စုပ္ပန္နံ အနိစ္စံ ခယဋ္ဌေန ဒုက္ခံ
ဘယဋ္ဌေန အနတ္တံ အသာရကဋ္ဌေန။

ဟု ဟောတော်မူသည်ဖြစ်၍--

အတီတာနာဂတ ပစ္စုပ္ပန္နံ၊ အတိတ် အနာဂတ် ပစ္စုပ္ပန် ဖြစ်သော။ ရူပံ၊ ဆက်စပ်ခြင်း သဘောမျှ ဖြစ်သော ရုပ်တရားသည်။ ခယဋ္ဌေန၊ ကုန်တတ် ပျက်တတ်ခြင်း သဘောကြောင့်။ အနိစ္စံ၊ အနိစ္စမည်၏။ ဘယဋ္ဌေန၊ ကြောက်ဘွယ်ဖြစ်သောသဘောကြောင့်။ ဒုက္ခံ၊ ဒုက္ခမည်၏။ အသာရကဋ္ဌေန၊ အနှစ်သာရမရှိခြင်းကြောင့်။ အနတ္တံ၊ အနတ္တမည်၏။ ဟု ဟောတော်မူသောကြောင့် အတိတ်ကို အနိစ္စ၊ အနာဂတ်ကို ဒုက္ခ၊ ပစ္စုပ္ပန်ကို အနတ္တဟု ရှုကြည့်ရမည်။

သမ္မနညာဏ်၌ လိုရင်းတရားခံက ပဋ္ဌဝိညာဏ် သညာအမှက်သဘောကို ပယ်သတ်ရမည် ကဏ္ဍအခန်း ဖြစ်သောကြောင့် သညာ၏ ခြားနားပုံကိုသိပါ။

အတိတ်သညာရိပ်၊ နာမပညတ်။
အနာဂတ်သညာရိပ်၊ သဏ္ဌာနပညတ်။
ပစ္စုပ္ပန်သညာရိပ်၊ သမူဟပညတ်။

ဓမ္မ ၄-ချက်ကို ကာလသုံးပါး ဖွဲ့လျှင် ရူပါရုံ အတိတ်၊ စက္ခုပသာဒ အနာဂတ် စက္ခုဝိညာဏ်နှင့် မနောဝိညာဏ် ပစ္စုပ္ပန်ရူပါရုံနှင့် နာမပညတ် အတိတ်သဘောကုန်ပြီးဖြစ်၍ အနိစ္စလက္ခဏာမည်၏။

အနာဂတ် ဆိုသည်ကား ဖြစ်ပြီးကို စွဲ၍ မဖြစ်သေး၊ ဖြစ်ပြီးကအတိတ်၊မဖြစ်သေးက အနာဂတ်ဖြစ်၍ အတိတ်ကို အနိစ္စမြင်လျှင် အနာဂတ် ဖြစ်သော စက္ခု ပသာဒနှင့် သဏ္ဌာနပညတ်သည် မဖြစ်ပေါ် နိုင်သောကြောင့် ဒုက္ခလက္ခဏာမည်၏။

ပစ္စုပ္ပန်ဆိုသည်ကား အတိတ်ဖြစ်ပြီး အနာဂတ် မဖြစ်သေးကိုစွဲ၍ ဖြစ်ဆဲဖြစ်သည်၊ ရူပါရုံ နာမပညတ် ကုန်၍ စက္ခုပသာဒ သဏ္ဌာနပညတ် မပေါ်နိုင်လျှင် ဖြစ်ဆဲ ဖြစ်သော စက္ခုဝိညာဏ်နှင့် သမ္ဗုဟ ပညတ် တို့သည် ဖြစ်နိုင်သောအနှစ်အသား မရှိခြင်းကြောင့် အနတ္တ လက္ခဏာ မည်၏။

ထင်ရှားစွာပြပေအံ့ အတိတ်ဟုဆိုအပ်သော ရူပါရုံအဖြူ အမဲ၊ သဒ္ဒါရုံ မုံသံ,ဆိုင်းသံ၊ ဂန္ဓာရုံအမွှေး, အပုပ်၊ ရသာရုံ အချို, အချဉ်၊ ဖောဋ္ဌဗ္ဗာရုံ အမာ, အပျော့၊ ဣအာရုံ ငါးပါးတို့သည်ကား အာဒိကမ္မ စကားကစ၍ဖြစ်ပြီး နှုတ်ဖျား, လျှာဖျားတွင် ပြောဆိုပြီး ကုန် ပျက် ကင်း ချုပ်၍ သွားခြင်းကြောင့် ရူပါရုံ အတိတ် အနိစ္စလက္ခဏာ မည်၏။

အနာဂတ် ဆိုသည်ကား ဖြစ်ပြီးကိုစွဲ၍ မဖြစ်သေးသည်ကို အနာဂတ်၊ ရူပါရုံ၊ နာမပညတ်၊ အတိတ်သဘော ကုန်လျှင် အနာဂတ်ဖြစ်သော စက္ခုပသာဒ သဏ္ဌာနပညတ် မပေါ်နိုင်ခြင်းကြောင့် ဒုက္ခလက္ခဏာမည်၏။

ပစ္စုပ္ပန်ဆိုသည်ကား အတိတ် အနာဂတ် ပေါင်းလိုက် ပစ္စုပ္ပန်ခွါလိုက် အတိတ် အနာဂတ်ပေါင်းလိုက် ပစ္စုပ္ပန် ဖြစ်ခြင်းကြောင့် အတိတ် အနာဂတ်က အနိစ္စနှင့် ဒုက္ခ ဖြစ်နေလျှင် အတိတ် အနာဂတ် ပေါင်းမှ ဖြစ်နိုင်သော ပစ္စုပ္ပန်၌ ပဉ္စဝိညာဏ်နှင့် သမ္ဗုဟ ပညတ်တို့ သည်ကား အဘယ်မှာ ဖြစ်နိုင်အံ့နည်း၊ မိမိပင်ကို ဖြစ်နိုင်တဲ့ အတ္တ သဘောသုဉ်းဆိတ်နေသောကြောင့် အတ္တ အနှစ်ကင်းပြတ်သော အနတ္တ လက္ခဏာ ဖြစ်ခြင်းကြောင့် အနတ္တမည်၏။

ပစ္စုပ္ပန် ဆိုသည်ကား ၁-အဒ္ဓါနပစ္စုပ္ပန်၊ ၂-သန္တတိပစ္စုပ္ပန်၊ ၃-ခဏပစ္စုပ္ပန်၊ ပစ္စုပ္ပန်သုံးမျိုး တို့တွင် သမ္မာသနညာဏ်က ပယ်သတ်ခဲ့သည်ကား အဒ္ဓါန ပစ္စုပ္ပန်။

သန္တတိပစ္စုပ္ပန်နှင့် ခဏပစ္စုပ္ပန်တို့ကို ဉဒယဗ္ဗယဉာဏ်ကမှ ပယ်သတ်နိုင်လိမ့်မည်ဖြစ်ကြောင်း။

အဒ္ဓါနပစ္စုပ္ပန်ဆိုသည်ကား အဝွန့်ရှည်ကြာ ဖြစ်သောအရာကိုဆိုသည်၊ အဝွန့်ရှည်ကြာ ဆိုသည်မှာ ကာလသုံးပါးတို့တွင် တပါးသောကာလ၌ အခါများစွာဖြစ်၍ပျက်သည်၊ အတိတ်ကို အနိစ္စဆိုရာ၌ တခုသော အာရုံကို ဆိုသည်မဟုတ် များစွာဖြစ်သည်ကို အကြောင်းပြု၍ ဥတုအားဖြင့်မိုးဥတု၌ဖြစ်သော ရုပ်တရား နာမ်တရားတို့သည် ဆောင်းဥတုသို့ မပါမူ၍ ထိုမိုးဥတု၌ပင်လျှင် ကုန်ဆုံး ချုပ်ပျောက်လေသောကြောင့် အနိစ္စဟူ၍ရင်း။

လူတို့၌ အရွယ်သုံးပါး တို့တွင်လည်း ပဌမ အရွယ်၌ဖြစ်သော ရုပ်တရား နာမ်တရားတို့သည် ဒုတိယ အရွယ်သို့မပါမူ၍ ပဌမအရွယ်၌ ပင်လျှင် ကုန်ဆုံး ချုပ်ပျောက်လေသောကြောင့် အနိစ္စဟူ၍ ဆိုခြင်းသည် တကာလ၌များစွာဖြစ်သည်ကို မြင်စေလို၍ ဆိုသွားသည်ဖြစ်ကြောင်း။

ထို့ကြောင့် သမ္မာသနညာဏ်၌ သညာသိရုပ်နာမ် အဒ္ဓါနပစ္စုပ္ပန်ကိုပယ်သတ်သည်ဟု သိပါ၊ သမ္မာသနညာဏ် အမြင်မှန်ရသောပုဂ္ဂိုလ်တို့၌ အကျိုးကို ပြသည်မှာ သူ့အလိုလိုမပြုပြင်ဘဲ သန္တုဋ္ဌိသလ္လေခ နှစ်ပါးနှင့် ပြည့်စုံသွားသည်။

သန္တုဋ္ဌိဆိုသည်ကား သံ-ကကောင်းစွာ၊ တုဋ္ဌိက-ရောင့်ရဲသည်၊ သူတော်ကောင်း တရားနှင့် ပြည့်စုံ၍ အာရုံ

တရား၌ ရောင့်ရဲလွယ်ခြင်း၊ သလ္လေခက–ကောင်းစွာ မိမိထံ ရောက်လာသောအာရုံ၌ ရောင့်ရဲတင်းတိမ်ပြီး "နွားမျှား ဆားငန်ရေ သောက်ဘိသကဲ့သို့" မရောင့်ရဲ မတင်းတိမ် ခြင်းဖြင့် အပိုအလွန် အာရုံတို့ကို လိုက်စား လျှပ်ပေါ် လော်လီခြင်းတို့ကို ပယ်သတ်နိုင်ခြင်းအကျိုး။

## သမ္မသနဉာဏ်၌ မဂ္ဂင်ရပုံနှင့် ပါရမီဝင်ပုံကား

ကာလသုံးပါး ရုပ်နာမ်ကို လက္ခဏာရေး သုံးပါးဖြင့် ပယ်သတ်လိုက်ရာ အတိတ်ကုန်ရာမှ သမ္မာသတိ မဂ္ဂင်ထွက် လာသည်၊ အတိတ်ကုန်၍ အနာဂတ်ရုပ်နာမ် ပြတ်ရာမှ သမ္မာသမာဓိမဂ္ဂင် ထွက်လာသည်။

ပါရမီက အတိတ်ကုန်ရာမှ အဓိဋ္ဌာန်ပါရမီ။
အနာဂတ် ကုန်ရာမှ ဥပေက္ခာပါရမီ။
မဂ္ဂင်နှစ်ပါးနှင့် ပါရမီနှစ်ပါးတို့ ရလေသည်။

ဤသည်ကားသမ္မသနဉာဏ်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်တို့၏ ရသင့်ရထိုက်သောအကျိုးအာနိသံသပေတည်း။

အစဉ်သဘောရုပ်နာမ်ခန္ဓာ ၄–ချက်ကိုကာလ ၃–ပါး ဖွဲ့၍အတိတ်အနာဂတ်ကို အနိစ္စ ဒုက္ခနှင့်သိမ်းပြီး ပစ္စုပ္ပန် ကာလကို အနတ္တနှင့်ပယ်သတ်လိုက်လျှင် ဆက်စပ်မှုသန္တတိ ပြတ်ပြီး ပဉ္စဝိညာဏ်သော်၍ မသေသော မနောဝိညာဏ်က ဖြစ်ပျက်ဟု သဘာဝထွက်လာရမည်သာ ဖြစ်ပါကြောင်း။

သမ္မသနဉာဏ်ပြီးဆုံးပြီ။

## ဝိညာဏ်မြင် ဥဒယဗ္ဗယဉာဏ်

သမ္မသနဉာဏ်က အစဉ်သန္တတိရုပ်နာမ်ကို ဆက်စပ်မှု ဆိုတဲ့သန္တတိရုပ်နာမ်ကိုသာ ၃-ပါးဖွဲ့ပြီး အတိတ်ကာလကို အနိစ္စလက္ခဏာ၊ အနာဂတ် ကာလကို ဒုက္ခ လက္ခဏာ၊ ပစ္စုပ္ပန်ကာလကို အနတ္တလက္ခဏာ ကာလ သုံးပါး ရုပ်နာမ်ကို လက္ခဏာရေး သုံးပါးဖြင့် ပယ်သတ် လိုက်ရာ အဒ္ဓါနပစ္စုပ္ပန် သမူဟပညတ်ရိပ် ပဋ္ဌဝိညာဏ် သေပြီး၊ မသေသော မနောဝိညာဏ်က ဖြစ်ပျက်ဟု ထွက်လာပြန် သည်၊ ၎င်းဖြစ်ပျက်ကို ဥဒယဗ္ဗယဉာဏ်သို့တင်ပြီး သုံးသပ် ဝေဖန်၍ရှုကြည့်ရမည်။

ဥဒယဗ္ဗယဉာဏ် ဆိုသည်မှာ ဝိညာဏ်မြင် ဥဒယဗ္ဗယ ဉာဏ်, ပညာမြင် ဥဒယဗ္ဗယဉာဏ်ဟူ၍ နှစ်မျိုးနှစ်စားရှိသည် ပစ္စုပ္ပန်ကလည်း ၁-အဒ္ဓါန ပစ္စုပ္ပန်၊ ၂-ခဏ ပစ္စုပ္ပန်၊ ၃-သန္တတိပစ္စုပ္ပန်ဟု ဆိုအပ်သော ပစ္စုပ္ပန်သုံးမျိုးအနက် အဒ္ဓါနပစ္စုပ္ပန်ကို သမ္မသနဉာဏ်က ပယ်သတ်လိုက်သည်၊ ခဏပစ္စုပ္ပန်ကို ဝိညာဏ်မြင် ဥဒယဗ္ဗယဉာဏ်က ပယ်သတ်၍ သန္တတိပစ္စုပ္ပန်ကို ပညာမြင် ဥဒယဗ္ဗယဉာဏ်က ပယ်သတ် ရလိမ့်မည်ဖြစ်ကြောင်း။

ဥဒယဗ္ဗယဉာဏ်သည် ကံကိုပယ်သတ်ရမည့် ကဏ္ဍဖြစ်၍ ကံ၏ အကြောင်းကို သိရမည်၊ ကံကိုအဘိဓမ္မာကပြဆို ထားသည်မှာ ၁-ဇနကကံ၊ ၂-ဥပထမ္ဘကကံ၊ ၃-ဥပ ပီဠကကံ၊ ၄-ဥပဃာတကကံဟူ၍ ၄-မျိုးလေးစားရှိရာ၌ ဇနကကံဆိုသည်ကား အတိတ်ကံကိုဆိုသည်၊ ဥပထမ္ဘက ကံသည်ကား ပစ္စုပ္ပန်ကံဖြစ်သည်၊ ဥပထမ္ဘကဖြစ်သော

ကံကို နှိပ်စက်တဲ့ကံကို ဥပပီဠကကံခေါ်သည်၊ အတိတ်ဖြစ်သောဇနကကံကို ဖျက်ဆီးသောကံကို ဥပဃာတကကံခေါ်သည်။

ဥပထမ္ဘကကံနှင့်ဥပပီဠကကံကို ဝိညာဏ်မြင် ဥဒယဗ္ဗယဉာဏ်က ပယ်သတ်ပြီး အတိတ်ဖြစ်သော ဇနကကံနှင့် ဥပဃာတကကံကိုပညာမြင် ဥဒယဗ္ဗယ ဉာဏ်ကပယ်နှုတ်ရလိမ့်မည်ဖြစ်ကြောင်း။

ဝိညာဏ်မြင် ဥဒယဗ္ဗယဉာဏ်ကအဝင်သဘောဖြစ်သော မနောဝိညာဏ်ကို ပယ်သတ်ရမည့်ကဏ္ဍဖြစ်၍ ဝိညာဏ်က သညာအကာပါရှိသော မနောဝိညာဏ်, သညာကင်း၍ဖြစ်သော မနောဝိညာဏ်ဟု နှစ်မျိုးရှိရာ၌ သညာကင်း၍ဖြစ်သော မနောဝိညာဏ်ကို ပယ်သတ်နိုင်မှ ပစ္စုပ္ပန်ကံကို ပယ်နှုတ် နိုင်မည်၊ သညာကင်းသော မနောဝိညာဏ်ကို ပယ်သတ်ရန် သညာပါသော ခဏပစ္စုပ္ပန်ကိုပယ်သတ်ရဦးမည်။

ခဏပစ္စုပ္ပန် ဆိုသည်ကား ဒွါရ ငါးပေါက်၌ အာရုံ ငါးပါးတိုက်ဆုံလာတဲ့အခါ ဖြစ်ပေါ်လာပုံကို မြတ်စွာဘုရား ဟောတော်မူခဲ့သည်မှာ "စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော"ဟု မိန့်ဆိုထားသောကြောင့် စက္ခုနှင့် ရူပါရုံနှစ်ပါးကို အစွဲပြု၍ စက္ခုဝိညာဏ်ဖြစ်သည်၊ ရူပါရုံ စက္ခုပသာဒ စက္ခုဝိညာဏ်ပေါင်းဆုံမိခြင်းကြောင့် အာရုံကိုတွေ့သော မနောဝိညာဏ်ဖြစ်သည်ကို ဝိပဿနာ အရာ၌ ဖဿဟု ခေါ်သည်ဖြစ်ကြောင်း။

ရူပါရုံ စက္ခုပသာဒ စက္ခုဝိညာဏ် ၃-ပါး ပေါင်းဆုံ မိလျှင် မြင်ဖြစ်ပြီး သုံးပါးကိုစွဲ၍ မနောဝိညာဏ်သိဖြစ်လာ သည်ကို မြင်သိဖြစ်လာသည်ကို မြင် သိ ဖြစ် ပျက်၊ နား၌ လည်း သဒ္ဒါရုံ သောတပသာဒ သောတဝိညာဏ် မနော ဝိညာဏ်ဖြစ်သည်ကို ကြား သိ ဖြစ် ပျက်၊ နှာခေါင်း, လျှာ, ကိုယ်စသည်တို့၌လည်း နံ သိ ဖြစ် ပျက်၊ လျက်သိဖြစ်ပျက်၊ တွေ့ သိ ဖြစ်ပျက်၊ ဖြစ်သည်ကိုဥဒယ၊ ပျက်သည်ကို ဝယ၊ ဖြစ်ပျက် ဥဒယ ဝယကို မဖြစ်မပျက်အောင် အနတ္တညာဏ် ဖြင့် ပယ်နှုတ်နိုင်ရမည်။

ဖြစ်နှင့်ပျက်ကို လောကဟု ခေါ်သည်၊ လောကကို သတ္တုချ၍ကြည့်လိုက်သော် အဖြစ်နှင့်အပျက် ၂-ပါးသာ ရှိ၍ မြတ်စွာဘုရားရှင်က ဝေနေယျ သတ္တဝါ အပေါင်း တို့အား လောကမှလွှန်မြောက်စေလို၍ ဝိပဿနာတရားကို ဟောတော်မူလျက်နှင့် ပစ္စုပ္ပန် အာရုံနိမိတ် ဖြစ်ပျက် သညာစွဲ ဝိညာဏ်စွဲတို့ကို အဟုတ် ဖြစ်ပျက်ထင်၍ ရှုကြည့် ဖန်များက လက္ခဏာလမ်းဖြစ် သဿတဒိဋ္ဌိ၊ လက်ဝဲလမ်းပျက် ဥစ္ဆေဒဒိဋ္ဌိ၊ လက်ဝဲ-လက်ျာ အယုတ် တရား ၂-ပါး၌ နစ်မြုပ်၍ ဝိပဿနာဘေးရန် ၁၀-ပါးနှင့် တွေ့ကြုံတတ် ပါသည်။

ဘေးရန် ၁၀-ပါးအကြောင်း နိမိတ္တကား ၁-ဩဘာသ၊ ၂-ပီတိ၊ ၃-ပဿဒ္ဓိ၊ ၄-အဓိမောက္ခ၊ ၅-ပဂ္ဂဟအကြောင်း ၅-ပါး။ အကျိုးနိမိတ္တကား ၁-သုခံ၊ ၂-ဉာဏ၊ ၃-ဥပ ဋ္ဌာန၊ ၄-ဥပေက္ခာ၊ ၅-နိကန္တိ အကျိုး ငါးပါးပေါင်း ၁၀-ပါးသော အန္တရာယ်မျိုးနှင့် တွေ့ကြုံတတ်သည် ဖြစ်၍

ဖြစ်ပျက်ကို အနတ္တဉာဏ်ဖြင့် ပယ်နှုတ်၍ မဖြစ်မပျက်ကို မြင်မှ သံသရာမှထွက်မြောက်သော မဇ္ဈိမပဋိပဒါ လမ်းမှန် ဖြစ်ကြောင်း။

မြင်သိဖြစ်ပျက်ကို တကယ်ဖြစ်နိုင် သလောဟု စိစစ် ကြည့်ရာ သိဟု ဆိုအပ်သော မနောဝိညာဏ်က ဖြေဆို သည်မှာ ၁-ရူပါရုံ၊ ၂-စက္ခုပသာဒ၊ ၃-စက္ခုဝိညာဏ် သုံးပါးပေါင်းဆုံမှုကြောင့် မြင်ဟုဆိုအပ်သော သဘော တရားကိုစွဲမှ ဖြစ်နိုင်ပါသည်ဟု ပြောဆို မှုကြောင့် ၎င်းဖြေဆိုချက် အတိုင်း သူ၏မှီခိုရာ ဖြစ်သော ၁-ရူပါရုံ၊ ၂-စက္ခုပသာဒ၊ ၃-စက္ခုဝိညာဏ် သုံးပါးကို ပယ်နှုတ် ထားက သူ့ပင်ကိုအလိုအတိုင်း မဖြစ်နိုင်သောကြောင့် ဖြစ်နိုင်သည်ဟု ဆိုအပ်သော အတ္တသဘော သုဉ်းဆိတ်၍ နေသောကြောင့် သိဟုဆိုအပ်သော မနောဝိညာဏ်သည် အနတ္တတရား၌ ဦးခေါင်းဝင်ရလေသည်။

၎င်းနည်းအတိုင်း ရှုကြည့်လျှင် ကြားသိ၊ နံသိ၊ လျက်သိ၊ တွေ့သိတို့ပါ အကုန်လုံးအနတ္တတရား၌ ကျရောက်နေသော ကြောင့် ပဉ္စာရုံ မနောဝိညာဏ်သည် ဖြစ်သဘောမှ မဖြစ် သဘောသို့ကျရောက်ရလေသတည်း။

ပဉ္စာရုံမနောဝိညာဏ်ကို ပယ်သတ်ရခြင်းကား ပဉ္စာရုံ မနော ဝိညာဏ်၌ သညာ အကာပါရှိနေ၍ သညာ ကင်းသော မနောဝိညာဏ်ကိုတွေ့စေလို၍ ပယ်သတ်ရခြင်း သာတည်း၊ ပဉ္စာရုံ မနောဝိညာဏ်ကို တွေ့စေ လို၍ ပယ်သတ်ရခြင်းသာတည်း၊ ပဉ္စာရုံမနောဝိညာဏ်သေတော့ ဓမ္မာရုံမနောဝိညာဏ်ကဘွားကနဲထွက်လာပြန်သည်။

ဓမ္မာရုံ မနောဝိညာဏ်ဆိုသည်ကား ၁-မျက်စိပေါက်၊ ၂-နားပေါက်၊ ၃-နှာခေါင်းပေါက်၊ ၄-လျှာပေါက်၊ ၅-ကိုယ်ပေါက် အပေါက် ငါးပါးတို့ကို အသုံးမပြုဘဲ ခနောပေါက်သက်သက်၌ အသိတရား ဖြစ်ပေါ်လာခြင်း ပင်တည်း။

ဤင်းမနောဝိညာဏ်ကိုပယ်သတ်ရန်အတွက်ရှင်ပေါဋ္ဌိလ မထေရ်မြတ်နှင့် သာမဏေငယ် တရားပြရာ၌ ရှင်ပေါဋ္ဌိလ မထေရ်သည် ရှေးဘုရား ၆-ဆူတိုင်တိုင်ပိဋကတ်တတ်ရာ၌ တေဒဂ်ရလာသော ပုဂ္ဂိုလ်တပါးပင်တည်း။

ရှင်ဂေါတမ မြတ်စွာဘုရား လက်ထက်တော်၌လည်း တဖန်ကျမ်းတတ်ရာ၌တေဒဂ်ရပြီးမှ ပိဋကတ်သုံးပုံ နိကာယ် ငါးရပ် အင်္ဂါ ၉-တန် ဓမ္မခန္ဓာပေါင်း ၈၄၀၀၀-တို့ကို နှုတ်ငုံဆောင်ထားပြီး မဂ်ဖိုလ်မှ အချည်းအနှီးဖြစ်နေသည် ကိုမြတ်စွာဘုရားရှင် မြင်တော်မူ၍ သတိရ စေခြင်းငှာ ထို အရှင်မြတ် မြတ်စွာဘုရားရှင်ထံသို့ ရောက်တိုင်းရောက်တိုင်း တုစ္ဆပေါဋ္ဌိလ လာသလား၊ ပြန်မည့်အခါလည်း တုစ္ဆ ပေါဋ္ဌိလ သွားတော့မည်လားဟု အကြိမ်ကြိမ် ပြောဆို လေသည်။

ရှင်ပေါဋ္ဌိလမထေရ်သည် သတိရ၍ တနေ့သ၌ တရား ရှာရန် တောအရပ်သို့သွား၍ တခုသောကျောင်း၌ နေထိုင် သော မထေရ်ကြီးထံချဉ်းကပ်ပြီး အရှင်ဘုရား- တပည့် တော်ကိုမဂ်ဖိုလ်ရလောက်သောတရားကို ပေးသနားတော် မူပါဟု လျှောက်ထား တောင်းပန်လေသည်။

ထိုအခါမထေရ်ကြီးက ရှင်ပေါဋ္ဌိလမထေရ်၏ စာတတ်မာန၊ ဝါတော်ကြီး မာန၊ တပည့် ၅၀၀-တို့ကို စာချနေသော ဆရာမာန ကျစေခြင်းငှာ မိမိကိုယ်တိုင် မပေးဘဲ အောက်တပည့်ကို လွှဲလိုက်ပြန်သည်။

တပည့်ကြီးတို့ကလည်း အဆင့်ဆင့် လွှဲလိုက်၍ အဆုံး ၇-နှစ် အရွယ် ရှိသော အာသဝေါ ကင်းစင် ပြီးသော သာမဏေငယ်ထံ ရောက်လာ၍ ပုဆစ်ဒူးချပြီး လက်အုပ်ချီလျက် ငါ့ရှင် သာမဏေ-ရဟန်းကြီးကို ဆုံးမတော်မူပါဟု တရားတောင်းလေသည်။

ထိုအခါ သာမဏေငယ်က အရှင်ပေါဋ္ဌိလမထေရ်အား တရားပြသည်မှာ တောင်ပို့တခု၌ ဖွတ်တကောင် အမြဲကိန်းဝင်၍ ရှိနေပေသည်၊ ထိုတောင်ပို့၌ လည်း ထွက်ပေါက် ဝင်ပေါက် အပေါက် ၆-ပေါက်ရှိသည်။ ထိုဖွတ်ကို မိအောင်ဘယ်လို ဖမ်းမည်နည်းဟု မေးရာ ရှင်ပေါဋ္ဌိလမထေရ်က ၅-ပေါက်ကိုပိတ်ပြီး တပေါက်ကနေ၍ ဖမ်းလျှင် ဖွတ်ကိုမိမည်ဟု ဆိုလေသည်။

ထိုအခါ သာမဏေငယ်က ပြောဆိုသည်မှာ ရဟန်းကြီး ခန္ဓာကိုယ်၌ တောင်ပို့ နည်းအတူ အပေါက် ခြောက်ပေါက်ရှိရာ ငါးပေါက်ကို ပိတ်ပြီး တပေါက်က နေ၍ ဖမ်းရမှာဘဲဟု ပြောဆိုလိုက်ရာ ရှင်ပေါဋ္ဌိလ မထေရ်မှာ တရားရ၍ အာသဝေါ ကင်းစင်ပြီး ရဟန္တာ အဖြစ်သို့ ရောက်တော်မူရလေသည်။

အပေါက် ငါးပေါက်ကို ပိတ်ပြီး တပေါက်က နေ၍ ဖွတ်ကိုဖမ်းရမည်ဟု ပြောဆိုဘိသကဲ့သို့ဘယ်လိုဖြစ်သနည်း၊

ပဋ္ဌဒွါရ ငါးပေါက် တို့ကို အသုံးမပြုဘဲ မနောပေါက် သက်သက်မှ မနောဝိညာဏ် ဖြစ်ပျက် နေသည်ကို ဓမ္မာရုံ မနောဝိညာဏ် ဖြစ်ပျက်သည်ဟု ခေါ်သည်၊ အထက်က မြင်ဘူး ကြားဘူးတဲ့အာရုံတို့ကို တွဲကြည့်၍ အသိ ဖြစ်လာရ ခြင်းမှာ ထင်ရှားစွာ ပြပေအံ့။

စစ်တွေမြို့မှ အကြင် လူတယောက်သည် ဆံတော်ရှင် စေတီကိုသွားဖူးရာ စေတီဟု ခေါ်သော နာမ ပညတ်, အခေါ်ခံသဏ္ဌာနပညတ် ၂-ပါးကို ပေါင်း၍ မြင်သော သမူဟပညတ်နှင့်ဆက်စပ်သော သန္တတိ ပညတ်နှင့် ဆက် ပေါင်း၍သိသော မနောဝိညာဏ်မြင်သိကစေတီကိုဖူးမျှော် ၍ပြန်လာခဲ့ရာ မနောဝိညာဏ်၌ ပညတ်လေးပါး ကိန်းဝင် ၍ပါရှိနေသောကြောင့် နောင်တဖန် ၎င်းစေတီကို နှလုံး သွင်းတိုင်း ပညတ် ၄-ပါး အရိပ်ပေါင်းဆုံ၍ ပေါ်လာလျှင် အထက်က မြင်ခဲ့သည့်အတိုင်း မြင် သိ ဖြစ် ပျက် ဖြစ်နေပြန် သည်။

၎င်းမနော ဝိညာဏ် ဖြစ်ပျက်ကို တကယ် ဖြစ်နိုင် သလောဟု စစ်ဆေးကြည့်ရာ ပညတ် ၄-ပါးကို အမှီပြု၍မှ ဖြစ်ရပါသည်ဟု အဆို ထွက်သောကြောင့် မိမိပင်ကို ဖြစ်နိုင်သော အတ္တသဘော သုဉ်းဆိတ်နေ၍ မဖြစ်သဘော မပျက်သဘောကို တွေ့မြင်ရလေသည်။

မနောဝိညာဏ် သုညတအနတ္တ၌ ဦးခေါင်းကျ၍ အဖြစ် အပျက်လွတ်သွားလျှင် ပညတ် လေးပါးသာ အမှန်ဖြစ် သည်၊ အမှန်ဖြစ်သည် အမှန့်ပျက်သည်ဟု စွဲဆိုလာပြန် သည်။

၎င်းပညတ် ၄-ပါးကိုလည်း ဖြစ်နိုင် သလောဟု တဖန် စစ်ဆေးကြည့်ရာ ပညတ် ၄-ပါးက အဆို ထွက်လာ သည်မှာ-

နာမပညတ်က ရူပါရုံကိုမှီရမှ ဖြစ်နိုင်သည်။
သဏ္ဌာနပညတ်က စက္ခုပသာဒကိုမှီရမှ ဖြစ်နိုင်သည်။
သမူဟပညတ်က စက္ခုဝိညာဏ်ကိုမှီရမှ ဖြစ်နိုင်သည်။
သန္တတိပညတ်က မနောဝိညာဏ်ကိုမှီရမှ ဖြစ်နိုင်သည်။

၎င်းပညတ် ၄-ပါး၏ ကျောထောက်နောက်ခံ မှီခိုအား ထားရာဖြစ်သည့် ရူပါရုံ စသောဓမ္မ ၄-ချက်က အောက် ဉာဏ် ယထာဘူတအသိကပင် ကုန်ပြီးဖြစ်၍ ပညတ် -၄ပါး ကလည်း မိမိပင်ကို အဘယ်မှာ ဖြစ်နိုင်အံ့နည်း၊ မဖြစ် မပျက်သဘောသာလျှင် အမှန်ပင်တည်း။

ပစ္စယ သာမဂ္ဂီ ဆိုတဲ့ ပညတ် ၄-ပါး အကြောင်း ညီညွတ်၍ ပေါင်းဆုံမိသည်ကို ပစ္စုပ္ပန်ကံရိပ်၊ ၎င်းကံပိုင်း ထောက်ပံ့သော ဥပထမ္ဘကကံဟု ခေါ်သည်၊ ပညတ် ၄-ပါးကို အဗျာပါရဓမ္မေနာဘာဝ အနတ္တဖြင့်မြင်၍ သုဉ်း ဆိတ် သွားသည် ကိုပင် ဥပဃာတကကံ ပျက်သည်-ဟု ဆိုကြောင်း။

**ဝိညာဏ်မြင် ဥဒယဗ္ဗယဉာဏ်ပိုင်သောသူတို့၌**
**ဖြစ်လာရသောအကျိုးကား**

၁။ ဘုရား, တရား, သံဃာ၏ဂုဏ်တို့ကို ယုံကြည် သက် ဝင်သော အကျိုးတပါး။

၂။ ကံ, ကံ၏အကျိုးကို ယုံကြည်သော သမ္မာသဒ္ဒါ သမ္မာဒိဋ္ဌိပုဂ္ဂိုလ် ဖြစ်ရခြင်း အကျိုးတပါး။

၃။ သံသရာမှ လွတ်မြောက်လိုသော နိဿရဏ ဓာတ်ခံနှင့် ပြည့်စုံရခြင်း။

၄။ ဥဒယဗ္ဗယဉာဏ်၌ ပစ္စုပ္ပန် မနေသော ဝိညာဏ်ကို ပယ်သတ်၍ ပစ္စုပ္ပန် သေရာတွင် သမ္မသနဉာဏ်က ပယ်သတ် ခဲ့သော အတိတ် အနာဂတ် တဖန် စင်ကြယ်ပြီး ပါဝင်နေသည်ဖြစ်၍ ဥဒယဗ္ဗယဉာဏ်၌ သမ္မာဝါယာမ၊ သမ္မာသတိ၊သမ္မာသမာဓိပညာနှင့် ယှဉ်သော သမာဓိမဂ္ဂင် ၃-ပါးလုံးနှင့် ပညာမဂ္ဂင် သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ ပေါင်းပြီး သမာဓိပဉ္စင်္ဂိကမဂ်ကို ရသည်။

ပါရမီက သမ္မာဝါယာမ မဂ္ဂင်မှ ဝိရိယပါရမီ သမ္မာသတိနှင့် သမ္မာသမာဓိက အဓိဋ္ဌာန်နှင့် ဥပေက္ခာပါရမီကို ရသည်။

သမာဓိ ပဉ္စင်္ဂိကမဂ်ကို ရသည်ဟု ဓမ္မစကြာ တရားတော်က ဖွင့်ဆိုခဲ့သည်။

သမာဓိပဉ္စင်္ဂိကမဂ်ကို ရရာ၌ ပါရမီသုံးပါး ပါဝင် ပြည့်စုံနိုင်သည်ဖြစ်ပါကြောင်း။

ဤသည်ကား ဝိညာဏ်မြင် ဥဒယဗ္ဗယဉာဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့၏ ရအပ်သော အကျိုး အာနိသံသပေတည်း။

## ပညာမြင် ဥဒယဗ္ဗယဉာဏ်

ဝိညာဏ်မြင် ဥဒယဗ္ဗယဉာဏ်မှ ပညာမြင် ဥဒယဗ္ဗယဉာဏ်သို့ ဘယ်ပုံဘယ်နည်း တက်ရမည်ဟု ဆိုသော် ရုပ်နာမ်သေက ခန္ဓာထွက်ရမည်၊ ခန္ဓာသေက ပဋိစ္စသမုပ္ပါဒ်ထွက်ရမည်ဟု ဆိုသောမူအတိုင်း ခန္ဓာထွက်ပုံ ထွက်နည်းကို တွေ့ပြီးမှ ၎င်းခန္ဓာကို အပြစ်နှင့်တကွ ဖမ်းဆီးပြီး ပယ်သတ်ရမည်ဖြစ်၍ ခန္ဓာဘယ်လိုထွက်သနည်း ဆိုသော် မြတ်စွာဘုရား ပဋိစ္စသမုပ္ပါဒ်ကို ဟောတော်မူခဲ့သည်မှာ-

စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော ဖဿ ပစ္စယာ ဝေဒနာ။

ဟု ဟောတော်မူသောကြောင့် ဝေဒနာကစ၍ ခန္ဓာထွက်ရမည်။

အဝင်သဘော ရုပ်နာမ်သေ၍ အထွက်သဘော ပေါ်လာသည်ကို ဝေဒနာက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာကိုမှီ၍ ဝိညာဏက္ခန္ဓာ ပစ္စုပ္ပန်မှ အတိတ် သညာက္ခန္ဓာကဖြစ်၊ အနာဂတ် သင်္ခါရက္ခန္ဓာက ပျက်ဟု နာမ်ခန္ဓာလေးပါးတို့သည် ပေါ်ထွက်လာပြီး ပစ္စုပ္ပန်ဖြစ်သော ဝိညာဏက္ခန္ဓာကို မဏ္ဍိုင်ထားပြီး အတိတ် သညာက္ခန္ဓာက ဝင်လိုက် အနာဂတ် သင်္ခါရက္ခန္ဓာကထွက်လိုက် ဤကဲ့သို့ ဝင်လိုက်ထွက်လိုက်နှင့် နာရီစက္ကန့်များ အသွားအပြန်လည်နေဘိသကဲ့သို့ ဝင်ထွက်လုပ်နေကြသည်။

၎င်းခန္ဓာတို့သည် အဘယ်တရားကိုအမှီပြု၍ ပေါ်ထွက်လာကြသနည်းဆိုသော် ရုပ်နာမ်သေရာတွင် ရုပ်က သညာရိပ်ဖြစ်၍ ရုပ်သေရာမှ သညာက္ခန္ဓာ ထွက်သည်၊ နာမ်က

ပြုလုပ်တတ်သည့်တရားဖြစ်၍ နာမ်သေရာမှ သင်္ခါရက္ခန္ဓာ ထွက်သည်၊ နှစ်ပါးပေါင်းဆုံမိက ဝေဒနာက္ခန္ဓာ သုံးပါး ပေါင်းဆုံမိက ဝိညာဏက္ခန္ဓာ ၄-ပါး ပေါင်း ရူပက္ခန္ဓာ ပေါင်း ခန္ဓာငါးပါး။

တနည်းကား-ကာလသုံးပါး သန္တတိ ရုပ်နာမ် သေ၍ အတိတ်မှသညာက္ခန္ဓာအနာဂတ်မှ သင်္ခါရက္ခန္ဓာ ပစ္စုပ္ပန်မှ ဝေဒနက္ခန္ဓာ သုံးပါးပေါင်း ဝိညာဏက္ခန္ဓာ လေးပါး ပေါင်းဆုံမိက ရူပက္ခန္ဓာ။

နောက်တနည်းကား-ပညတ် ၄-ပါးသေ၍ နာမပညတ်မှ သညာက္ခန္ဓာ၊သဏ္ဍာနပညတ်မှသင်္ခါရက္ခန္ဓာ၊ သမူဟပညတ်မှဝေဒနာက္ခန္ဓာ၊ သန္တတိပညတ်မှဝိညာဏက္ခန္ဓာ၊ နာမ်ခန္ဓာ လေးပါးပေါင်းဆုံမိက ရူပက္ခန္ဓာ၊ ခန္ဓာပေါ်ထွက်လာပုံ တရပ်ပြီး၏။

၎င်းခန္ဓာငါးပါးကို သညာက္ခန္ဓာ ရှေ့ဆောင်မှုကြောင့် အတိတ်ခန္ဓာဟု ခေါ်သည်၊ ဒွေးခန္ဓာ အပါယ်လေးပါး ခန္ဓာခေါ်သည်၊ အန္ဓပုထုဇန်တို့မှာ အဟိတ်ခန္ဓာမျိုးပါရှိ နေခြင်းကြောင့် အထက်ဘဝဂ်ဘုံမှာ ဗြဟ္မာမင်းပင်ဖြစ် လင့်ကစား အပါယ် လေးဘုံသို့ ပြန်လာ ရကြောင်းကို မြတ်စွာဘုရားရှင်က-

ဥက္ခိတ္တာ ပုညတေဇေန၊ ကာမရူပ ဂတိံ ဂတာ။
ဘဝဂ္ဂန္တမ္ပိ သမ္ပတ္တာ၊ ပုန ဂစ္ဆန္တိ ဒုဂ္ဂတိံ။

(အင်္ဂုတ္တရပါဠိတော်)

ပုညတေဇေန၊ ကောင်းမှုရှိန်စော် အာနုဘော်သည်၊ ဥက္ခိတ္တာ၊ မြောက်တင်အပ်ကုန်သည်ဖြစ်၍။ ကာမရူပဂတိံ။

လူ့ပြည် နတ်ပြည်မြဟ္မာပြည်သို့ တခါတခေါက်ကံကောင်း ထောက်၍လာရောက်ကြကုန်သောသူတို့သည်။ ဘဝဂ္ဂန္တမ္ပိ၊ နေဝသညာနာသညာဘုံတကာ အထက်ဆုံးသို့။သမ္ပတ္တာပိ၊ ရောက်ကြကုန်သော ပုထုဇန် ဗြဟ္မာတို့သည်လည်း။ ပုန၊ တဖန်။ ဒုဂ္ဂတိံ၊ ငရဲစသောအပါယ်လေးဘုံသို့။အာဂစ္ဆန္တိ၊ ကျရောက်ရလေသတည်း။

မြန်မာလို အဖြောင့်ဆိုလျှင် အပါယ်လေးပါး ပါရှိနေခြင်းကြောင့်ဗြဟ္မာမင်းဖြစ်သော်လည်း အပါယ်လေးပါးမှ မလွတ်နိုင်သေးကြောင်း။

အန္ဓပုထုဇန်တို့၏ရင်ထဲ နှလုံးထဲ၌ မြွေပွေး မြွေဟောက် ပမာအစဉ် ကိန်းဝင်၍ ပါရှိနေသော အတိတ်သဘော သညာက္ခန္ဓာ သဿတဒိဋ္ဌိ၊ ဖြစ်သဘောနှင့် အနာဂတ် သဘော သင်္ခါရက္ခန္ဓာ ဥစ္ဆေဒဒိဋ္ဌိ၊ ပျက်သဘော သူတို့ နှစ်ပါးကိုပင် မြတ်စွာဘုရားရှင်က အယုတ်တရားနှစ်ပါးဟု ဓမ္မစကြာတရားတော်၌ ဟောတော်မူခဲ့သည်မှာ–

ဒွေ မေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန နသေဝိတဗ္ဗာ။

ဘိက္ခဝေ၊ ရဟန်းတို့။ ပဗ္ဗဇိတေန၊ သံသရာဝဋ် တကျော ညွှတ်မှ လွတ်မြောက် လိုသော သူသည်။ ဒွေ၊ နှစ်ပါး ကုန်သော။ ဣမေအန္တာ၊ ဤသံသရာလက်ျာလမ်းဖြစ်သော ကာမသုခလ္လိကာနုယောဂ သဿတဒိဋ္ဌိ၊ သံသရာလက်ဝဲ လမ်းတည်းဟူသော အတ္တကိလမထာနုယောဂ ဥစ္ဆေဒ ဒိဋ္ဌိဖြစ်နှင့် ပျက်ဟုဆိုအပ်သော အယုတ်တရားနှစ်ပါးတို့ကို။ နသေဝိတဗ္ဗာ၊ မမှီဝဲအား မထုတ်အပ်ကုန်ဟု ဟောတော် မူခဲ့သည်ဖြစ်ကြောင်း။

ပုထုဇဉ်တို့မှာ ယခင်ကဆိုခဲ့ပြီးသော အယုတ်တရား နှစ်ပါး သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိ နှစ်ပါးသည် ရင်ထဲ နှလုံးထဲ၌ အမြဲပါရှိနေခြင်းကြောင့် အကြောင်းတိုက်ဆိုင် လာလျှင် မာယာသာဌေယျဟုဆိုအပ်သော လှည့်ပတ်မှုနှင့် ကောက်ကျစ်မှုနှစ်ပါး ဖြစ်ပေါ်လာကြသည်။

**မာယာ ဆိုသည်ကား**– အကြောင်း တိုက်ဆိုင် လာလျှင် မိမိ၌ဖြစ်စေ မိမိနှင့် တော်စပ်သူတို့ထံဖြစ်စေ အပြစ်ပေါ် လာလျှင် ဖုံးကွယ်မှုပြုသည်ကို မာယာဟု ခေါ်သည်။

**သာဌေယျဆိုသည်ကား**– သူတပါးထံ၌ အပြစ်ကိုပေါ် လွင်အောင် ဖော်ထုတ်၍ ပြောဆိုသည်ပို သာဌေယျ ကောက်ကျစ်သည်ဟုဆိုသည်။

တနည်း–အတ္တုက္ကံသန ပရဝမ္ဘနလည်းရှိပြန်သေးသည်။
**အတ္တုက္ကံသနဆိုသည်ကား**– မိမိကိုယ်ကို ချီးမြှောက်ခြင်း။
**ပရဝမ္ဘနဆိုသည်ကား**–သူတပါးကို ရှုတ်ချ၍ပြောဆိုခြင်း။

မာယာသာဌေယျနှင့် အတ္တုက္ကံသန ပရဝမ္ဘန သဘော တို့သည် သညာကန္ဓာ သဿတဒိဋ္ဌိ၊ သင်္ခါရက္ခန္ဓာ ဥစ္ဆေဒ ဒိဋ္ဌိ အယုတ်တရား နှစ်ပါးတို့မှ ပေါ်ထွက် လာကြရသည် ဖြစ်ကြောင်း။

သတ္တဝါတို့၏ မျက်မှောက်တွင် တစုံတခုသော အရာ ဝတ္ထုတခုခုကို တစုံ တယောက်သော သူက မေးခဲ့လျှင် လူ, ခွေး, အိမ်, ကျောင်း, ဟင်းစား ပန်းကန် စသည်ဖြင့် ပြောဆိုနိုင်ခြင်းသည် နှလုံးထဲ၌ ဆိုခဲ့ပြီးသော သညာကန္ဓာ ပါရှိနေခြင်းကြောင့်ခွေးဆွဲ ဆွဲသည်ဟု ခွေးခန္ဓာ တိရစ္ဆာန်

ခန္ဓာ အဟိတ်ခန္ဓာဟုခေါ်သည်၊ အဟိတ် တိရစ္ဆာန်တို့မှာ သညာ ဝိညာဏ် နှစ်ပါးပင် ရှိသော်လည်း ဝိညာဏ် မပြင်းသန်း သညာက ရှေ့ဆောင်ပြီး ပြင်းသန်းသောကြောင့် အဟိတ်တိရစ္ဆာန်ခန္ဓာဟုခေါ်သည်။

ဒွိဟိတ်ခန္ဓာတို့မှာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ၊သညာက္ခန္ဓာနောက်မှ သင်္ခါရက္ခန္ဓာ လိုက်လျှင် အဟိတ်ခန္ဓာ၊ သညာက္ခန္ဓာ နောက်မှ ဝေဒနာက္ခန္ဓာလိုက်လျှင် ဒွိဟိတ်ခန္ဓာ။

## အဟိတ်နှင့်ဒွိဟိတ်တို့ခြားနားပုံ

တိဟိတ်ခန္ဓာမှာဝေဒနာက္ခန္ဓာရှေ့ဆောင်ပြီးသညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ တိဟိတ်ပုဂ္ဂိုလ်တို့မှာ ဝေဒနက္ခန္ဓာရှေ့ဆောင်၍ ပရမတ်ကိုအာရုံယူနိုင်သည်။

အဟိတ် ဒွိဟိတ်တို့မှာ သညာက္ခန္ဓာ ရှေ့ဆောင်သည် ဖြစ်၍ ပညတ်ကိုအာရုံယူနိုင်သည်။

သတ္တဝါတို့ တဦးတယောက်သောသူ၌ ခန္ဓာမျိုးစုံပါရှိနေ၍ သူ့ဘုံ သူ့ဘဝ၌ဆိုင်ရာဆိုင်ရာ အသီးသီးပြင်းသန်းပြီး ပေါ်ထွက်ကြ၍ တိဟိတ်ခန္ဓာ ပေါ်လျှင် အဟိတ်ခန္ဓာ ဒွိဟိတ်ခန္ဓာတို့ကငုပ်လိုက်၊ ဒွိဟိတ်ခန္ဓာပေါ်လျှင် အဟိတ်နှင့်တိဟိတ်ခန္ဓာတို့ ငုပ်လိုက်အဟိတ်ခန္ဓာ ပေါ်လျှင်ဒွိဟိတ်ခန္ဓာ တိဟိတ်ခန္ဓာတို့က ငုပ်ပြီး အဟိတ်ခန္ဓာက ပြင်းသန်းနေသည်ဖြစ်၍ ဝိပဿနာပညာဖြင့် အဟိတ်ခန္ဓာ ဒွိဟိတ်ခန္ဓာတို့ကိုပယ်သတ်၍ တိဟိတ်ခန္ဓာ အရိယာ ခန္ဓာတို့ဖြင့် မဂ်ဝင်ရသည်ဖြစ်ကြောင်း။

ဒွိဟိတ်ခန္ဓာနှင့် တိဟိတ်ခန္ဓာကို ပဋိစ္စသမုပ္ပါဒ်အပိုင်း ဖြစ်သော ပညာမြင်အနိစ္စဉာဏ် ပညာမြင် ဒုက္ခဉာဏ်တို့၌ ပေါ်လွင်ထင်ရှားပါလိမ့်မည်။

## အတိတ်ခန္ဓာ လက်ဝဲ လက်ျာ အယုတ်တရား နှစ်ပါး၏ အပြစ်ကိုဖော်ပြီး၍ ပယ်သတ်ပုံမဇ္ဈိမ ပဋိပဒါ လမ်းကို ပြပေအံ့

မြတ်စွာဘုရားရှင်က လက်ဝဲ–လက်ျာ အယုတ် တရား ၂–ပါးပယ်သတ်လို၍ မဇ္ဈိမပဋိပဒါတရားကို ဟောတော်မူခဲ့သည်မှာ–

မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

မဇ္ဈိမာ၊ လက်ဝဲ–လက်ျာ ၂–ပါးမှ အလယ် အလတ် ဖြစ်သော။ ပဋိပဒါ၊ မဂ်ဖိုလ်နိဗ္ဗာန်သို့ ရကြောင်း ရောက်ကြောင်း ဖြစ်သော လမ်းစစ် လမ်းမှန် အကျင့်သည်။ ဥပသမာယ၊ ဒိဋ္ဌိ ကိလေသာ ငြိမ်းခြင်း တည်းဟူသော သောတာပတ္တိမဂ်ဉာဏ်၏အကျိုးငှာ။ အဘိညာယ၊ အထက် မဂ် ၃–ပါးကို ထူးသော ဉာဏ်ဖြင့် သိခြင်းငှာ။ သမ္ဗောဓာယ၊ အရဟတ္တမဂ် အရဟတ္တဖိုလ်တို့ကို ကောင်းစွာ ထိုးထွင်း၍သိခြင်းငှာ။ နိဗ္ဗာနာယ၊ အနုပါဒိသေသ မြတ် နိဗ္ဗာန်၏အကျိုးငှာ။ သံဝတ္တတိ၊ မဖောက် မပြန် ဝေကန် အမှန်ဖြစ်တော်မူ၏ဟု မဇ္ဈိမပဋိပဒါ၏ အကျိုး ငါးပါးကို ထုတ်ဖော်ပြီး ဟောတော်မူခဲ့သည် ဖြစ်ပါကြောင်း။

သညာက္ခန္ဓာ အဘယ်ကြောင့်ဖြစ်သနည်း ဆိုသော်-

အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ အာဟာရ ဖြစ်၍ ဖြစ်သည်၊ သင်္ခါရက္ခန္ဓာ အဘယ်ကြောင့်ဖြစ်သနည်းဆိုသော် အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ အာဟာရကြောင့် ပျက်ရသည်ဟု အဆိုသွင်းထားသည်၊ အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ အာဟာရကို နောက်မှ ပယ်သတ်ရမည်ဖြစ်၍ အနတ္တမှာ-

၁။ သုညတအနတ္တ။
၂။ အသာရကဋ္ဌအနတ္တ။
၃။ ပရတအနတ္တ။
၄။ အဝသဝတ္တနအနတ္တ။

၁။ သုညတ အနတ္တ ဆိုသည်ကား သုဉ်းဆိတ်တဲ့ သဘော။
၂။ အသာရကဋ္ဌ အနတ္တကား အနှစ်အသား မရှိတဲ့ သဘော။
၃။ ပရတအနတ္တကား သူစိမ်းပြင်ပြင်သဘော။
၄။ အဝသဝတ္တနအနတ္တကား အစိုးမရ အလိုမလိုက်တဲ့ သဘော။

အနတ္တ ၄-ချက်တို့တွင်ကား အဘာဝသုညတ အနတ္တဖြင့်ပယ်သတ်ရမည်။

သဘာဝသုညတ အနတ္တဆိုသည်ကား သညာက္ခန္ဓာ၏ သူ့နဂိုက သဘာဝအားဖြင့် သုဉ်းဆိတ် နေသည်ကို မြင်အောင်ရှုကြည့်ရမည်၊ သညာက္ခန္ဓာ ပရမတ် သဘော သဘာဝကိုမမြင်၍ ပြောဆိုခြင်းသာ ဖြစ်သည်။

ဥပမာအားဖြင့် သစ်သားကို အိမ်၊ ကျောင်း၊ ဇရပ်၊ တန်ဆောင်း၊ ပြာသာဒ်၊ ကုဋင်၊ ညောင်စောင်း စသည်ဖြင့် ပြုလုပ်ကြရာ အိမ်ဖြစ်စဉ်ကလည်း သစ်သားမှာ သစ်သား ပါ၊ အိမ်ကိုဖျက်၍ ကျောင်းဆောက် သော်လည်း သစ်သားမှာ သစ်သား၊ တန်ဆောင်းပြာသာဒ် ဖြစ်စဉ်ကလည်း သစ်သားမှာ သစ်သား၊ ကုဋင်ညောင်စောင်း ဖြစ်စဉ်ကလည်း သစ်သားမှာ သစ်သား။ သစ်သားသည် အိမ်၊ ကျောင်း၊ ကုဋင်၊ ညောင်စောင်းမဟုတ်၊ အိမ်၊ ကျောင်း၊ ကုဋင်၊ ညောင်းကလည်း သစ်သားမဟုတ် အတူတူပင် ဖြစ်သော်လည်း သူ့သဘောနှင့်သူ အသီးအခြား စိစစ်ဘိ သကဲ့သို့မှတ်ပါ။

သစ်သားနှင့်ကား ပရမတ်နှင့်တူသည်။

အိမ်၊ ကျောင်း၊ ကုဋင်၊ ညောင်စောင်းတို့ နှင့်ကား ပညတ်နှင့်တူသည်။

ပညတ်နှင့် ပရမတ် ဘယ်လိုပင် ရောစပ် သော်လည်း ပရမတ်က လက်ဝါးကဲ့သို့ မှောက်ချေ၊ လှန်ချေ ဖောက် ပြန်မှုသဘောမရှိ၊ ပညတ်ကလည်း ပရမတ်ကဲ့သို့ မဖောက် မပြန်တဲ့ တည်တံ့ခြင်းမရှိနိုင်ဘဲ သူ့သဘောနှင့် သူသည် ကွဲကွဲပြားပြား ခြားခြားနားနားရှိကြသည်ကို အန္တပုထုဇန် တို့က ပညတ်ဖြစ်ကို ပရမတ်၊ သညာက္ခန္ဓာ ဖြစ်သည်ကို ပရမတ်သညာက္ခန္ဓာ ဖြစ်သည်ဟု စွဲဆိုခြင်းပင် ဖြစ်သည်။

သညာက္ခန္ဓာ သဘော၌ လူထည့်ပေးလျှင် လူဖြစ် မည်၊ ခွေးထည့်ပေးလျှင် ခွေးဖြစ်မည်၊ ရွှေထည့်ပေးလျှင် ရွှေဖြစ်မည်၊ ငွေထည့်ပေးလျှင် ငွေဖြစ်မည်၊ သညာက္ခန္ဓာ

ပရမတ်သဘောက လူနှင့် ပေါင်းပေါင်း၊ ရွှေနှင့် ပေါင်းပေါင်း၊ ငွေနှင့်ပေါင်းပေါင်း၊ သုဉ်းဆိတ်တဲ့ သဘောမှာ လူ့,ခွေး, ရွှေ, ငွေတို့ ဖြစ်သည်ကို သညာကျွန္ဓာ ဖြစ်သည်ဟု အန္ဓပုထုဇန် သညာ ဝိညာဏ် သမား တို့က လက်ခုပ် လက်ဝါးတီးပြီး ထောက်ခံပြောဆို နေကြခြင်းပင် တည်း။

ပရမတ် သုဉ်းဆိတ်တဲ့ သဘောက စကျွ၊ ပသာဒနှင့် ပေါင်းဆုံတဲ့အခိုက်တွင် ပညတ်နှင့်ပေါင်း၍ ပေါ်လာပြီး သူ့နဂိုသုဉ်းဆိတ်တဲ့ သဘောသို့ ရောက်သွားရကြောင်းကို ပြဆိုသည်မှာ-

အဒဿနတော အာယန္တိ၊ ဘဂ်ါ ဂစ္ဆန္တိ၊ ဒဿနံ။
ဝိဇ္ဇုပ္ပါဒေါဝ အာကာသေ၊ ဥပ္ပဇ္ဇန္တိ ဝယန္တိ စ။
(ဝိသုဒ္ဓိမဂ်အဋ္ဌကထာ)

အဒဿနတော၊ မမြင်ရရာ အဘာဝအဖြစ်မှ။အာယန္တိ၊ လာ၍ အသစ်ဖြစ်ပေါ်ကုန်၏။ ဘဂ်ါ၊ ချုပ်ပျက်ကုန်ပြီးသည် ရှိသော်လည်း။ အဒဿနံ၊ မမြင်ရရာ အဘာဝ အဖြစ်သို့။ ဂစ္ဆန္တိ၊ သွားရောက်လေကုန်၏။ အာကာသေ၊ ပဇ္ဇုန်ရိုက်ချုန်းခြိမ့်အုံးထက်ခွင် မိုးကောင်းကင်၌။ ဝိဇ္ဇုပ္ပါဒေါဝ၊ ပြိုးပြက်လျှံလင်း လျှပ်စစ်၏ဖြစ်ခြင်းကဲ့သို့။ဥပ္ပဇ္ဇန္တိ စ၊ ဖြစ်လည်းဖြစ်ကုန်၏။ ဝယန္တိ စ၊ ပျက်လည်းပျက်ကုန်၏။

နောက်တနည်းကား- ပရမတ် ပညတ် ခွဲခြားခန်းက ပရမတ်ဓာတ်လေးပါး ဓာတ်ရှစ်ပါးတို့ကို သုဉ်းဆိတ်သော သဘာဝသုညတအနတ္တကို ပြခဲ့သည်အတိုင်း ပြန်၍ နှလုံးသွင်းကြည့်က သိပါလိမ့်မည်။

၎င်းခေတ်ရှစ်ပါး သုညသဘောဖြစ်သော အပေါင်း အစုကို မြေစိုင်မြေခဲဟု ခေါ်ပြန်သည်၊ ၎င်းမြေစိုင်မြေခဲကို သညာ ဝိညာဏ်သမားတို့က ဆုပ်နယ်ပြီးလျှင် ကျွဲရုပ် လုပ်ပါ ကျွဲရုပ်ကိုဖျက် နွားရုပ်လုပ် ဆင်ရုပ် မြင်းရုပ် အသီးသီး လုပ်သော်လည်း ပရမတ်သဘောက ကျွဲရုပ် နွားရုပ် ဆင်ရုပ် မြင်းရုပ်မဖြစ်။

ပရမတ် သုဉ်းဆိတ်တဲ့ သဘောမှာ သူ့နဂိုကလည်း သုဉ်းဆိတ်နေတဲ့သဘော မြေစိုင်မြေခဲတုံးကလည်းသုဉ်း ဆိတ်တဲ့သဘော ကျွဲ နွား ဆင် မြင်း ဖြစ်စဉ်မှာလည်း သုဉ်းဆိတ်တဲ့သဘောမှာ သုဉ်းဆိတ်တဲ့သဘော။

သုဉ်းဆိတ်တဲ့ပရမတ်သဘောမှ ကျွဲ နွား ဆင် မြင်းမဖြစ် ကျွဲ နွား ဆင် မြင်းတို့က သညာ ဝိညာဏ် သမားတို့ ဆွဲဆောင်ပြုလုပ်မှုကြောင့် အသီးသီးဖြစ်သွားကြရသည်။

ဤကဲ့သို့ ပရမတ်နှင့် ပညတ်ကို ကွဲကွဲပြားပြား ခြားခြား နားနား မြင်လျှင် ပရမတ်ဖြစ်သော သညာက္ခန္ဓာဖြစ် သဘောကိုသဘာဝသုညတအနတ္တဖြင့် ပယ်သတ်လိုက်လျှင် ပျက်သဘောဖြစ်သော သင်္ခါရက္ခန္ဓာကလည်း နောင်တဖန် ပြန်မဖြစ်နိုင်သော အစဉ်ပျက် ဒုက္ခသဘော၌ ဦးခေါင်း ကျရလေသည်၊ ဤကဲ့သို့ သညာက္ခန္ဓာနှင့် သင်္ခါရက္ခန္ဓာ တို့ကို အနတ္တတရားနှင့် ဒုက္ခတရားပါတကားဟု ယောဂီ ဉာဏ်ဝ၌ ထင်မြင်လျှင် သညာက္ခန္ဓာဖြစ်သဘော သမုဒယ သစ္စာနှင့် ပျက်သဘောသင်္ခါရက္ခန္ဓာ ဒုက္ခသစ္စာကို မဂ္ဂနှင့် နိရောဓမြင်မည်။

သညာက္ခန္ဓာ ဖြစ်သဘော သမုဒယသစ္စာ၊ မဖြစ်သဘော မဂ္ဂသစ္စာ၊ သင်္ခါရက္ခန္ဓာ ပျက်သဘော ဒုက္ခသစ္စာ၊ မပျက်သဘော နိရောဓသစ္စာ၊ သညာက္ခန္ဓာ ဖြစ်သဘောက သမုဒယသစ္စာ၊ မဖြစ်သဘောက မဂ္ဂသစ္စာ၊ သင်္ခါရက္ခန္ဓာ ပြုလုပ်တဲ့သဘောက ဒုက္ခသစ္စာ၊ မပြုလုပ်တဲ့ သဘောက နိရောဓသစ္စာ။

ဤကဲ့သို့သစ္စာ ၄-ပါးကို အနုဗောဓ အသိဖြင့် သိပြီး စုဥ္သောတာပန် ဖြစ်ရ၍ အကျိုး ကြီးမြတ် ကြောင်းကို မြတ်စွာဘုရားရှင်က ဓမ္မပဒပါဠိတော်၌–

**ယောစ ဝဿသတံဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။**
**ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။**

ယော၊ အကြင်သူသည်။ ဥဒယဗ္ဗယံ၊ ရုပ်နာမ်ခန္ဓ သင်္ခါရ တရားတို့၌ ဖြစ်ပေါ်မှုဥဒယ၊ ပျက်ကွယ်မှု ဝယသဘောကို။ အပဿံ အပဿန္တော၊ မမြင်ဘဲလျက်။ ဝဿသတံ၊ အနှစ် တရာကာလပတ်လုံး။ ဇီဝေ၊ အသက်ရှည်၏။ တတော၊ ထိုသင်္ခါရတရားတို့၏ ဖြစ်မှု ပျက်မှုကိုမမြင်သော အန္ဓဗာလ ပုဂ္ဂိုလ် အနှစ် ၁၀၀-အသက် ရှည်စွာ နေရ သည်ထက်။ ဥဒယဗ္ဗယံ၊ ရုပ်နာမ်ခန္ဓ သင်္ခါရတရားတို့၏ ဖြစ်မှု ပျက်မှုကို ပဿတော၊ သမ္မာဒဿန ဉာဏစက္ခုဖြင့် ကောင်းစွာ မြင်သောသူ၏။ ဧကာဟံ၊ တနေ့တရက် တမနက်မျှ၊ ဇီဝိတံ၊ အသက်ရှည်ရခြင်းသည်။ သေယျော၊ အရာမက သာလွန်၍ မြတ်ပါသေး၏ဟု ဟောတော်မူခဲ့သည် ဖြစ်ကြောင်း။

အထက်သညာက္ခန္ဓာနှင့် သင်္ခါရက္ခန္ဓာတို့က ပြောဆိုခဲ့ သည်မှာ–

အဝိဇ္ဇာ တဏှာ ကံ အာဟာရဖြစ်၍ ဖြစ်သည်၊ အဝိဇ္ဇာ တဏှာ ကံ အာဟာရချုပ်မှ ချုပ်မည်ဟု ပြောဆိုခြင်းကြောင့် အဝိဇ္ဇာ တဏှာ ကံ အာဟာရကလည်း အကြောင်း အဝိဇ္ဇာ တဏှာ ကံအာဟာရ အကျိုးအဝိဇ္ဇာ တဏှာ ကံအာဟာရဟူ၍ ၂-မျိုးရှိကြရာ အနက် အကျိုး အဝိဇ္ဇာ တဏှာ ကံအာဟာရကို အလတ်ဖြစ်သော အနုပဿနာ ဉာဏ် ၇-ပါးကပယ်သတ်ရမည့် တာဝန်ဖြစ်၍ အကြောင်း အဝိဇ္ဇာ တဏှာ ကံအာဟာရကိုသာ ရှာရမည်။

ယခုပြုလုပ်ရမည်မှာ ကံကိုပယ်သတ်ရမည့် ကဏ္ဍ ဖြစ်၍ ဝိညာဏ်မြင် ဥဒယဗ္ဗယ ဉာဏ်က ပစ္စုပ္ပန် ဖြစ်သော ဥပထမ္ဘကကံကို ပယ်သတ်ခဲ့ ပြီး၍ ယခု အတိတ် ဖြစ်သော ဇနကကံကို ပယ်သတ်ရမည့်အခါဖြစ်၍ ဇနကကံ ဆိုသည်ကား အဝိဇ္ဇာ တဏှာ ကံအာဟာရပေါင်းဆုံမိသည် ကိုပင် ဇနကကံခေါ်သည်၊ အဝိဇ္ဇာ တဏှာ ကံအာဟာရ ဆိုသည်ကား မြင်-သိ၊ ကြား-သိဟု ဆိုအပ်သော ဓမ္မ ၄-ချက် ပေါင်းဆုံမိခြင်းပင်တည်း၊ ၎င်း ဓမ္မ ၄-ချက်ကိုပင် အောက် ဉာဏ်တို့က ဥတု အာဟာရ စိတ်ကံဟု အကြောင်း တရား ၄-ပါး ပြောဆိုခဲ့သည်၊ ယခုအခါ ပညာမြင် ဥဒယဗ္ဗယ ဉာဏ်မှာ ဌာန ဌာနကောသလ္လအားဖြင့် အဝိဇ္ဇာ တဏှာ ကံအာဟာရဟု ပြောဆိုခြင်းပင်တည်း။

ပြောဆိုခဲ့ပြီးသော ၎င်းအဝိဇ္ဇာ တဏှာကံ အာဟာရကား အောက်ဉာဏ်ဖြစ်သော ယထာဘူတ အသိဉာဏ်ကပင် အဇ္ဈာပါရ အနတ္တဖြင့်ပယ်သတ်ခဲ့၍ သူ့သဘော သဘာဝက သုညတအနတ္တ၌ ဦးခေါင်း ကျနေ၍ ဖြစ်

သဘောကိုဘယ်လို ပြုပြင်နိုင်အံ့နည်း၊မပြုပြင်နိုင်တဲ့သဘော သာလျှင်တည်း။

ယခု သညာက္ခန္ဓာနှင့် သင်္ခါရက္ခန္ဓာတို့က ပြောဆိုနေသော အဝိဇ္ဇာတဏှာကံ အာဟာရကား အကျိုးအဝိဇ္ဇာ တဏှာ ကံ အာဟာရသာ ဖြစ်၍ အထက် ဖြစ်သော အနုပဿနာဉာဏ် ၇-ပါးကသာ ပယ်သတ် ရလိမ့်မည် ဖြစ်ကြောင်း။ ။သစ္စာ ၄-ပါးကို အနုဗောဓ အသိဖြင့် သိ၍ ရှုဥသောတာပန်ဖြစ်ခန်း အပြီးသတ်လိုက်ပြီ။

---

## ပဋိစ္စသမုပ္ပါဒ်ပိုင်း ဝိသာခါတရား

ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဗုဒ္ဓံပူဇေမိ။
ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဓမ္မံပူဇေမိ။
ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ သံဃံပူဇေမိ။

ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ၊ ဤလောကုတ္တရာ တရား ၉-ပါးနှင့် လျော်သော အနုဓမ္မဟု ဆိုအပ်သော ကျင့်ဝတ် ပဋိပတ်ဖြင့်။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ ပူဇေမိ၊ ပူဇော်ပါ၏။

ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ၊ ဤလောကုတ္တရာ တရား ၉-ပါးနှင့် လျော်သော အနုဓမ္မဟု ဆိုအပ်သော ကျင့်ဝတ်ပဋိပတ်ဖြင့်။ ဓမ္မံ၊ တရားတော် မြတ်ကို။ ပူဇေမိ၊ ပူဇော်ပါ၏။

ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ၊ ဤ လောကုတ္တရာ တရား ၉-ပါးနှင့် လျော်သော အနုဓမ္မဟု ဆိုအပ်သော

ကျင့်ဝတ် ပဋိပတ်ဖြင့်။ သံဃ၊ သံဃာတော်မြတ်အပေါင်းကို။ ပူဇေမိ၊ ပူဇော်ပါ၏။

လောကုတ္တရာတရား ကိုးပါးဆိုသည်ကား မဂ် ၄-ပါး ဖိုလ်ဉာဏ် ၄-ပါး နိဗ္ဗာန်။

အနုဓမ္မ ဆိုသည်ကား အနုပဿနာဉာဏ် ၇-ပါး၊ ဘင်ဉာဏ်၊ ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိန္ဒာဉာဏ်၊ မုဉ္စိတုကမျတာဉာဏ်၊ ပဋိသင်္ခါဉာဏ်၊ သင်္ခါ ရုပေက္ခာဉာဏ်၊ ၎င်း အနုပဿနာဉာဏ် ၇-ပါးကိုပင် လောကုတ္တရာ တရား ၉-ပါးနှင့် လျော်သော အနုဓမ္မဟု ခေါ်သည် ဖြစ်ပါကြောင်း။

ထို့အတွက်ကြောင့် မြတ်စွာဘုရား ရှင်က ညီတော် အာနန္ဒာကို မိန့်ဆိုခဲ့သည်မှာ-

မြတ်စွာဘုရားရှင်သည် ပရိနိဗ္ဗာန် စံဝင်ခါနီး အချိန်မှာ အထက်နတ်ပြဟ္မာတို့ မြတ်စွာဘုရားကို ပူဇော်ရန် ဆီမီး၊ တံခွန်၊ ကုက္ကား၊ မလေးပွါး စသည် နတ်၌ ဖြစ်သော ပန်း၊ နံ့သာအမျိုးမျိုးတို့ဖြင့် ပူဇော်လာကြသည်။

အချို့နတ်တို့ မှာလည်း ဘုရားပွင့်၍ ဓမ္မစကြာ တရားတော်ကိုဟောသည့်အခါ ပူဇော်ရန်အတွက် ပန်းကုံးကြရာ ဘုရား ပရိနိဗ္ဗာန် ပြုလုနီး အခါမှာပင် မပြီးနိုင် သေး၍ တန်ခိုးကြီးသော နတ်ပြဟ္မာတို့က သင်တို့ ပန်းကုံးက ယခုထိတိုင်အောင် မပြီးနိုင်သေး၊ ဗုဒ္ဓဘုရားရှင် ကိုယ်တော်မြတ်က မလ္လာမင်း ဥယျာဉ်၌ ပရိနိဗ္ဗာန်ပြုမည်ဟု သလွန်ပေါ်တွင် လျောင်းစက်တော် မူနေလေပြီဟု ပြောဆိုကြသည့် အခါမှ မြင်းမိုရ်တောင်နှင့် အမျှ ကြီးကျယ်သော ပန်းကုံးဖြင့် မြတ်စွာဘုရားကို ပူဇော်လာကြသည်။

ထိုအခါ မြတ်စွာဘုရားက ညီတော် အာနန္ဒာအား မိန့်တော်မူသည်မှာ ချစ်သားအာနန္ဒာ-ငါဘုရား ပရိနိဗ္ဗာန် ပြုခါနီး၌ နတ်ဗြဟ္မာ တို့သည် လှူဘွယ်ဝတ္ထု ပန်းနံ့သာ အမျိုးမျိုးနှင့် မြင်းမိုရ်တောင်လောက် ကြီးကျယ် ခံ့ညား သောပန်းကုံးတို့ဖြင့် ပူဇော်လာကြ သော်လည်း ငါဘုရား ဝမ်းသာတော်မမူ၊ ငါဘုရားကို ကြည်ညို လေးစားသည် မ,မည်၊ ကိုးကွယ် ဆည်းကပ်ရာသို့လည်း မရောက်၊ လော ကုတ္တရာတရား ၉-ပါးနှင့် လျော်သော ငါဘုရား ဟော ထားတော် မူခဲ့သည့် အနုဓမ္မဟု ဆိုအပ်သော ကျင့်ဝတ် ပဋိပတ်ဖြင့် ပူဇော်မှ သာလျှင် ငါဘုရားကို ကိုးကွယ်ရာ၊ ဆည်းကပ်ရာ၊ မြတ်နိုးရာ၊ ပူဇော်ရာ ရောက်၍ ငါဘုရား ဝမ်းမြောက်တော် မူသည်ဟု ညီတော် အာနန္ဒာ-အား မိန့်တော် မူချက်သည် ပရိနိဗ္ဗာနသုတ်၌ ထင်ရှား ကျန် အမှန်ရှိသည်ဖြစ်၍ မြတ်စွာဘုရားကို အနုဓမ္မဟု ဆိုအပ် သော ယခုရေးလတ့ံသော ဘင်္ဂဉာဏ်အစ သင်္ခါ ရုပေက္ခာ ဉာဏ်အဆုံး အနုပဿနာဉာဏ် ၇-ပါးဖြင့် ပူဇော်နိုင်ကြ ပါစေကုန်သတည်း။

### သောတာပတ္တိ (ဝါ) သောတာပန်ဖြစ်ရန် အင်္ဂါ ၄-ပါး

စတ္တာရိမာနိ ဘိက္ခဝေ သောတာပတ္တိယင်္ဂါနိ၊ ကတ
မေစတ္တာရော သပ္ပုရိသသံသေဝေါ၊ သဒ္ဓမ္မသဝနံ
ယောနိသော မနသိကာရော၊ ဓမ္မာနုဓမ္မပဋိပတ္တိတိ။
(ထေရာအပဒါန်)

(ပါဠိ၏အဖွင့်ကို ရှေ့ကရေးခဲ့ပြီ)

သောတာပန် ဖြစ်ရန် အင်္ဂါ ၄-ပါး၏ အကျဉ်းကား "သူတော်ကောင်းကို ဆည်းကပ်၊ မြတ်တရားနာ၊ သင့်ရာ စိတ်ထား၊ မင်္ဂအားလျော်ဘိ၊ ဒိဋ္ဌိကိုခွါ၊ ဤလေးဖြာ၊ သောတာပန်စစ် ဖြစ်ကြောင်းတည်း" ဟု ပညာရှိဆရာတော် များက စပ်ဆိုထားကြလေသည်။

သောတာပန် ဖြစ်ခြင်း၏ အင်္ဂါ ၄-ပါးကို ဉာဏ်စဉ်၌ သွင်း၍ဝေဖန်ချက်။

သူတော်ကောင်းကို ဆည်းကပ် ခြင်းနှင့် သူတော် ကောင်းတရားကို ကြားနာရခြင်း ၂-ပါးက နာမရူပ ပရိ စ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်၊ ဉာတပရိညာဉာဏ် စခန်းက ပြီးခဲ့ပြီ။

သင့်ရာစိတ်ထားဟု ဆိုအပ်သော အသင့် အတင့် နှလုံး သွင်းခြင်း ကလည်း သမ္မသနဉာဏ်၊ ဥဒယဗ္ဗယ ဉာဏ်၊ တီရဏပရိညာဉာဏ်စခန်းကပြုလုပ်၍ ပြီးဆုံးခဲ့ပြီ။

ဓမ္မာနုဓမ္မပဋိပတ္တိ မင်္ဂနှင့် လျော်သော အကျင့် ဆိုသည် ကား အနုဓမ္မဟု ဆိုအပ်သော ဘင်္ဂဉာဏ် စသော အနု ပဿနာဉာဏ် ၇-ပါးကို ရအောင်ပြုလုပ်ရခြင်း ပင်တည်း။

## အနုပဿနာဉာဏ် ၇-ပါးကိုဘင်္ဂဉာဏ်ကစ၍ပြပေအံ့ ဘင်္ဂဉာဏ်

ဘင်္ဂဉာဏ်၌သဘာဝကို ဥဒယဗ္ဗယဉာဏ်၌ ဆိုခဲ့ပြီးသော စကားကိုတဖန်ပြန်ကြည့်ရမည်။

ဥဒယဗ္ဗယဉာဏ်၌ဆိုခဲ့သည်မှာ ဖြစ်တရားသည် အဘယ် ကြောင့်ဖြစ်သနည်းဟုမေးရာ အဝိဇ္ဇာ တဏှာကံအာဟာရ

ဖြစ်၍ ဖြစ်သည်ဟု ဆိုသောကြောင့် အဝိဇ္ဇာ တဏှာ ကံအာဟာရတို့ကို သုညတအနတ္တဖြင့် ပယ်သတ်လိုက်ရာ သစ်ပင်များကို အရင်းမှ ခုတ်ဖြတ်၍ လှဲလိုက်ရာ ပင်လုံး ပင်စည် သေသွားသော်လည်း မြေထဲ၌ရှိသော အမြစ် မသေ၍ အငုတ်မှတဖန် ပြန်ထွက်နိုင်ခြင်း ရှိသကဲ့သို့ အဝိဇ္ဇာ တဏှာကံ အာဟာရတို့ သုဉ်းဆိတ် သွားသည်ဆို သော်လည်း အကြောင်းသာကုန်၍ အကျိုးအဝိဇ္ဇာ တဏှာ ကံ အာဟာရတို့ မကုန်ခြင်းကြောင့် သံသရာအဖြစ် မငြိမ်း ငြိမ်းအောင် ဘင်ဉာဏ်ဖြင့် တဖန်ပယ်သတ်ရမည်။

ဒေသနာကပြဆိုခဲ့သည်မှာ ဥဒယဗ္ဗယဉာဏ်ကပယ်သတ် ခဲ့ရာတွင် အကြောင်းသင်္ခါရ သုဉ်းဆိတ်၍ အကျိုးသင်္ခါရ ကြွင်းကျန် ခဲ့သည်၊ အာရုံကုန်၍ အာရမ္မဏိက မကုန် အရှုခံတဲ့သင်္ခါရကုန်၍ ရှုတဲ့သင်္ခါရမကုန်ဟု ဆိုထားသည် အတိုင်း သဘာဝကိုဘယ်နည်း ဘယ်ပုံကြွင်းကျန်ခဲ့သနည်း ဟု ရှုကြည့်လိုက်ရာ ပညာမြင် ဥဒယဗ္ဗယဉာဏ်က အဟိတ် ခန္ဓာ ၅-ပါးကို ပယ်သတ်လိုက်ရာ သညာက္ခန္ဓာနှင့် သင်္ခါ ရက္ခန္ဓာ ၂-ပါးသေ၍ ကြွင်းကျန်ခဲ့သောခန္ဓာ ၃-ပါး အနက် ဝိညာဏက္ခန္ဓာအတွင်း ဝင်ရောက် ရှိနေသော အဝိဇ္ဇာတဏှာ ကံ အာဟာရတို့ကိုအကျိုး ပြင်၌ အောက် ဉာဏ်တို့က အပယ်သတ်ခံရသည်ကား-အကြောင်း အဝိဇ္ဇာ တဏှာ ကံအာဟာရ လက်တွေ့နည်းပြောရလျှင် ဥဒယဗ္ဗယ ဉာဏ်တို့က ပယ်သတ်လိုက်သည်ကား အဆင်း အကြည် အမြင် အသိ ဓမ္မ ၄-ချက်ပင်တည်း။

ဝိညာဏက္ခန္ဓာအတွင်း ကြွင်းကျန်ခဲ့သည်ကား အဆင်း အကြည် အမြင် အသိ အရိပ်တို့ပင်တည်း၊ ပြင်၌ရှိသော အဝိဇ္ဇာတဏှာ ကံ အာဟာရနှင့် ဓမ္မလေးချက် သူတို့ ၂-ဦးကိုပင် အပြင် အတွင်း၊ အကြောင်း အကျိုး အာရုံ အာရမ္မဏိကအကြောင်းအရိပ်ဟုခေါ်သည်။

သတိ ဝိညာဏက္ခန္ဓာ ဆိုသည်ကား ပရမတ် ဝိညာဏက္ခန္ဓာ မနော ဝိညာဏ်ကို ပြောသည်ဟု မမှတ်ပါနှင့်။

၎င်းအကြောင်း အကျိုးတို့သည်ကား ဥပမာအားဖြင့် မျိုးစေ့နှင့် သစ်ပင်ကဲ့သို့သရက်စေ့မှ သရက်ပင်၊ သရက်စေ့ကအကြောင်း၊ သရက်ပင်ကအကျိုးဆိုရာ၌ သရက်ပင်မှ တဖန် သရက်သီး သီးပြီး မျိုးစေ့ဖြစ်သကဲ့သို့ အကြောင်း ပါသောအကျိုး သစ်ပင်ကဲ့သို့ မထင်မှတ်ရာ အကြောင်း ကင်းပြတ်ပြီးသော အကျိုးသက်သက်ကိုသာ ဘင်္ဂညာဏ်က ပယ်သတ်ရမည်ဖြစ်၍ သူတို့နေပုံအခြင်းအရာသည်တဦးနှင့် တဦးပေါင်းစပ်၍ နေသလား၊ တဦးနှင့်တဦး အခြား ခြား၍နေသလား-ဟု ကြည့်ရာ အခြားမဟုတ်တဲ ပေါင်း စပ်၍ တပေါင်းတည်းနေခြင်းကြောင့် သမူဟပညတ်ရှိက အကြောင်း ရိပ်လည်းရှိသည်၊ ပညတ်ရိပ်လည်း ရှိသည်၊ ဖြစ်တရား ပါရှိနေသည် ဖြစ်ခြင်းကြောင့် ဘင်္ဂညာဏ်က ရှိရှိမွှန်၍ ကုန်ဖျက် တင်းရှုပ်နှင့် ဘယ်လိုပင် သတ်သော် လည်း အကျိုးမသေတဲ အကြောင်းကိုသာ သတ်ရာရောက် နေလိမ့်မည်။

ဘင်ဉာဏ်၌ ပယ်သတ်ရမည့် တရားခံကား အကျိုးပျက် ဖြစ်၍ အာရုံအရိပ် နိမိတ်လက္ခဏာ ကင်းစင်၍ ရှိရမည်၊ အာရုံပျက် ဆိုသည်ကား-စက္ခုစသော ဒွါရငါးပေါက်၌ ရှုကြည့်တိုင်း အာရုံငါးပါးတို့သည် မရပ်မနား ပျက်နေသည်ကို မြင်သည်ကား အာရုံပျက်ဟုခေါ်သည်။

မျက်စိ နား နှာခေါင်းစသော ဒွါရ ၅-ပေါက်တို့ကို အသုံးမပြုဘဲ အိပ်ရာ၌ စိတ်သက်သက်ဖြင့် စိတ်ကူးတိုင်း ပျက်သည်ဟုမြင်သည်ကား အရိပ်ပျက်ဟုမှတ်ပါ။

မိမိခန္ဓာကိုယ်ကို ကြည့်၍ ဝိညာဏ်ရိပ် ပျက်နေသည်ကို မြင်သည်ကား နိမိတ်ပျက်ဟုခေါ်သည်။

မိမိခန္ဓာကိုယ်၌ ဦးခေါင်းမှခြေဖျားကျအောင် ခြေဖျားမှ ဦးခေါင်းကျအောင် အစုံအဆန်ကြည့်ရှုရာတွင် သဲကမ်းပါး ပြိုသကဲ့သို့ ရှုကြည့်တိုင်း ရှုကြည့်တိုင်း ရုပ်ကလာပ်တွေက တရွရွ တသဲသဲပျက်၍ မြင်သည်ကား လက္ခဏာပျက်ဟု ခေါ်သည်။

ထိုကဲ့သို့ အာရုံအရိပ် နိမိတ်လက္ခဏာ ကင်းစင်၍ ပျက်သောအပျက်မှသာလျှင် ဘင်ပျက်ဟုခေါ်သည်။

ဘင်ဉာဏ်၌ ပယ်သတ်ရန်တရားခံကိုပညာမြင်ဥဒယဗ္ဗယ ဉာဏ်မှ ထွက်လာသော သဘာဝကို ရှုကြည့် ရမည်မှာ ဥဒယဗ္ဗယဉာဏ်မှ ကြွင်းကျန်ခဲ့သော သဘာဝကအကြောင်း သာကုန်၍ အကျိုးမကုန်၊ အာရုံခံတဲ့ သင်္ခါရကုန်၍ရှုတဲ့ သင်္ခါရမကုန် ဆိုသည်ကားပရမတ်ဝိညာဏက္ခန္ဓာအတွင်းရှိ အကျိုး အဝိဇ္ဇာရိပ် တဏှာရိပ်ကံရိပ် အာဟာရရိပ် ၎င်း အရိပ်လေးပါးမှသာရ ၄-ချက်ထွက်လာသည်။

သာရ ၄-ချက်ဆိုသည်ကား အဝိဇ္ဇာရိပ်ကို နိစ္စသာရ၊ တဏှာရိပ်ကို သုခသာရ၊ ကံရိပ်ကိုသုဘသာရ၊ အာဟာရရိပ်ကိုအတ္တသာရ-ဟု သာရအစွဲ ၄-ချက်ထွက်လာသည်။

၎င်းအစွဲ ၄-ချက်ကို သမုဒယ အနက်လေးချက်ထုတ်လျှင် အာယူဟနဋ္ဌော နိဒါနဋ္ဌော သံယောဂဋ္ဌော ပလိဗောဓဋ္ဌော-ဆိုသည်ကား တဏှာ ရေသောက်မြစ်ဖြစ်သော သမုဒယအနက် ၄-ချက်။

ဆိုခဲ့ပြီးသော ဌော ၄-ချက်ကိုပင် ရှေးလယ်တီ ဆရာတော်ဘုရားစသော ဝိပဿနာ ဆရာများက သိလွယ်စေခြင်းငှာ မြန်မာပြန်ဆို ထားသည်မှာ "ဆည်း၊ ပူး၊ နှင်းဆောင်, ဖွဲ့, နှောင်, နှောက်, ရှုက်" ဟု ဖွင့်ဆိုထားခဲ့သည်။

ရှေ့ကဆိုခဲ့ပြီးသော သာရလေးချက်ကိုပင် စက်ရဟတ်ဖွဲ့လျှင် နိစ္စသာရက အတိတ်အကြောင်းစက်၊ သုခသာရက ပစ္စုပ္ပန်အကျိုးစက်၊ သုဘသာရက ပစ္စုပ္ပန်အကြောင်းစက်၊ အတ္တသာရက အနာဂတ်အကျိုးစက်။

စက်ရဟတ်လေးပါးကို ခန္ဓာဖွဲ့လျှင် အတိတ်အကြောင်းစက်သညာက္ခန္ဓာ၊ ပစ္စုပ္ပန်အကျိုး စက် ဝေဒနာက္ခန္ဓာ ပစ္စုပ္ပန်အကြောင်းစက်သင်္ခါရက္ခန္ဓာ၊ အနာဂတ်အကျိုးစက် ဝိညာဏက္ခန္ဓာ ၎င်းခန္ဓာတို့ကိုပင်ဒွိဟိတ်ခန္ဓာဟု ခေါ်သည်။

ပရမတ်ဝိညာဏက္ခန္ဓာ အတွင်းရှိ ဘင်ဉာဏ်၌ ပယ်သတ်ရန် တရားခံများ

| | | | |
|---|---|---|---|
| အဝိဇ္ဇာရိပ် | တဏှာရိပ် | ကံရိပ် | အာဟာရရိပ် |
| နိစ္စသာရ | သုခသာရ | သုဘသာရ | အတ္တသာရ |
| အာယူဟနဋ္ဌော | နိဒါနဋ္ဌော | သံယောဂဋ္ဌော | ပလိဗောဓဋ္ဌော။ |

| အတိတ် | ပစ္စုပ္ပန် | ပစ္စုပ္ပန် | အနာဂတ် |
|---|---|---|---|
| အကြောင်းစက် | အကျိုးစက် | အကြောင်းစက် | အကျိုးစက် |
| သညာက္ခန္ဓာ | ဝေဒနာက္ခန္ဓာ | သင်္ခါရက္ခန္ဓာ | ဝိညာဏက္ခန္ဓာ |

**ပယ်သတ်ရန် လက်နက် ၄-ချက်**

ကုန်-ပျက်-ကင်း-ချုပ်

သာရလေးချက် တဏှာသဘောကို အောက်ဉာဏ်တို့က ဖြစ်ပေါ်သောတဏှာကို လက္ခဏာ ရသ ပစ္စုပဋ္ဌာန်ပဒဋ္ဌာန် တို့ဖြင့် သုံးသပ်ဝေဖန်၍ ကြည့်ရမည်။

**တဏှာ၏ သဘော ၄-ချက် ဟူသည်ကား**

၁။ ဟေတု လက္ခဏာ- အကြောင်း၏ အဖြစ်လျှင် လက္ခဏာရှိ၏။

၂။ အဘိနန္ဒနရသာ-အလွန်လျှင် နှစ်သက်ခြင်း ကိစ္စ ရှိ၏။

၃။ အတိတ္တိဘာဝ ပစ္စုပဋ္ဌာနာ-မရောင့်ရဲ သည်၏ အဖြစ်လျှင် ရှေးရှုထင်ခြင်း ရှိ၏။

၄။ ဝေဒနာ ပဒဋ္ဌာနာ-ဝေဒနာလျှင် နီးစွာသော အကြောင်းရှိ၏။

အောက်ဉာဏ်၌ ဖြစ်သော တဏှာသည်ကား နာမရူပ ပရိစ္ဆေဒဉာဏ်၌ နာမ်ရုပ်ပဥ္စာရုံ၊ ပဥ္စဒွါရ၊ ပဥ္စဝိညာဏ်၊ မနောဝိညာဏ်၌ ဓမ္မ ၄-ချက်လုံ ရုပ်သည်ငါ၊ ငါသည်ရုပ်၊ ရုပ်၌ငါရှိ၏၊ ငါ၌ရုပ်ရှိ၏၊ ဤကဲ့သို့ အစွဲတရားခံနှင့် အစွဲ တရားတို့ ဒုက္ခနှင့် သမုဒယကိုပယ်သတ်၍ ဥဒယဗ္ဗယဉာဏ် အပြီးအဆုံး၌လက္ခဏာရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်ကိစ္စပြီးဆုံး၍

ဥဒယဗ္ဗယဉာဏ်၌ အကြောင်း ဟူသမျှ သုဉ်းဆိတ်၍ ဘင်ဂဉာဏ်၌ အကျိုးအဝိဇ္ဇာရိပ်၊ တဏှာရိပ်၊ ကံရိပ်၊အာဟာရရိပ်တို့ကို စွဲသော ဝိညာဏ်စွဲ သာရ ၄-ချက်ကို သမုဒယအနက် ၄-ချက်ထုတ်၍ ဘင်ဂဉာဏ်ဖြင့် ပယ်သတ်ရမည်။

သမုဒယအနက် ၄-ချက် ဆိုသည်ကား ၁-အာယူဟနဋ္ဌော၊ ၂-နိဒါနဋ္ဌော၊ ၃-သံယောဂဋ္ဌော၊ ၄-ပလိဗောဓဋ္ဌော၊ မြန်မာလိုဆိုလျှင် "ဆည်းပူး နှင်း ဆောင်, ဖွဲ့နှောင်, နှောက်ရှက်"။

၁။ နိစ္စသာရ ဆည်းပူး။

၂။ သုခသာရ နှင်းဆောင်။

၃။ သုဘသာရ ဖွဲ့နှောင်။

၄။ အတ္တသာရ နှောက်ယှက်။

ကြည့်ရှုသော ပုဂ္ဂိုလ်တို့သည်မိမိခန္ဓာကိုယ်၌ ဖြစ်ရှိနေသော အကျိုး တရားကို ဒေသနာနည်းမှတဖန် လက်တွေ့ သုတ္တန်နည်းဖွင့်၍ ပြပေအံ့။

မိမိ၏ဝိညာဏက္ခန္ဓာ၌ အကျိုးတရား ဝင်ရှိပုံကား ဒွါရငါးပေါက်၌ အာရုံ တရားတို့ တိုက်ဆုံ လာလျှင် ဝိညာဏက္ခန္ဓာမှ အကျိုးတရား ထွက်လာပုံ ထင်ရှားသော အာရုံကို ပြပေအံ့။

အာရုံဆိုသည်ကား မိမိလျှာပေါ်၌ ဝက်သား တဖဲ့ကို တင်ပြီးဝါးကြည့်လိုက်လျှင် ကောင်းသည်၊ မကောင်းသည်၊ သုခဝေဒနာနှင့် ဒုက္ခဝေဒနာ ကောင်းမကောင်း ပဋိပ္ပုန်၌ တမုဟုတ်ချင်း ထွက်ပေါ်လာသည့် အခြင်းအရာကို စိစစ်ကြည့်လျှင် ပဌမအစ ဝက်သားစားတုန်းက ကောင်းသည်

မကောင်းသည် ဆိုတာကို ဆုံးဖြတ်ပြီးလျှင် ဝိညာဏန္တာ အတွင်း၌ ကြွင်းကျန်၍ ရှိနေခြင်းကြောင့် နောက်တဖန် ဝက်သားစားတိုင်း ပစ္စုပ္ပန်၌ ကောင်းမကောင်း ထွက်လာ သည်ကား အကျိုးတရား။

ပဌမဦးစွာ ဝက်သားကို စား၍ ကောင်း မကောင်း ထွက်ခဲ့သည်ကား အကြောင်းတရား၊ အကြောင်းတရားက အစ စားပြီးကပင် ကုန်သွားလေသည် မရှိတော့ပြီ။

နောက်စားတိုင်း စားတိုင်း ကောင်းမကောင်း ထွက် လာသည်ကား ပစ္စုပ္ပန်အကျိုးတရား၊ ၎င်းအကျိုးတရား ထွက်လာ ခြင်းကား အတိတ်အကြောင်းခံ ဝင်ရှိ နေခြင်း ကြောင့် ပစ္စုပ္ပန်အကျိုးထွက်သည်။

အတိတ်အကြောင်းနှင့် ပစ္စုပ္ပန်အကျိုးနှစ်ပါးပေါင်းဆုံ လိုက်လျှင် အနာဂတ်ကိုလွှမ်းကိုင်သော ပစ္စုပ္ပန်အကြောင်း ထွက်လာသည်။

ပစ္စုပ္ပန်အကြောင်းကို အခြေခံရလျှင် အနာဂတ်အကျိုး ထွက်သည်၊ ၎င်းသဘော လေးချက်ကိုပင် စက်ရဟတ် ၄-ပါးဟုခေါ်သည်။

ထင်ရှားစွာပြရသော် ဝက်သားကိုစားလျှင် အတိတ် အကြောင်းခံရှိခြင်းကြောင့် ကောင်းသည် နက်ဖန်လည်း စားချင်သည် မိုးလင်းလျှင်ရှာစားမည်။

ဤကဲ့သို့ ဖြစ်ရခြင်းကို ပစ္စုပ္ပန်၌ ကောင်းသည်ဟုစွဲ သည်ကား အတ္တဒိဋ္ဌိ၊ အတိတ်ကို စွဲသည်ကား သဿတဒိဋ္ဌိ၊ အတ္တဒိဋ္ဌိနှင့် သဿတဒိဋ္ဌိ ၂-ပါး ဆုံမိလျှင် ပစ္စုပ္ပန် အကြောင်းမှ ဥစ္ဆေဒဒိဋ္ဌိ ထွက်လာသည် သူတို့ ၃-ပါး

ဆုံမိက အနာဂတ်အကျိုး၌ သတ္တာယဒိဋ္ဌိ ထွက်ပြီးလျှင် မြေထဲသို့ မြုပ်ဝင်သွားသည့် ရေသောက်မြစ်ကဲ့သို့ပင်အစွဲ ဒိဋ္ဌိ ၃-ချက်ကပေါ်လျှံသွားသည့်သစ်မြစ်ကဲ့သို့မှတ်ပါ။

ဝက်သားပဲ့တည်းဟူသော ရသာရုံနှင့် တိုက်ဆိုင်တိုင်း တိုက်ဆိုင်တိုင်း ပဋိစ္စသမုပ္ပါဒ်သံသရာစက်ရဟတ် လည်သွားပုံကို အကြောင်းခံ၍ မျက်စိ နား နှာခေါင်းကိုယ်တို့၌လည်း ဤနည်းအတိုင်းသိကြပါ။

ဒွါရခြောက်ပါး၌ အာရုံခြောက်ပါးတိုက်ဆိုင်တိုင်း ပဋိစ္စသမုပ္ပါဒ် သံသရာစက်ရဟတ် ဖြစ်ပေါ်၍ ဒုက္ခသစ္စာနှင့် သမုဒယသစ္စာ ဒွန်တွဲပြီး ဖြစ်နေသည်ကို သမုဒယသစ္စာ၌ သမုဒယအနက် ၄-ချက်ထုတ်၍ ဘင်ဉာဏ်ဖြင့် ပယ်သတ်သည်၊ ဒုက္ခသစ္စာကို နောက်ပညာမြင် ဒုက္ခာနုပဿနာဉာဏ်က ဒုက္ခအနက် ၄-ချက်ထုတ်၍ ပယ်သတ်လိမ့်မည် ဖြစ်ကြောင်း။

သာရ ၄-ချက် စက်ရဟတ် ၄-ပါး သမုဒယအနက် ၄-ချက်တို့ကို ပယ်သတ်ရန်အတွက် မြတ်စွာ ဘုရားရှင် ဟောဘော်မူခဲ့သည်မှာ-

> အနိစ္စံ သင်္ခတံ ပဋိစ္စသမုပ္ပန္နံ ခယဓမ္မံ ဝယဓမ္မံ ဝိရာဂဓမ္မံ နိရောဓဓမ္မံ။

ခယဓမ္မံ၊ ကုန်တဲ့သဘော။ ဝယဓမ္မံ၊ ပျက်တဲ့သဘော။ ဝိရာဂဓမ္မံ၊ ကင်းတဲ့သဘော၊ နိရောဓဓမ္မံ၊ ချုပ်တဲ့သဘော။

မြန်မာလိုကုန်ပျက် ကင်း ချုပ်နှင့် ပယ်သတ်ရန် သာရ ၄-ချက်စက်ရဟတ် ၄-ပါးတို့အထက်ကဆိုခဲ့သည်အတိုင်း

သန္တတိဃန သမူဟပညတ်ပေါင်းနေသည်ကို ပယ်နှုတ်ရဦးမည်။

သမူဟပညတ်ကို ပယ်နှုတ်ရန်အတွက် မြတ်စွာဘုရားက သတိပဋ္ဌာန်တရား၌ ဓာတုမနသိကာရအပိုင်းကို ဖော်ထုတ်ခဲ့သည်မှာ ပထဝီဓာတု၊ ပထဝီဓာတ်သည်ရင်း၊ အာပေါဓာတု၊ အာပေါဓာတ်သည်ရင်း၊ ဝါယောဓာတု၊ ဝါယောဓာတ်သည်ရင်း၊ တေဇောဓာတု တေဇောဓာတ်သည်ရင်း။

ရင်းဓာတ် လေးပါးကို နွားသတ် ယောက်ျားနှင့် နွားသတ်ယောက်ျား၏ တပည့်တို့သည် လမ်းဆုံ လမ်းခွ လမ်းလေး၀၌ နွားသေကောင်ကို ဖျက်ပြီး လေးပုံ လေးစု ခွဲဝေပြီး အရပ်လေးမျက်နှာမှ လာသောသူတို့အား တပုံတစုစီ ပေးလိုက်လျှင် နွားသေကောင် ပျောက်ဘိသကဲ့သို့ သာရလေးချက် စက်ရဟတ် လေးပါးတို့ကို နွားသတ် ဥပမာအတိုင်း ရှုကြည့်ရာတွင်–

အတိတ်အကြောင်း စက်သည်ကား ပစ္စုပ္ပန်အကျိုးစက် မဟုတ်၊ အတိတ် အကြောင်းစက် ကလည်း အတိတ် အကြောင်းသဘော ပစ္စုပ္ပန်အကျိုးစက်ကလည်း ပစ္စုပ္ပန် အကျိုးစက် သဘော ပစ္စုပ္ပန် အကြောင်းစက် ကလည်း ပစ္စုပ္ပန် အကြောင်းစက် သဘောကို ဆောင်နေသည်၊ အနာဂတ် အကျိုးစက်ကလည်း အနာဂတ် အကျိုးစက် သဘောကိုပြနေ၍ စက်ရဟတ်လေးပါး သာရလေးပါး တို့သည် အသီးသီးကွဲကွဲပြားပြား ခြားခြားနားနားမြင်လျှင် တပေါင်းတည်းဟုဆိုအပ်သော သမူဟပညတ်ကို ဝိညာဏ် သမားတို့က စွဲဆိုခြင်းသာ ဖြစ်သည်တကားဟု မြင်လျှင်

အပေါင်းပျက်သွားလိမ့်မည်၊ အပေါင်းပျက် သွားမှတခုစီ တခုစီကုန်ပျက် ကင်းချုပ်နှင့် ပယ်သတ်လိုက်ပါ။

စက်ရဟတ် လေးပါးတို့တွင် အတိတ်အကြောင်းစက် ဆိုသည်ကိုကုန်နေသည်ဟု မြင်အောင်ရှုပါ၊မိမိနားလည်တဲ့ အခါကစ၍ မြင်၊ စား၊ နံ၊ လျက် တွေ့သမျှသော အာရုံ တို့သည် ပစ္စုပ္ပန်သို့ မပါမရောက်ဘဲ ချုပ်ပျောက် နေသော ကြောင့် မျက်ကွယ် သဘော ဖြစ်သည် အတွက်ကြောင့် အတိတ်ဟုဆိုသည်။

အတိတ်ဆိုကကုန်ပြီ အတိတ်ကုန်လျှင် အတိတ်ကိုစွဲရမှ ဖြစ်နိုင်သော ပစ္စုပ္ပန်အကျိုးကလည်း အတိတ်ကိုမမှီရ၍ ပျက်သဘောသို့ ရောက်နေသည်၊ အတိတ်နှင့် ပစ္စုပ္ပန် မပေါင်းစပ်ရလျှင် ပစ္စုပ္ပန်အကြောင်း မထွက်ပေါ်နိုင်ဘဲ ကင်းသဘောသို့ ရောက်နေရသည်။ ပစ္စုပ္ပန်အကြောင်း ကင်းလျှင် အနာဂတ် အကျိုးကလည်း ချုပ်သွားရလေ တော့သည်။

ချုပ်ဆိုသည်မှာ နောက် တဖန်ပြန်၍ ဖြစ်နိုင်သော ခဏချုပ် မဟုတ်၊ အစဉ်ချုပ် သဘောသို့ ဦးခေါင်းဝင် သွားသည်ကို ငြိမ်းသော သန္တိဓာတ်ဟု ခေါ်သည်၊ ၎င်းသန္တိဓာတ်ကိုမြင်မှ အာရုံအရိပ် နိမိတ်လက္ခဏာ ကင်း စင်သော ဘဝ်အပျက်ကို မြင်သည်ဟုမှတ်ပါ။

သဘောကို နားမလည်လျှင် ဝက်သားရသာရုံနှင့် ဗိဝ္ါ ပသာဒတိုက်ဆုံ၍ ဖြစ်ပေါ်ပုံအခြင်းအရာကို ပြန်၍ကြည့်ပါ ဒွိဠ်လေးပါးကို ဘဝ်ဉာဏ်ဖြင့် ပယ်သတ်နိုင်သော ပုဂ္ဂိုလ် တို့မှာ နောင်အာရုံငါးပါး ကာမဂုဏ်တရားတို့နှင့် တွေ့ဆုံ

သော်လည်း ဒိဋ္ဌိအစွဲမဖြစ်ဘဲ သုံးစားနိုင်သောကြောင့် ရဟန်းရှင်တို့မှာ– ပစ္စယ သန္နိဿိတ သီလတို့သည် တခါတည်း လုံခြုံ၍စင်ကြယ်သွားသည်၊ လူတို့မှာလည်း အာရုံငါးပါးကို အပြစ်မရှိဘဲ ခံစားသုံးဆောင်နိုင်သောကြောင့် ခံစားသုံးဆောင်ရလေတော့သည်။

## ဘင်ဉာဏ်နှင့်ပြည့်စုံသောပုဂ္ဂိုလ်တို့၏ ရအပ်သော အကျိုးတရား ၈–ပါး

၁။ ဘဝသည်မြဲသည်ဟု ယူမှားသော သဿတဒိဋ္ဌိကို ပယ်နိုင်ခြင်းအကျိုးတပါး။

၂။ မိမိ၏အသက်၌ တပ်နှစ်သက်သော နိကန္တိကတဏှာတို့စွန့်နိုင်ခြင်းအကျိုးတပါး။

၃။ အချင်းခပ်သိမ်း ဘာဝနာတရားနှင့် ယှဉ်နိုင်ခြင်းအကျိုးတပါး။

၄။ သန့်ရှင်း စင်ကြယ်သော သက်မွေး ဝမ်းကြောင်းရှိခြင်းအကျိုးတပါး။

၅။ မှုကြီးမှုငယ် အသွယ်သွယ်တို့၌ ကြောင့်ကြဗျာပါရလုံ့လမပြုခြင်း အကျိုးတပါး။

၆။ ကြောက်လန့်ခြင်းမှ ကင်းခြင်းအကျိုးတပါး။

၇။ သည်းခံခြင်း သီလစောင့်ထိန်းခြင်း ခန္တီ သောရစ္စဂုဏ်နှင့်ပြည့်စုံခြင်းအကျိုးတပါး။

၈။ ကုသိုလ်တရား၌သာ မွေ့လျော်ခြင်း အကျိုးတပါး။

စက်ရဟတ် လေးပါးကို ပညာမြင် အနိစ္စာနုပဿနာဉာဏ်ဖြင့် ပယ်သတ်လိုက်ရာ တဏှာစက်ရဟတ်သာပြတ်၍

အဝိဇ္ဇာ ပါမသွားခြင်းကြောင့် အဝိဇ္ဇာ သဘာဝထွက်လာ ပြန်သည်၊ ထွက်လာသော အဝိဇ္ဇာသဘာဝကို ပညာမြင် ဒုက္ခာနုပဿနာ ဉာဏ်သို့တင်ပြီး သုံးသပ်ဝေဖန်ကြည့်ရမည် ဖြစ်ပါကြောင်း။

ဘင်္ဂဉာဏ်ပြီးပြီ။

---

**ပညာမြင်ဒုက္ခာနုပဿနာဉာဏ်**

**ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိန္ဒာဉာဏ်**

ပညာမြဲဘဒုက္ခာနုပဿနာ ဉာဏ်သို့တက်ရန်ဘင်္ဂဉာဏ်မှ သဘာဝ ထွင်လာသော အဝိဇ္ဇာသဘောကို ဒုက္ခအနက် လေးချက်ထုတ်တ်လျှင် သင်္ခတဋ္ဌ ပီဠနဋ္ဌ သန္တာပဋ္ဌ ဝိပရိ နာမဋ္ဌ ဒုက္ခအနက်လေးချက်ကို စက်ရဟတ်လေးပါးဖွဲ့လျှင် သင်္ခတဋ္ဌ အတိတ်အကြောင်းစက်၊ ပီဠနဋ္ဌ ပစ္စုပ္ပန်အကျိုး စက်၊ သန္တာပဋ္ဌ ပစ္စုပ္ပန် အကြောင်းစက်၊ ဝိပရိနာမဋ္ဌ အနာဂတ်အကျိုးစက်။

စက်ရဟတ်လေးပါး အဝိဇ္ဇာရေသောက်မြစ်ကို ပယ် သတ်ရန်အတွက်အဝိဇ္ဇာကို လက္ခဏာရသဖြင့် ဝေဖန်သော်-

အန္ဓဘာဝလက္ခဏာ မိုက်မဲတွေဝေခြင်းလျှင် လက္ခဏာ ရှိ၏ဟု ဆိုသည်ကား နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ပစ္စယ ပရိဂ္ဂဟဉာဏ် ၂-ပါးတို့က ပယ်သတ်ခဲ့သော နာမ်ရုပ် ကြောင်းကျိုးရုပ်နာမ်တို့ကိုယူပါ။

သဘာဝစ္ဆာဒနရသာ အာရုံ၏သဘောကို ဖုံးလွှမ်းခြင်း ကိစ္စ ရသရှိ၏ဟု ဆိုသည်ကား သမ္မသနဉာဏ်က ပယ်သတ် ခဲ့သောကာလ ၃-ပါး ရုပ်နာမ်ကို ကောက်ပါ။

အန္ဓကာရပစ္စုပဋ္ဌာန၊ မိုက်မဲ တွေဝေသည်၏ အဖြစ်လျှင် ရှေးရှုထင်ခြင်း ပစ္စုပဋ္ဌာန်ရှိ၏ဟု ဆိုသည်ကား ဥဒယဗ္ဗယဉာဏ်က ပယ်သတ် ခဲ့သော ပစ္စုပ္ပန် ရုပ်နာမ်ကို ကောက်ပါ။

အာသဝပဒဋ္ဌာန၊ အာသဝေါလျှင် နီးစွာသော ဖြစ်ကြောင်း ပဒဋ္ဌာန်ရှိ၏ ဆိုသည်ကား အနုပဿနာ ဉာဏ်က ပယ်သတ်သော ရုပ်နာမ်မျိုးကို ကောက်ပါ။

ဒုက္ခာနုပဿနာ ဉာဏ်၌ ဒုက္ခကို သိရမည်ဟု ဆိုရာ၌ ဒုက္ခက ၃-မျိုးရှိသည်။

၁။ သညာသိဒုက္ခ။

၂။ ဝိညာဏ်သိ ဒုက္ခ။

၃။ ပညာသိ ဒုက္ခ။

| | | |
|---|---|---|
| ဒုက္ခဒုက္ခ | သင်္ခါရဒုက္ခ | ဝိပရိနာမဒုက္ခ |
| ဒုက္ခဒုက္ခကား | သညာသိဒုက္ခ | |
| သင်္ခါရဒုက္ခကား | ဝိညာဏ်သိဒုက္ခ | |
| ဝိပရိနာမ ဒုက္ခကား | ပညာသိဒုက္ခ | |

အာရုံနှင့် တွေ့လျှင် ကိုယ်သဘောကျ၍ နှစ်သက်လျှင် သုခ၊ မနှစ်သက်လျှင်ဒုက္ခ၊ ဤဒုက္ခမျိုးက သညာသိဒုက္ခ။

မိမိ ခန္ဓာကိုယ်၌ တစုံတခုသော အရာဝတ္ထု တို့နှင့် ထိခိုက်၍ နာကျင်ခြင်းဖြစ်လာသော ဒုက္ခမျိုးကား ဝိညာဏ်သိဒုက္ခ။

ပညာသိဒုက္ခ ဆိုသည်မှာကား ဝိပရိနာမ ပျောက်ပြန့် ပျက်စီးခြင်းဒုက္ခ။

ဠ္ဌာသယ ၄၉၃-၈

အဝိဇ္ဇာ ရေသောက်မြစ်ကို ဒုက္ခအနက် လေးချက်ပြရာ၌ သန်တဋ္ဌ–ပြုပြင်ခြင်းအတိတ်အကြောင်းစက်၊ ပီဠနဋ္ဌ–နှိပ်စက်ခြင်း ပစ္စုပ္ပန်အကျိုးစက်၊ သင်္ခတဋ္ဌ– ပူပန်ခြင်း ပစ္စုပ္ပန် အကြောင်းစက်၊ ဝိပရိနာမဋ္ဌ– ဖောက်ပြန်ခြင်း အနာဂတ် အကျိုးစက်၊ "နှိပ်စက်ပြုပြင် ပူပန်ဖောက်လွဲ ဒုက္ခဘဲ"။

သတ္တဝါတို့မှာ ခန္ဓာငါးပါးကို အစွဲပြု၍ လူ့ခန္ဓာ၊ နတ်ခန္ဓာ၊ ဗြဟ္မာခန္ဓာ၊ ခွေး, ဝက်, ကြက်, ငှက်, ကျွဲ, နွား, ဆင်, မြင်းစသောအကျိုးခန္ဓာကြီးကို ရရှိကြသည်အတွက်ကြောင့် ထိန်းသိမ်း စောင့်ရှောက်ရခြင်း ကျွေးမွေး ရခြင်းပြုပြင်ရခြင်း ၉၆–ပါးသော ရောဂါဝေဒနာတို့ နှိပ်စက်ခြင်းကို ခံကြရခြင်း၊ သံသရာ ဒုက္ခအမျိုးမျိုးတို့နှင့် တွေ့ကြုံရခြင်းသည် ရှေးအတိတ်ဘဝက ၂၉–ပါးသော ကံတရားတို့က ပြုပြင်ခြင်းဟု ဆိုအပ်သော အကြောင်းတရားက ပစ္စုပ္ပန်အကျိုး၌ ခန္ဓာငါးပါး ရုပ်နာမ် ကောင်ကြီးကို ပစ္စုပ္ပန် ဘဝတွင် ဒုက္ခအမျိုးမျိုးကို တွေ့ကြုံ ခံစားရခြင်းငှာ ပြုပြင်လိုက်သောကြောင့် ပစ္စုပ္ပန်၌ ဒုက္ခတုံး ဒုက္ခခဲကြီးကိုရလာသည်ကား ပစ္စုပ္ပန်၌ နှိပ်စက်ခြင်းအကျိုးဒုက္ခ။

ထိုကဲ့သို့ ပစ္စုပ္ပန်ဘဝ၌ရလာသော အကျိုးဒုက္ခကောင်ကြီးကို ဒုက္ခမမြင် သုခထင်ပြီး ပူပန်ခြင်းဒုက္ခ ဖြစ်လာပြန်သည်ကား ဤအကျိုးခန္ဓာမျိုးကို နောက်ဘဝ၌ ရပါစေ မရလျှင် ခက်မည်ဟု တောင်းတသော အလိုဆန္ဒဖြင့် ပုညအစုကောင်းမှုတို့ကို ပြုလုပ်ကြသည်မှာ ပူပန်မှုဒုက္ခ။

မည်သို့ပင် ပြုပြင်၍ထားသော်လည်း မဖြစ်သေးသော အနာဂတ်ဘဝကိုတမ်းတပြီးလျှင်တဘဝ တခန္ဓာဖောက်ပြန် ပျက်စီးသွားရခြင်းသည်ကား ဝိပရိနာမဒုက္ခ။

ဤဒုက္ခအသိမျိုးကား ပဋိစ္စသမုပ္ပါဒ်၌ ဒေသနာနည်း အသိသာဖြစ်သည်။

## ပညာသိလက်တွေ့နည်းကိုပြပေအံ့

ပညာသိဒုက္ခကို သိလိုလျှင် ခန္ဓာဖြစ်ပုံကို ရှေးဦးစွာ ကျွမ်းကျင်လိမ္မာရဦးမည်။

## ပရိယတ်ခန္ဓာနှင့် ပဋိပတ်ခန္ဓာကွဲပြားခြားနားချက် ပုဂ္ဂိုလ် ၄–မျိုး

အဟိတ်ပုဂ္ဂိုလ်။
သုဂတိအဟိတ်ပုဂ္ဂိုလ်။
ဒွိဟိတ်ပုဂ္ဂိုလ်။
တိဟိတ်ပုဂ္ဂိုလ်။

အလောဘ အဒေါသ ဟိတ်နှစ်ပါး ရသည်ကို ဒွိဟိတ် ခေါ်သည်၊ အမောဟ တပါးနှင့် သုံးပါးစုံ ရသည်ကို တိဟိတ်ခေါ်သည်၊ဟိတ်မရသူကို အဟိတ်ပုဂ္ဂိုလ်ခေါ်သည် ဇစ္စန္ဓပုဂ္ဂိုလ်တို့ကို သုဂတိအဟိတ်ပုဂ္ဂိုလ် ခေါ်သည်။

အပါယ်လေးဘုံ၌ သူတို့ကို အဟိတ်ပုဂ္ဂိုလ် ခေါ်သည်၊ လူ့ပြည် နတ်ပြည်၌ကား ဒွိဟိတ်လည်းရှိသည် တိဟိတ် လည်းရှိသည်၊ အထက် ဗြဟ္မာဘုံ၌ကား တိဟိတ်ပုဂ္ဂိုလ် မျိုးသာရှိသည်။

ဂင်း ပုဂ္ဂိုလ်တို့၌ ခန္ဓာကို ပြသည့်အခါ ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ ခန္ဓာငါးပါး ဤခန္ဓာမျိုးကား အကျိုး ပဥ္စက္ခန္ဓာ ပရိယတ်ခန္ဓာဟု ခေါ်သည်။

ပဋိပတ်အလို ခန္ဓာဖြစ်ပုံကား ပုဂ္ဂိုလ်လေးမျိုးအနက် တဦးတယောက်သောသတ္တဝါ၌ ခန္ဓာမျိုးစုံပါရှိသည်ဖြစ်၍ အဟိတ်ခန္ဓာပေါ်လျှင် တိဟိတ်ခန္ဓာစသည်တို့ငုပ်နေသည်၊ တိဟိတ် ခန္ဓာပေါ်သော် အခြားခန္ဓာတို့ ငုပ်သွားရသည်။

ရှင်ကြီးဒေဝဒတ်သည် တိဟိတ်ပုဂ္ဂိုလ်ဖြစ်၍ ဈာန်အဘိညာဏ်နှင့် မြေလျှိုး မိုးပျံနိုင်သော်လည်း မြတ်စွာဘုရားကို ပြစ်မှားမိသော လောဘတုပ္ပါဒကာကံကြီးက တိဟိတ်ခန္ဓာကိုဖိစီး နှိပ်စက်လိုက်၍ အဟိတ်ခန္ဓာက ဆောင်ယူပြီး အဝီစိငရဲသို့ရောက်သွားရသည်။

သတ္တဝါ ဟူသမျှတို့သည် ကမ္ဘာပျက်လျှင် နိယာမ အတိုင်းတိဟိတ်ခန္ဓာဖြင့် မီးဘေး ရေဘေး လေဘေးတို့မှ လွတ်သော ဗြဟ္မာဘုံတို့၌ ဖြစ်နေရသည်က များပြားလှလေပြီ၊ ဂင်းတိဟိတ်ခန္ဓာမျိုးကို အကုသိုလ်ကံတရားတို့က ဖိစီးလိုက်ပြန်လျှင် ဒွိဟိတ်ခန္ဓာပေါ်လိုက် လူနတ်အညံ့စား ဖြစ်လိုက် အဟိတ် ခန္ဓာပေါ်လိုက် အပါယ်လေးဘုံကျလိုက်နှင့် ကျင်လည်ခံစားလာခဲ့ကြရသည်။

ယခုသာသနာ တော်ကြီးနှင့် တွေ့ကြုံရာ၌ ပညာမြင် ဥဒယဗ္ဗယ ဉာဏ်တော်ကြီးက သတ္တဝါတို့ကို နှိပ်စက်၍ အပါယ်ဘုံသို့ပို့နေသော (ဝါ)ဆွဲချနေသော အဟိတ်ခန္ဓာ

မျိုးကို ပယ်ဖြတ်သုတ်သင် ရှင်းလင်းလိုက်သည့် အပါယ် တံခါးပိတ်လိုက်သည်။

အတိတ်ခန္ဓာ၌ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝေဒ နာက္ခန္ဓာ ဝိညာဏက္ခန္ဓာ ရူပက္ခန္ဓာ။

ပညာမြင်အနိစ္စဉာဏ်က ဖြစ်လေရာဘုံဘဝတွေ၌ လူတန်း စားမမှီဘဲ ဖြစ်နေရသောဒိဋ္ဌိတိတ်ခန္ဓာကို ပယ်ဖြတ်ခဲ့သည်။

ဒိဋ္ဌိတိတ်ခန္ဓာ၌ သညာက္ခန္ဓာ၊ ဝေဒနက္ခန္ဓာ၊ သင်္ခါ ရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ၊ ရူပက္ခန္ဓာ၊ သညာက္ခန္ဓာ နောက်မှ သင်္ခါရက္ခန္ဓာလိုက်လျှင် အတိတ်ခန္ဓာ၊ အပါယ် ခန္ဓာ၊ သညာက္ခန္ဓာ နောက်မှ ဝေဒနာက္ခန္ဓာ လိုက်လျှင် ဒိဋ္ဌိတိတ်ခန္ဓာဟုမှတ်ပါ။

ယခုပညာမြင် ဒုက္ခာနုပဿနာဉာဏ်က ဒိဋ္ဌိတိတ်ခန္ဓာကို ပယ်သတ်၍ တိတိတ်ခန္ဓာကို ဖော်ထုတ်ရလိမ့်မည်ဖြစ်သည်။

ခန္ဓာအစုံကို ဖော်ထုတ်ပြီး ပယ်သတ်နိုင်မှ အရိယာ ခန္ဓာနှင့် မဂ်ဝင်ရသည်၊ ဆိုခဲ့ပြီးသောခန္ဓာတို့က နာမ်ခန္ဓာ လေးပါးပေါင်းဆုံ၍ပေါ်နေသော အာရုံရိပ်ကို ရူပက္ခန္ဓာ ဟုခေါ်သည်၊ ၎င်းခန္ဓာမျိုးကား ဥပါဒါနက္ခန္ဓာ ပဋိပတ် ခန္ဓာကိုခြားနားစွာသိရှိမှ နားလည်နိုင်လိမ့်မည်။

ယခင်က ခန္ဓာမျိုးစုံကို ပဟာန် ငါးပါးဖြင့် ရှင်းလင်း ပြီးဖြစ်၍ ပြန်ကြည့်လျှင် သိနိုင်ပါသည်၊ ပညာမြင် ဒုက္ခာ နုပဿနာဉာဏ်က ဒိဋ္ဌိတိတ်ခန္ဓာကိုပယ်သတ်သည်သာ မက တိတိတ်ခန္ဓာကို ဖော်ထုတ် နိုင်သော ဉာဏ်ပင် ဖြစ်လင့် ကစား သတိထားရန်မှာ သဒ္ဓါတဏှာ၊ ပိဋကနဏှာ၊ သဏ္ဍာပဏှာ၊ ဝိပရိနာမဏှာ နှိပ်စက်ပြုပြင် ပုပင် ဖောက်လွဲ ဒုက္ခဲ

အကြောင်း ပူပန်၍ အကျိုး ဖောက်ပြန်သည် ဆိုရာ၌ ဝိညာဏ်သိဖောက်ပြန်မျိုးက နောက်တဖန် ပြန်၍ဖြစ်သော ဖောက်ပြန်မျိုးကို ဝိညာဏ်သိဒုက္ခဟု ဆိုသည်။

ဝိညာဏ်သိဒုက္ခ ကိုထင်မြင်သော ပုဂ္ဂိုလ်တို့မှာ ဘယ ဉာဏ်ဖြစ်သည့်အခါ သံသရာဘေးကို ကျားများ မြွေများကို တွေ့၍ ကြောက်လန့်သကဲ့သို့ မတက်နိုင်၍ ယခုဘဝမဂ်ဖိုလ် မရသေးဟုမှတ်၊ ပါရမီမျိုးစေ့ လောက်သာ ပါနိုင်သည်၊ ဝိညာဏ်မြင် ဒုက္ခကိုမြင်သော ပုဂ္ဂိုလ်တို့၌ကား ဒွိဟိတ် ခန္ဓာသာ ပြန်ပေါ်နိုင်သည်။

ပညာမြင် ဒုက္ခ ဉာဏ်၌ကား အကြောင်း ပူပန်၍ အကျိုးဖောက်ပြန်သည် ဆိုရာ၌ နောက်တဖန် ပြန်၍ မဖြစ် နိုင်သော ငြိမ်းအေးသော သန္တိဓာတ်ကို ကျအောင် မြင်သော သူ၌ ဘယဉာဏ်မှ အာဒီနဝဉာဏ်ကိုတက်နိုင်၍ နိဗ္ဗိန္ဒဉာဏ် ဖြစ်ပြီး ယခုဘဝမဂ်ဖိုလ် ဝင်နိုင်သည်။

စက်ရဟတ် လေးပါးကို လက်တွေ့နည်း ရှာဖွေရန် ဝေဒနာသုံးပါးကို သိရမည်။

၁။ သညာသိဝေဒနာ ဇိဝှါပသာဒ၌ သကြား၊ ထန်း လျက်တိုတင်ပြီး ဝါးလိုက်လျှင် ချိုသည်ဟု ခံစားသည်က သညာသိဝေဒနာ။

၂။ ဝိညာဏ်သိဝေဒနာကား သညာသိမျိုးကို လွန်ပြီး ကောင်းမကောင်း ဣဋ္ဌာရုံ၊ အနိဋ္ဌာရုံဖမ်းပြီး ခံစားသည်က ဝိညာဏ်သိဝေဒနာ။

၃။ ပညာသိ ဝေဒနာဆိုသည်ကား ဒွါရငါးပေါက်၌ ပေါ်သည့်သဘောကိုခေါ်သည်။

ဝင်းဒွါရငါးပေါက်၌ ပေါ်သည့် သဘောကို နာမနှင့် သဏ္ဌာန် ကောင်းမကောင်း ဣဋ္ဌာရုံ အနိဋ္ဌာရုံ သွင်းလိုက်လျှင် ဝေဒနာကစပြီး တဏှာဥပါဒါန် ဘဝဇာတိ ဖြစ်ပြီး သံသရာလည်သွားရသည်ဖြစ်၍ မြတ်စွာဘုရားရှင်က နာမပညတ် သဏ္ဌာနပညတ်ဣဋ္ဌ၊ အနိဋ္ဌဖုံးနေ သည်ကို ပယ်သတ်၍ ပညာသိဝေဒနာ ပေါ်စေခြင်း အလို့ငှာ မဟာသတိပဋ္ဌာန်တရားတော်၌ အမောဟ သမ္ပဇည အပိုင်းကို ထုတ်ဖော်၍ ဟောတော်မူခဲ့ရသည် ဖြစ်ပါကြောင်း။

### အမောဟသမ္ပဇည အပိုင်း

> အဘိက္ကန္တေ ပဋိက္ကန္တေ သမ္ပဇာန ကာရီဟောတိ၊ အာလောကိတေ ဝိလောကိတေ သမ္ပဇာနကာရီ ဟောတိ၊ သမိဉ္ဇိတေ ပသာရိတေ သမ္ပဇာနကာရီ ဟောတိ၊ သံဃာဋိပတ္တစီဝရ ဓာရဏေ သမ္ပဇာန ကာရီ ဟောတိ၊ အသိတေပီတေ ခါယိတေ သာယိ တေ သမ္ပဇာနကာရီဟောတိ၊ ဥစ္စာရပဿာဝကမ္မေ သမ္ပဇာနကာရီ ဟောတိ။

အဘိက္ကန္တေ၊ ရှေ့သို့ တက်သော်ဝင်း။ ပဋိက္ကန္တေ၊ နောက်သို့ဆုတ်သော်ဝင်း။ သမ္ပဇာနကာရီ၊ ပညာဖြင့် ဆင်ခြင်၍သာ ပြုလုပ်လေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

အာလောကိတေ၊ တူရူကြည့်သော်ဝင်း။ ဝိလောကိတေ၊ တစောင်း ကြည့်သော်ဝင်း။ သမ္ပဇာနကာရီ၊ ပညာဖြင့် ဆင်ခြင်၍သာ ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

သမဥ္ဇိတေ၊ လက်ခြေတို့ကို ခွေသော်၎င်း။ ပသာရိတေ၊ လက်ခြေတို့ကို ဖြန့်သော်၎င်း။ သမ္ပဇာနကာရီ၊ ပညာဖြင့် ဆင်ခြင်၍သာ ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

သံဃာဋိပတ္တစီဝရဓာရဏေ၊ ဒုကုဋ်သပိတ် သင်္ကန်းကို ဆောင်ရာ၌။ သမ္ပဇာနကာရီ၊ ပညာဖြင့်ဆင်ခြင်၍ ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

အသိတေ၊ စားသော်၎င်း။ ပီတေ၊ သောက်သော်၎င်း။ ခါယိတေ၊ ခဲစားသော်၎င်း။ သာယိတေ၊ လျက်သော်၎င်း။ သမ္ပဇာနကာရီ၊ ပညာဖြင့်ဆင်ခြင်၍သာ ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

ဥစ္စာရပဿာဝကမ္မေ၊ ကျင်ကြီး ကျင်ငယ်အမှုကိုပြုရာ၌။ သမ္ပဇာနကာရီ၊ ပညာဖြင့် ဆင်ခြင်၍သာ ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

ဂတေ၊ သွားသော်၎င်း။ ဌိတေ၊ ရပ်သော်၎င်း။ နိသိန္နေ၊ ထိုင်သော်၎င်း။ သုတ္တေ၊ အိပ်သော်၎င်း။ ဇာဂရိတေ၊ နိုးသော်၎င်း။ ဘာသိတေ၊ စကား ဆိုသော်၎င်း။ တုဏှိဘာဝေ၊ စကားမဆိုဘဲ ဆိတ်ဆိတ်နေသော်၎င်း။ သမ္ပဇာနကာရီ၊ ပညာဖြင့် ဆင်ခြင်၍ ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

ရှေ့သုံးပုဒ်ကား ရူပက္ခန္ဓာကို ပြသည်။

သံဃာဋိပတ္တ စီဝရပုဒ်က သညာက္ခန္ဓာကိုပြသည်။

အသိတေပီတေခါယိတေဟူသော ပုဒ်က ဝေဒနာက္ခန္ဓာကိုပြသည်။

ဥစ္စာရပဿာဝကမ္မေ ဟူသောပုဒ်က သင်္ခါရက္ခန္ဓာကို ပြသည်။

ဂတေ ဌိတေ နိသိန္နေဟူသောပုဒ်က ဝိညာဏက္ခန္ဓာကို ပြသည်။

၎င်းခန္ဓာငါးပါးက တိဟိတ် ခန္ဓာ၌ရှိသော ခန္ဓာဖြစ်သည်။

ရှေ့သုံးပုဒ်က ရူပက္ခန္ဓာ၊ နောက်လေးပုဒ်က နာမ်ခန္ဓာလေးပါး၊ ယခုပြမည့် အလုပ်၌ သက်ဆိုင်ရာ ဖြစ်သော ရှေ့သုံးပုဒ်ကို ပြလိုက်လျှင် အားလုံးကိစ္စပြီးစီးနိုင်သည်ဖြစ်၍ ရှေ့သုံးပုဒ်ကိုသာ ပြတော့မည်။

အဘိက္ကန္တေ၊ ရှေ့သို့ တက်သော်၎င်း။ ပဋိက္ကန္တေ၊ နောက်သို့ ဆုတ်သော်၎င်း။ သမ္ပဇာနကာရီ၊ ပညာဖြင့် ဆင်ခြင် ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

အာလောကိတေ၊ တူရူကြည့်သော်၎င်း။ ဝိလောကိတေ၊ တစောင်း ကြည့်သော်၎င်း။ သမ္ပဇာနကာရီ၊ ပညာဖြင့် ဆင်ခြင်၍ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

သမိဉ္ဇိတေ၊ လက်ခြေတို့ကို ကွေးသော်၎င်း။ ပသာရိတေ၊ လက်ခြေတို့ကို ဆန့်သော်၎င်း။ သမ္ပဇာန ကာရီ၊ ပညာဖြင့် ဆင်ခြင်၍ ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

၎င်းသုံးပုဒ် သည်ကား အသွားအပြန် သဘောတူညီချက်ရှိသည့်အတွက်ကြောင့် မိမိကြိုက်ရာ အပုဒ်ကို ရှုလိုက်လျှင် သုံးပုဒ်စလုံး ကိစ္စပြီးနိုင်သည်။

ဒုက္ခအနက်လေးချက် သန္တတ္ထ၊ ပီဠနဋ္ဌ၊ သင်္ခတဋ္ဌ၊ ဝိပရိနာမဋ္ဌ၊ သန္တတ္ထ အတိတ် အကြောင်းတရား ပီဠနဋ္ဌ

ပစ္စုပ္ပန်အကျိုးစက်၊ သင်္ခါရပဋ္ဌ ပစ္စုပ္ပန် အကြောင်းစက်၊ ဝိပရိနာမဋ္ဌ အနာဂတ် အကျိုးစက်၊ စက်ရဟတ်လေးပါး ဒုက္ခအနက်လေးချက်နှင့် စက်ရဟတ်လေးပါးကို ပယ်သတ်ရာ၌ အကြောင်းပူပန်၍ အကျိုး ဖောက်ပြန်မှ ပညာမြင် အစစ်ဖြစ်သည်၊ ဖောက်ပြန်သည်ဟု ဆိုရာ၌ နောက်တဖန် မဖြစ်နိုင်သော ဖောက်ပြန်မျိုးမှ ဒုက္ခအမှန်၊ နောက်တဖန် ပြန်၍ဖြစ်သေးလျှင် သုခပါသည်ဖြစ်၍ ဝိညာဏ်မြင် ဒုက္ခဟု သာမှတ်ပါ။

ပညာမြင် ဥဒယဗ္ဗယ ဉာဏ်က သညာက္ခန္ဓာနှင့် သင်္ခါရက္ခန္ဓာပြဋ္ဌာန်းသော အဟိတ်ခန္ဓာနှင့် သင်္ခတိ ပညတ်ကို ပယ်သတ်ခဲ့သည်၊ဘင်ဉာဏ်၌ကား ဝိညာဏက္ခန္ဓာအတွင်း၌ ရှိသော ဒွိဟိတ်ခန္ဓာနှင့် သမူဟ ပညတ်ကို ပယ်သတ်ခဲ့ သည်။

ပညာမြင် ဒုက္ခာနုပဿနာဉာဏ်၌ကား ဝေဒနာက္ခန္ဓာ ရိပ်၌ ကိန်းဝင်နေသော သဏ္ဌာနပညတ်၊ နာမပညတ်တို့နှင့် ယခင်ဆိုခဲ့သော အဝိဇ္ဇာရေသောက်မြစ် စက်ရဟတ် လေး ပါးကို ပယ်သတ်ရမည့်ကဏ္ဍ ဖြစ်သည်။

အဘိက္ကန္တေ ပဋိက္ကန္တေ သမ္ပဇာနကာရီဟောတိ။

အဘိက္ကန္တေ၊ ရှေ့သို့တက်သော်၎င်း။ ပဋိက္ကန္တေ၊ နောက် သို့ဆုတ်သော်၎င်း။ သမ္ပဇာနကာရီ၊ ပညာဖြင့် ဆင်ခြင် ၍သာပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။
ဟု ဆိုရာ၌ မိမိရှေ့တွင် လူတယောက်ကို ရပ်၍ ထားပြီး ရှေ့သို့ တလှမ်း လှမ်းလိုက်၊ ရှေ့သို့တိုးသည် နောက်သို့ တလှမ်းဆုတ်လိုက် နောက်ဆုတ်သည်။

ဤကဲ့သို့ ရှေ့တိုး နောက်ဆုတ် ပြုလုပ်၍နေလျှင် နဂိုရှိသည့် မတ်တတ်ရပ်နေသည်ကို မမြင်တော့ပြီ၊ ဤကဲ့သို့ နဂိုရှိသည့်တရားကို မမြင်အောင် ဖုံးလွှမ်း၍ သွားသောကြောင့် ဖုံးတာကို မောဟ၊ ဖုံးသော အတိုး အဆုတ်ကို ပယ်ဖျောက်၍ နဂိုရပ်နေသောသဘောကို ပေါ်အောင် ပြုလုပ်သည့်အလုပ် ဖြစ်သောကြောင့် အမောဟ သမ္မာဉာဏ်ဟု ခေါ်သည်။

ယခင်ပြခဲ့ပြီးသော နည်းအတိုင်း မိမိလက်ဝါးကို မိမိမျက်နှာအောက်၌ ဆန့်တန်းပြီး ထားပါ ပေါ်နေသည်ကို ဝေဒနာဟု ခေါ်သည်၊ ဆုပ်ခြင်းဖြန့်ခြင်းဖြစ်လာသည်ကား ဝေဒနာ မျက်တောင်ခတ်သည်ဟု မှတ်ပါ၊ ဖြန့်ပြီး ဆုပ်လိုက်၊ ဆုပ်ပြီး ဖြန့်လိုက်၊ ဖြန့်လိုက် ဆုပ်လိုက် ပြုပြီးလျှင် ကြည့်၍ စဉ်းစားပါ။ ဆုပ်ပြီး ဖြန့်နိုင်သည်၊ ဖြန့်ပြီး ဆုပ်နိုင်ခြင်းဖြစ်သည်ကား ဆုပ်တာ၌ ဖြန့်တာ အကြောင်းခံပါနေသည်ဖြစ်၍ ဆုပ်ပြီးဖြန့်နိုင်သည်၊ ဖြန့်တာ၌ ဆုပ်တာက အကြောင်းခံပါနေခြင်းကြောင့် ဖြန့်ပြီးဆုပ်နိုင်သည်။

ဤကဲ့သို့အဖန်ဖန်ကြည့်ပြီး စဉ်းစားရန်မှာ အဆုပ်နှင့် အဖြန့်တို့သည် တဦးကိုတဦး အကြောင်းမခံက ဆုပ်ခြင်း ဖြန့်ခြင်း မဖြစ်နိုင်ပါ၊ ဖြန့်တာကို ဖြုတ်ပြီး ဆုပ်တာကို ကြည့်လျှင် ဖြန့်တာနှင့်ကင်း၍ မဆုပ်နိုင်သဖြင့်ဒုက္ခထင်မည် မဆုပ်နိုင်သည်ကို ပညာမြင်မှာ ဒုက္ခဆိုသည်၊ ဒုက္ခဖြစ်မှ ဖြန့်သောအကျိုးကို မလုပ်နိုင်၍ အကြောင်း ပူပန်သည်ဟု ဆိုသည်။

ဆုပ်တာကိုဒုက္ခထင်၍ဖြန့်တာကိုဆုပ်တာကအကြောင်း မခံနိုင်လျှင် ဖြန့်တဲ့သဘော သုဉ်းဆိတ် နေသည်ကိုမြင်၍ အနတ္တထင်မည်၊ ဖြန့်တာကဆုပ်တဲ့သဘောကို အကြောင်း ခံမရ၍ ဖြန့်သောအကျိုး ငြိမ်းလေ့လိုသွားသည်ကို အနတ္တ ဆိုသည်။

ဤကဲ့သို့ ငြိမ်းသော သန္တိဓာတ် သဘောကို မြင်မှ နောက် တဖန် ပြန်၍ မဖြစ်နိုင်သဖြင့် တောင်းတလို့မရ ဝိပရိနာမ ဒုက္ခသဘောကျမှ ပညာမြင်ဒုက္ခဖြစ်သည်။

ဤသို့အားဖြင့် ဖြစ်နေသည်ကိုပင် အကြောင်းပူပန်၍ အကျိုးဖောက်ပြန်သည့်ဟုဆိုသည်၊ ဝိပရိနာမ ဖောက်ပြန် ပျက်စီးသည်ကိုမြင်မှ ဘယဉာဏ်၊ ဘယဉာဏ် အစစ်ဖြစ်မှ အာဒီနဝဉာဏ်နိဗ္ဗိန္ဒဉာဏ်ဖြစ်မည်။

အာဒီနဝဉာဏ်၌ သန္တိပဒဉာဏ် ၅-ချက်ရှိသည်။

သန္တိပဒဉာဏ် ၅-ချက်

ဥပ္ပါဒ၊ ပဝတ္တ၊ နိမိတ္တ၊ အာယူဟန၊ ပဋိသန္ဓေ။
အနုပ္ပါဒ၊ အပဝတ္တ၊ အနိမိတ္တ၊ နအာယူဟန၊ နပဋိသန္ဓေ။

သင်္ခါရအဖြစ်ငါးပါးနှင့် အသင်္ခတအကျိုးငါးပါး။

ငါးပုဒ်ကိုချုံး၍ တပုဒ်ကို ကြည့်လျှင် ပြီးနိုင်သည်၊ ဥပ္ပါဒေါ သင်္ခါရာ၊ အနုပ္ပါဒေါနိဗ္ဗာနံ၊ ဥပ္ပါဒေါဒုက္ခံ အနုပ္ပါဒေါသုခံ၊ ဥပ္ပါဒေါဘယံ အနုပါဒေါခေမံ၊ သင်္ခါရ ဆိုသည်ကား ပြုပြင်ခြင်းရှိသည်ကို သင်္ခါရဆိုသည် ပြုပြင် ခြင်းကင်း၍ ဖြစ်ပေါ်မှု ငြိမ်းအေးနေသည်ကို အနုပ္ပါဒ

ဆိုသည်၊ ဆုပ်တာကို ဒုက္ခထင်၍ ဖြန့်တာကို အနတ္တမြင်မှ အနုပ္ပါဒ။

ဥပ္ပါဒေါ-ဖြစ်ပေါ်ခြင်းသည်။ သင်္ခါရာ၊ သင်္ခါရမည်၏။
အနုပ္ပါဒေါ-မဖြစ်ပေါ်ခြင်းသည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်မည်၏။
ဥပါဒေါ-ဖြစ်ပေါ်ခြင်းသည်။ ဒုက္ခံ၊ ဒုက္ခမည်၏။
အနုပ္ပါဒေါ-မဖြစ်ပေါ်ခြင်းသည်။ သုခံ၊ သုခမည်၏။
ဥပါဒေါ- ဖြစ်ပေါ် ခြင်းသည်။ ဘယံ၊ ဘေးအတိသာတည်း။
အနုပ္ပါဒေါ-မဖြစ်ပေါ်ခြင်းသည်။ ခေမံ၊ ဘေးကင်းရာနိဗ္ဗာန်တရားပေတည်း။

ဤကဲ့သို့ စဉ်းစား၍ အထပ်ထပ် ကြည့်ရှု ပြီးလျှင် ဆုပ်တာကိုဒုက္ခထင်၍ ဖြန့်တာကို သုဉ်းဆိတ်သော အနတ္တဟု မြင်လျှင် သင်္ခါရမှလွတ်၍ အဆုပ်နှင့်အဖြန့် သုဉ်းဆိတ်သွားသည်ကိုမြင်လျှင် ဆုပ်တာကို နာမပညတ်ဟု ယူလျှင် ဖြန့်တာကို သဏ္ဌာနပညတ်ယူ၊ ဆုပ်တာနှင့်ဖြန့်တာ ၂-ပါး ကုန်သွားသည်ကို ပညတ်နှစ်ပါးသေ၍ နဂို ပေါ်နေတဲ့ တရားကိုမြင်သည်ကို ပရမတ်ပေါ်သည်၊ ပေါ်တဲ့တရားကို ဝေဒနာ ဆိုခြင်းကြောင့် ဝေဒနာကစပြီး ခန္ဓာပေါ်လျှင် ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ၊ ရူပက္ခန္ဓာ၊ တိဟိတ် ခန္ဓာပေါ်သည်။

ပညာမြင်ဒုက္ခာနုပဿနာဉာဏ်က ဝေဒနာက္ခန္ဓာအနိ ၌ ကိန်းဝင်သောအဝိဇ္ဇာရေသောက်မြစ် ကော်ရဟတ် သော

ပါးနှင့် ပညတ်နှစ်ပါး ဒွိဟိတ် ခန္ဓာမျိုးကို ပယ်သတ်၍ တိဟိတ်ခန္ဓာကို ဖော်ထုတ်လိုက်ရပါကြောင်း။

ပညာမြင် ဒုက္ခာနုပဿနာဉာဏ်စခန်း ပြီး၏။

---

### ပညာမြင် အနတ္တာ နုပဿနာဉာဏ်

မုဉ္စိတုကမျတာဉာဏ်၊ ပဋိသင်္ခါဉာဏ်၊ သင်္ခါရုပေက္ခာဉာဏ်၊ ပညာမြင် အနတ္တဉာဏ်သို့တက်ရန် အောက်ဉာဏ်တို့ကပြီးဆုံးခဲ့သော ပညာမြင် အနိစ္စဉာဏ်ဖြင့် ပညာမြင် ဒုက္ခဉာဏ်တို့က ထွက်လာသော သဘာဝကိုရှာရမည်။

စက်ရဟတ် လေးပါး ၁-အတိတ် အကြောင်းစက်၊ ၂-ပစ္စုပ္ပန်အကျိုးစက်၊ ၃-ပစ္စုပ္ပန်အကြောင်းစက်၊ ၄-အနာဂတ် အကျိုးစက်၊ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်၌ အကန့်လေးခု ဒေါက်လေးရပ် ၎င်းဒေါက် လေးခုကို ပညာမြင် အနိစ္စဉာဏ်နှင့် ဒုက္ခဉာဏ်တို့က ပယ်ဖြတ်လိုက်ရာ ဒေါက်လေးဒေါက်တို့တွင် အဘယ်ဒေါက် စက်ရဟတ် ပြတ်ပါသနည်း။

ပညာမြင် အနိစ္စဉာဏ်က ပယ်သတ်ခဲ့သည့်ကား တဏှာရေသောက်မြစ်ဖြစ်သော သာရလေးချက် ဆည်း ပူး နှင်း ဆောင် ဖွဲ့နှောင် နှောက်ယှက်ဟု၊ ဆိုအပ်သော တဏှာရေသောက်မြစ်ကို ကုန် ပျက် ကင်း ချုပ် တည်းဟူသော ပညာမြင် အနိစ္စဉာဏ်ဖြင့် ပယ်သတ်လိုက်ရာ နိရောဓ ဓမ္မမှာ ဦးခေါင်းကျပြီး ပြီးဆုံးခဲ့ရာ တဏှာ ရေသောက်မြစ်သာ ပြတ်ပြီး အဝိဇ္ဇာကြွင်းကျန်ခဲ့ပြန်သည်။

ထိုကြွင်းကျန်ခဲ့သော အဝိဇ္ဇာ၏ ရေသောက် မြစ်ကား သင်္ခါရတဌ အတိတ် အကြောင်းစက်၊ ဝိညာဉ်တဌ ပစ္စုပ္ပန် အကျိုးစက်၊ သဠာယတဌ ပစ္စုပ္ပန်အကြောင်းစက်၊ ဝိပရိနာ မဌ အနာဂတ်အကျိုးစက်၊ ၎င်းအဝိဇ္ဇာ ရေသောက်မြစ်ကို ပညာမြင်ဒုက္ခဉာဏ်က ပယ်သတ်လိုက်ရာအကြောင်း ပူပန်၍ အကျိုး ဝိပရိနာမဌ ဖောက်ပြန် ပျက်စီး၍ သွားခဲ့ရာဌ အဘယ်စက်ရဟတ် ပြတ်ပါသနည်းဟု ဆိုသော်-

ပုဗ္ဗန္တသ အဝိဇ္ဇာ မူလံ၊ အပရန္တသ တဏှာမူလံဟု ဆိုသောကြောင့် သံသရာရှေ့အစွန်း၌ အဝိဇ္ဇာပြဌာန်းသည် သံသရာနောက်အစွန်း၌ တဏှာပြဌာန်းသည် ဆိုပါသဖြင့် ဘင်ဉာဏ်က တဏှာရေသောက်မြစ်ကိုဖြတ်ရာဌ အနာဂတ် အကျိုးစက်ပြတ်သည်၊ အဝိဇ္ဇာရေသောက်မြစ်ကို ပညာမြင် ဒုက္ခဉာဏ်က ဖြတ်လိုက်ရာ အတိတ် အကြောင်းစက် ပြတ်သည်။

စက်ရဟတ် လေးပါး၌ လေးပါးစလုံး မပြတ်သော် လည်း အနိစ္စာ နုပဿနာဉာဏ်နှင့် ဒုက္ခာနုပဿနာဉာဏ် တို့၌ စက်ရဟတ် ၂-ပါးပြတ်သောကြောင့် ရဟန်းတော် မြတ်တို့မှာ ရဟန်းခါတ် ပေါက်ခြင်းကြောင့် သံဃာဂုဏ် ၉-ပါးအနုတ္တရံ ပုညခေတ္တံ လောကဿဟု ဆိုအပ်သော လူအပေါင်းတို့၏ မျိုးစပါး စိုက်ပျိုးရာ လယ်ယာ မြေ ကောင်းသဖွယ်ဖြစ်၍ လှူဒါန်းသော ပစ္စည်း ၄-ပါးတို့ကို လှူသောဒါယကာတို့ အကျိုးစီးပွား ပေါများ စေခြင်းငှာ ခံစားသုံးဆောင်နိုင်ခြင်း ဒုက္ခ ကေသိ သင်းပိုင်များတို့ကို

ဘုရားအလိုတော်ကျ ဝတ်စား သုံးဆောင်နိုင်ခြင်း အကျိုးတို့နှင့် ပြည့်စုံခြင်းဖြစ်လေသည်။

အဝိဇ္ဇာရေသောက်မြစ်ကို ဒုက္ခညာဏ်က ပယ်ဖြတ်ရာ၌ အတိတ် အကြောင်း စက်ပြတ်သည်၊ စက်ရဟတ်နှစ်ပါး ပြတ်ရာ တဏှာရေသောက်မြစ် အနာဂတ်အကျိုး စက်ရဟတ်မှ တဏှာရိပ် ဥပါဒါနက္ခန္ဓာ ထွက်လာသည်၊ အဝိဇ္ဇာရေသောက်မြစ် အတိတ်အကြောင်း စက်ရဟတ်မှ အဝိဇ္ဇာပဉ္စက္ခန္ဓာထွက်လာပြန်သည်။

၎င်းခန္ဓာ နှစ်ပါးက နာမပညတ်ဖြင့် ပေါင်းစပ်ပြီး နေကြသည်၊ ပဉ္စက္ခန္ဓာ အဘယ်ကြောင့် ဖြစ်ပါသနည်း၊ ဥပါဒါနက္ခန္ဓာကို စွဲလို့ဖြစ်သည်၊ ဥပါဒါနက္ခန္ဓာ အဘယ်ကြောင့်ဖြစ်သနည်း၊ ပဉ္စက္ခန္ဓာကိုစွဲလို့ ဖြစ်သည်၊ အဖူးနှင့် အမဲကဲ့သို့ တဦးကိုတဦး လက်ညှိုးထိုးပြီး ပေါ်ကြသည်ကို မြတ်စွာဘုရားက ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာဟု ဟောတော်မူသည်၊ ဥပါဒါနက္ခန္ဓာကဒိဋ္ဌိ ပဉ္စက္ခန္ဓာက ဝိစိကိစ္ဆာ သူတို့နှစ်ဦး ပင်လျှင် မဂ်ကပယ်သတ်ရမည့် တရားခံပေတည်း၊ သူတို့ နှစ်ဦးကိုပင် အဘိဓမ္မာအလိုအားဖြင့် ဥပါဒါနက္ခန္ဓာက တဏှာ ပဉ္စက္ခန္ဓာကအဝိဇ္ဇာ ဓမ္မစကြာကဆိုလျှင် ဥပါဒါနက္ခန္ဓာက သမုဒယသစ္စာ ပဉ္စက္ခန္ဓာက ဒုက္ခသစ္စာဟူ၍ အမည်အမျိုးမျိုးဖြင့် မှည့်ခေါ်ကြသည်။

အနာဂတ် အကျိုးစက်မှ ထွက်လာသော တဏှာရိပ် ဥပါဒါနက္ခန္ဓာနှင့် အတိတ် အကြောင်းစက် ပြတ်ရာမှ အဝိဇ္ဇာရိပ် ပဉ္စက္ခန္ဓာ သူတို့နှစ်ပါးပေါင်းဆုံမိက ပဋိသန္ဓေ အကျိုးဖြစ်သည်၊ အဖအဝိဇ္ဇာ အမိတဏှာ နှစ်ဦးပေါင်း

ဆိုခြင်း ပစ္စုပ္ပန်အကျိုးမှ ပစ္စုပ္ပန်အကြောင်းတည်းဟူသော သားကလေး ကံရိပ်ထွက်လာပြန်သည်ကို ကံပြဋ္ဌာန်းသော စက်ရဟတ် လေးပါးဖွဲ့ပြီး ပညာမြင် အနုတ္တာဉာဏ်တော် ပယ်သတ်ရလိမ့်မည်ဖြစ်ကြောင်း။

ကံကို အနုတ္တာဉာဏ်ဖြင့် ပယ်သတ်ရန်အတွက် လက္ခဏာ ရသပစ္စုပဋ္ဌာန် ပဒဋ္ဌာန်ဖြင့် သုံးသပ်ဝေဖန်ရမည်ဟု ပရိယတ်က ပြထားသည်၊ ကံကို အဝိဇ္ဇာ တဏှာ ကဲ့သို့ ရေသောက်မြစ်ကို မဝေဖန်ရချေ၊ အဘယ့် ကြောင့်နည်း ဆိုသော်-အဝိဇ္ဇာ တဏှာ ပေါင်းဆုံမိမှ ထွက်ပေါ်လာ သောအကျိုးတရား ဖြစ်သောကြောင့် လက္ခဏာ ရသဖြင့် သာ ဝေဖန်ရမည်။

ကံ၌ လက္ခဏာဆိုသည်ကား ပြုပြင်ခြင်း လက္ခဏာရှိ၏၊ ရသ ဆိုသည်ကား ပဋိသန္ဓေကို ဖြစ်စေခြင်း အားထုတ် စေခြင်း လုံ့လပယောဂ ဗျာပါရကိစ္စရှိခြင်း ဖြစ်သည်။

ပစ္စုပဋ္ဌာန်ဆိုသည်ကား စေ့ဆော်သည် ဖြစ်၍ ဉာဏ် အား ရှေ့ရှုထင်ခြင်း ပစ္စုပဋ္ဌာန်ရှိ၏၊ ပဒဋ္ဌာန်ဆိုသည်ကား အဝိဇ္ဇာသာလျှင် နီးစွာသောဖြစ်ကြောင်း ပဒဋ္ဌာန် ရှိ၏။

ကံ၌ ဤကဲ့သို့ လက္ခဏာရသ ပစ္စုပ္ပဋ္ဌာန် ပဒဋ္ဌာန်တို့ဖြင့် ဝေဖန်ခြင်း၏ သဘာဝ အရင်းကို ရှာသော် အတိတ် အကြောင်း အဝိဇ္ဇာရိပ်နှင့် အနာဂတ်အကျိုး တဏှာရိပ် နှစ်ပါး ပေါင်းဆုံမိသော ပစ္စုပ္ပန်အကျိုး ကာလ ၃-ပါး ပေါင်းဆုံမိသော ပစ္စုပ္ပန် အကြောင်းကံရိပ်ဖြစ်ခြင်းကြောင့် ပင်တည်း။

ဣန္ဒာသယ ၄၉၃-၉

အတိတ် အကြောင်း အဝိဇ္ဇာရှိ၍ သခ်ါတ၌ ပြုပြင် ခြင်းဟု ဆိုအပ်သော အဖ၏ အမွေအနှစ် ပါလာခြင်း ကြောင့် ကံ၏လက္ခဏာကို ပြုပြင်ခြင်းဟု ဆိုတဲ့ ဆည်းပူးခြင်း သဘောကို မိခင်တဏှာမှ အမွေအနှစ်ကိုရလာခြင်းကြောင့် ကံ၌ ရသသည့် ပဋိသန္ဓေကို ဖြစ်စေခြင်း၊ အားထုတ်ခြင်း၊ လုံ့လထုတ်ခြင်း၊ ပယောဂ ဗျာပါရတို့ ရှိခြင်းဟု ဆိုအပ် သော ရသနှင့် လက္ခဏာ၏ လာရင်းသဘာဝကို ကြည့်လျှင် ဆည်းပူးနှင့် ပြုပြင်ခြင်းသာ ဖြစ်သည်။

လက္ခဏာနှင့်ရသ၏ သဘာဝ ပြုပြင်ခြင်းနှင့် ဆည်းပူး ခြင်းကိုထင်မြင်သော ယောဂီ၏ ဉာဏ်ဝ၌ ပစ္စုပ္ပန်မှ ထွက် လာသော စေ့ဆော်ခြင်း ပစ္စုပဋ္ဌာန်ကို ထင်ရသည်၊ ထို့ကြောင့် ကံ၌ပြုပြင်ခြင်း လက္ခဏာ ပဋိသန္ဓေကို ဖြစ်စေ ခြင်း ကိစ္စရသ စေ့ဆော်သည် ဖြစ်၍ ဉာဏ်အား ရှေ့ရှုထင် ခြင်း ပစ္စုပဋ္ဌာန်ရှိ၏ဟု ဝေဖန်ရသည် ဖြစ်ကြောင်း။

ထို့ကြောင့် ပဋိစ္စသမုပ္ပါဒ်၌ စက်ရဟတ် လည်ပုံကို ပြထား သည်မှာ ပုဗ္ဗန္တစက် ဆိုသည်ကား အတိတ် အကြောင်း အဝိဇ္ဇာရှေ့ဆောင်၍လည်သောစက်၊ အပရန္တ စက် ဆိုသည်ကား အနာဂတ်အကျိုး စက်ရဟတ်မှ တဏှာ ရှေ့ဆောင်၍လည်သောစက်။

ဘုံအားဖြင့် ကာမဘုံ၊ ရူပဘုံ၊ အရူပဘုံ၊ (ဘုံသုံးပါး၌ ပုဗ္ဗန္တ စက်လည်ပုံက ကာမဘုံ၊ ရူပဘုံ၊ အရူပဘုံ အားဖြင့် အစဉ်အတိုင်း လက်ျာရစ် လည်သွားသည်)။

အပရန္တ စက်လည်ပုံက အရူပဘုံ ရူပဘုံ ကာမဘုံ လက်ဝဲရစ်ပြန်လည်လာသည်။

ပုဗ္ဗန္တပရန္တစက်လည်ပုံက အဖအဝိဇ္ဇာနှင့် အမိတဏှာ နှစ်ပါးကို လက်ကိုင်ရဖြင့် ပုဗ္ဗန္တနှင့် အပရန္တစက်ကဲ့သို့ အစဉ်အတိုင်းမလည်ဘဲ ကာမသုဂတိဘုံ၌ သိကြားမင်းပင် ဖြစ်လင့်ကစား သူမကြေနပ်ရင်အပါယ်လေးဘုံသို့ တခါ တည်းဆွဲချပစ်နိုင်သည်။

အရူပဘုံဟုဆိုအပ်သော နေဝသညာ နာသညာယတန ဘုံမှလည်း ကာမသုဂတိဘုံ၌ အခိုက်အတန့် တဘဝထားပြီး အပါယ်လေးပါးကို ဆွဲချပစ်နိုင်သည်။

တနည်းကား-ဓမ္မစကြာ အလိုအားဖြင့် ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာဟုဆိုအပ်သော တဏှာသုံးပါးကို ဘုံအားဖြင့်ပြထားသည်မှာ--

ကာမတဏှာ ဒိဋ္ဌိအားဖြင့်အတ္တဒိဋ္ဌိ၊ဘုံအားဖြင့်ကာမဘုံ၊

[redacted]

လှသည်၊ ဥပမာကား- ကျဲ,နွားများကို အရှင်ကအလိုရှိလျှင် ဖမ်းလွယ်အောင် လည်ပင်း၌ ကြိုးမျှင်နှင့် တပ်၍ထား သကဲ့သို့ဖြစ်သည်။

ယခုပြုလုပ်မည့်ကဏ္ဍက သတ္တာယဒိဋ္ဌိကိုပယ်သတ်ရမည် ဖြစ်၍ သတ္တာယဒိဋ္ဌိဆိုသည်ကား သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ အတ္တဒိဋ္ဌိ သုံးခုပေါင်းဆုံမိလျှင် သတ္တာယဒိဋ္ဌိ ငြိမ်းတော့ သည်ဖြစ်ကြောင်း။

အများလူတို့သိလွယ်ရန် ဉာဏ်တင်၍ပြပေအံ့။

ကံ၌ပြုပြင်ခြင်း လက္ခဏာဆိုသည်ကား နာမပညတ်ဟူ၍ မှတ်၊ ပဋိသန္ဓေကိုဖြစ်စေခြင်း၊ အားထုတ်ခြင်း ကိစ္စ ရသ ဆိုသည်ကား သဏ္ဌာနပညတ်ဟုမှတ်ပါ။

နာမပညတ် သဏ္ဌာနပညတ် ဆိုသော်လည်း ပုဂ္ဂိုလ် သတ္တဝါ ယောကျ်ား မိန်းမ သဏ္ဌာန်ဟု ဆိုအပ်သော သဏ္ဌာန်မျိုးကို မမှတ်ပါနှင့်။

၎င်းနာမနှင့် သဏ္ဌာန်မျိုးတို့က အောက်ဉာဏ် တို့က ပြီးဆုံးခဲ့ပြီ၊ ယခု ရှိနေသည်ကား အဝိဇ္ဇာရိပ်၌ ကိန်းဝင် ရှိနေသော နာမပညတ် မျိုးဇာတ်ဖြစ်သော ပြုပြင်ခြင်း သဘောနှင့် အနာဂတ်အကျိုးတဏှာရိပ်၌ကိန်းဝင်နေသော သဏ္ဌာန ပညတ်၏ မျိုးဇာတ် ပဋိသန္ဓေကို ဖြစ်စေခြင်း သဘောကို မှတ်ပါ။

စေ့ဆော်ခြင်းလျှင် ရှေ့ရှုထင်သော ပစ္စုပဋ္ဌာန်သဘော ကိုလည်း သမ္မုတိပညတ်၏ မျိုးရိုးပင် တည်းဟု ဆိုသည်။

ထင်ရှားစွာသိလိုလျှင် မျက်စိနှင့်အဆင်း တိုက်ဆုံလျှင် အနုတ္တသဘောဖြစ်သော အဆင်းပရမတ်ကိုမမြင် ဖုံးကွယ်

၍ထားသော နာမပညတ်ကိုအာရုံယူပြီး သတ္တဝါတို့မှောက်မှားနေကြခြင်းကြောင့် ၎င်းနာမပညတ်ကိုပင် ပရိယတ်၌ အန္ဓဘာဝ သမ္မုဋ္ဌာဒန မိုက်မဲသည် ဖုံးလွှမ်းသည် စသည်ဖြင့်ပြသွားသည်ဖြစ်ကြောင်း။

ထို့ကြောင့် ပဋိစ္စ သမုပ္ပါဒ်၌ အဝိဇ္ဇာ အဝိဇ္ဇာဟု နာမည်ကြီးနေသော်လည်းနာမပညတ်ဟုသာမှတ်၊သဏ္ဌာန ပညတ်တို့ကိုလည်း ၎င်းနည်းအတိုင်းသိပါ၊ ပညတ်သုံးပါး တို့ကိုအနတ္တဉာဏ်ကပယ်သတ်မည်ဖြစ်ကြောင်း။

ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်၌ အဝိဇ္ဇာနှင့် ဘဝတဏှာက လှည်းပဒေါင်း ပုညာဘိ သင်္ခါရ အပုညာဘိ သင်္ခါရ အာနေဉ္ဇာဘိ သင်္ခါရစသော ၂၉-ပါးသော ကံတရားက အကန့်အကျဉ်းအားဖြင့် ဒေါက်လေးရပ်၊ ဇရာမရဏက အကွပ် ၎င်းတို့ကို အာသဝေါတည်းဟူသော ဝင်ရိုးကြီးဖြင့် ထိုးပြီး ကာမဘဝ ရူပဘဝ အရူပဘဝ ဘဝ သုံးပါး၌ အစ မထင်သော ကာလပတ်လုံးလည်ပတ်၍နေသော ထိုပဋိစ္စ သမုပ္ပါဒ် သံသရာစက်ရဟတ်ကို ဖရိုဖရဲ ပြိုကွဲ ပျက်စီး၍ မလည်နိုင်အောင် သံသရာစက်ရဟတ်၏ အထိန်းအချုပ် ဖြစ်သော အကန့်ဒေါက်လေးရပ်တွင် အတိတ်အကြောင်း စက်နှင့် အနာဂတ်အကျိုး စက်ရဟတ်ကိုပညာမြင် အနိစ္စ ဉာဏ်နှင့် ဒုက္ခဉာဏ်တို့က ပယ်ဖြတ်ပြီး ခုတဖန် ပစ္စုပ္ပန် အကြောင်းဖြစ်သော ကံပြဋ္ဌာန်းသော စက်ရဟတ်ကို ပိုင်း ဖြတ်သုတ်သင်၍ မုဉ္စိတုကမျတာဉာဏ် ပဋိသင်္ခါဉာဏ် သင်္ခါရုပေက္ခာဉာဏ်တို့ ပေါ်ထွက်ရန် ပညာမြင် အနတ္တ ဉာဏ်၏လုပ်ငန်းစဉ်ကိုပြပေအံ့။

သုညတော ပရတောစေဝ၊
ဝဓေ‌ာ အဝသဝတ္တနတော။
အသာရတော ဝိဒ္ဓါ ခန္ဓေ၊
သတ္တာယဒိဋ္ဌိံ ပဟာတဝေ။

သတ္တာယဒိဋ္ဌိံ၊ ခန္ဓာငါးတန်ရုပ်နှင့်နာမ်ကို ဖောက်ပြန်စွဲမှား သက္ကာယဒိဋ္ဌိတရားကို။ ပဟာတဝေ၊ အမြန်ပယ်နှင်ခြင်းငှာ။ သုညတောစေဝ၊ ယောက်ျားမိန်းမခေါ်ကြသူငါပုဂ္ဂိုလ် သတ္တဝါတို့ကိုအရိပ် အတ္တဟူသော နိမိတ်မှသုဉ်းဆိတ်သော အနေအားဖြင့်၎င်း။ အသာရတောစ၊ အနှစ်သာရ ဘာမျှမရှိ အကာအတိသာဖြစ်သော သဘောအနေအားဖြင့်၎င်း။ ပရတောစေဝ၊ ငါနှင့်မဆိုင် ငါပိုင်မဟုတ်တစိမ်းပြင်ပြင် ရေသွင်သွင်အနေအားဖြင့်၎င်း။အဝသဝတ္တနတောစ၊ အစိုးမရ အလိုသို့မလိုက်သော သဘော အနေအားဖြင့်၎င်း။ ဝိဒ္ဓါ၊ ပရမတ်ပညာတဲ့နှစ်ရပ်သိမြင် ပညာရှင်သည်။ ခန္ဓေ၊ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်မှဖြတ်သွားခန္ဓာ ငါးပါးကို။ ပဿေ၊ အနတ္တအချက် ကွက်ကွက်ထင်လင်း ဉာဏ်မှာရှင်းအောင်ရှုမြင်ရာ၏။

အနတ္တ လေးချက်ဖြင့် အဘယ်ဟာကို မည်သို့သတ်မည်နည်း၊ လက္ခဏာကံကို သုညအနတ္တဖြင့် ပယ်သတ်ရမည်၊ ရသကံကို အသာရဒွေန အနတ္တဖြင့် ပယ်သတ်ရမည်၊ ပစ္စုပဋ္ဌာန်ကံကို ပရတအနတ္တဖြင့် ပယ်သတ်ရမည်၊ ပဒဋ္ဌာန်ကံကိုအဝသဝတ္တန အနတ္တဖြင့် အသီးသီးပယ်သတ်ရမည်။

ပြုပြင်ခြင်း လက္ခဏာရှိသော ကံဆိုသည်ကား အဖ အဝိဇ္ဇာမှ ပေါက်ဖွားလာသောကံ။

ရသကံကားအမိတဏှာမှပေါက်ဖွားလာသောကံ၊ ပစ္စု ပ္ပန်ကံကား အမိတဏှာနှင့် အဖအဝိဇ္ဇာနှစ်ပါး ပစ္စုပ္ပန်၌ ပေါင်းဆုံပြီး ပေါက်ဖွားလာသော နှစ်ပါးစုံမြင် သား ကလေးက ပစ္စုပ္ပန်ကံ ဤသား သုံးယောက်ကို ပယ် သတ်ရန်အရေးကြီးသည်။

ထိုသား သုံးယောက်ကို ပယ်သတ်လိုလျှင် သူတို့မျိုးရိုး ဇာတ်ကြောင်းကို ပြန်ကြည့်လိုက်လျှင် ပြုပြင်ခြင်းလက္ခဏာ ရှိသည်ဟုဆိုသော ကံ၏ဇာတ်ကြောင်းကို ကြည့်လိုက်လျှင် သူလာရင်း နာမပညတ်ရိပ်။

ပဋိသန္ဓေကို ဖြစ်စေတဲ့ ကံ၏ဇာတ်ကြောင်းကို ကြည့် လိုက်လျှင် သဏ္ဌာန ပညတ်ရိပ်၊ ပစ္စုပ္ပန်ကံ၏ မျိုးရိုး ဇာတ်ကြောင်းကိုကြည့်လိုက်လျှင် သမူဟပညတ်ရိပ်၊ ပညတ် သုံးပါးကို အောက်ဉာဏ်တို့ဖြင့် အသီးသီးပယ်သတ်လိုက်ရာ ခုတဖန် သူတို့ ကံအဖြစ်ဖြင့် ထွက်လာပြန်သည်။

အဝိဇ္ဇာရိပ်မှ ထွက်လာသော ပြုပြင်ခြင်း လက္ခဏာ ရှိသည်ဆိုသည့် နာမပညတ်ရိပ်ကံသည် ပြုပြင်နိုင်သလော ဟုစိစစ်ကြည့်ရာ အဖအဝိဇ္ဇာ ရှိတုန်းက အဖ၏ တန်ခိုး အာဏာကိုသုံးပြီး ပြုပြင် နိုင်ခြင်းသာ ဖြစ်သည်၊ အဖ အဝိဇ္ဇာကို ပညာမြင် ဒုက္ခဉာဏ်က ပယ်သတ်လိုက်သဖြင့် အဖ၏ တန်ခိုးအာဏာ ကင်းပြတ်၍ သွားသဖြင့် ပြုပြင် နိုင်သည့်လက္ခဏာသုဉ်းဆိတ်၍ အကြောင်းသင်္ခါရကလည်း ပညာမြင် ဥဒယဗ္ဗယဉာဏ်က ပယ်သတ်၍ သုဉ်းနေပြီး

အကျိုးသင်္ခါရကလည်း ပညာမြင် အနတ္တဉာဏ်က ပယ်သတ်သည့်အတွက် ဆိတ်သွားရသည်၊ အကြောင်းသင်္ခါရသုဉ်း၍ အကျိုးသင်္ခါရဆိတ်ပြီး သုညတအနတ္တမှ ဦးခေါင်းကျနေလေပြီ။

အကြောင်း သင်္ခါရသုဉ်း၍ အကျိုးသင်္ခါရ ဆိတ်နေသည်ကိုမြင်မှ သုဉ်းဆိတ်သည့် သုညတအနတ္တဟု ခေါ်ဆိုသည်ဖြစ်ပါကြောင်း။

အဖအဝိဇ္ဇာမရှိလျှင် တဏှာတည်းဟူသော မိခင်က ပဋိသန္ဓေကို ဖြစ်စေတဲ့ ကိစ္စတည်းဟူသော သားကိုအဘယ်မှာ မွေးဖွားနိုင်အံ့နည်း၊မမွေးဖွားနိုင်သောကြောင့်ပဋိသန္ဓေကို ဖြစ်စေတဲ့ ရသဆိုသည့် သဏ္ဍာနပညတ်ရိပ် သည်လည်း အနှစ် အသားမရှိ အချည်းနှီး ဖြစ်သော အသာရဋ္ဌေန အနတ္တမှာ ဦးခေါင်းကျသွားရသည်။

စေ့ဆော်သည်ဖြစ်၍ ဉာဏ်အား ရှေ့ရှုထင်သည့် ပစ္စုပဋ္ဌာန်ကံဟု ဆိုအပ်သော သမူဟပညတ်ရိပ် ကလည်း မိဘရှိစဉ်ကတော့ စေ့ဆော်နိုင်သည်၊ မိဘနှစ်ပါးလက်ကိုင် ပြုတ်သွားပါသဖြင့် အထီးကျန်သား ငါနှင့်မဆိုင် ငါပိုင်မဟုတ် သူစိမ်းပြင်ပြင် ရေသွင်သွင်ဆိုတဲ့ ပရတအနတ္တမှာ ဦးခေါင်းကျရလေသည်။

သူတို့အဝိဇ္ဇာသား တဏှာသား နှစ်ပါးစုံသား သုံးယောက် ပေါင်းဆုံပြီးလျှင် အစိုးမရ အလိုမလိုက်ဆိုတဲ့ အဝသဝတ္တန အနတ္တ၌ ဦးခေါင်းဆိုက်၍ ဝင်နေသည်ကို ယောဂီဉာဏ်ဝမှာ ထင်လာသည်နှင့် တပြိုင်နက် တုဋ္ဌရှိဋ္ဌ ပရရှိဋ္ဌ။

တုစ္ဆက–သုညတ အနတ္တ ဖြစ်နေအားဖြင့် သုဉ်းဆိတ်နေတဲ့သဘော။

ရိတ္တက–အသာရဒြေနေ အနတ္တအနှစ်အသားမရှိ အချည်းအနှီးဖြစ်နေတဲ့သဘော။

ပရရိတ္တက–နှစ်ဘက်လွတ်ပြီး ငါနှင့်မဆိုင် ငါပိုင်မဟုတ် သူစိမ်းပြင်ပြင် ရေသွင်သွင်ဆိုတဲ့ ပရတ အနတ္တသဘောတို့ကိုယောဂီဉာဏ်ဝ၌ ထင်လာတဲ့အခါ တုစ္ဆဆိုတဲ့ သုဉ်းဆိတ်နေတဲ့ သဘောက သံသရာမှ လွတ်လိုသော မုဉ္စိတုကမျတာဉာဏ်။

ရိတ္တဆိုတဲ့ အချည်းအနှီး ဖြစ်နေတဲ့သဘောမှ ဒေါတ်ဉာဏ်ကို တဖန်ပြန်ကြည့်နိုင်သောပဋိသင်္ခါဉာဏ်။

ပရရိတ္တက ငါနှင့်မဆိုင် ငါပိုင်မဟုတ် သူစိမ်းပြင်ပြင် ရေသွင်သွင်ဆိုတဲ့ ပရတ အနတ္တသဘောမှ အကြောင်းသင်္ခါရ အကျိုးသင်္ခါရအကုန်လုံး သုဉ်းဆိတ်ပြီး လျစ်လျူပြုနိုင်တဲ့သင်္ခါရုပေက္ခာဉာဏ်။

အမည်သာကွဲ၍ သဘောတူဖြစ်သော ဉာဏ်သုံးဉာဏ်တပြိုင်နက် ယောဂီ၏ဉာဏ်ဝ၌ လျှပ်စစ်ခလုတ်မီး ဖွင့်လိုက်သလိုထင်လင်းစွာ မြင်သွားရလေတော့သတည်း။

## ဒေသနာနည်းမှ လက်တွေ့နည်းကို ထုတ်ပြပေအံ့

ပညာမြင်အနိစ္စဉာဏ်ကကုန်ပျက်ကင်းချုပ်နှင့် ပယ်သတ်လိုက်ရာ နိရောဓ မြွှမှာဦးခေါင်းကျသည့် အိုသော်လည်းနောင်တဖန်ပြန်၍ ဖြစ်နိုင်တဲ့ ခဏချုပ်ဆိုတဲ့ ဝိညာဏ်ရှိပါနေသေးသည်ဖြစ်၍ နိဗ္ဗာန်ကို အာရုံပြုသည် အိုသော်

လည်း ထိရောက်စွာ အာရုံမပြုနိုင်တဲ့ ယမ်းဆာ၍ အားပြု ရုံသာရှိသေးသည်။

ဒုက္ခာ နုပဿနာ ဉာဏ်က ဦးခေါင်းချခဲ့ သည့်မှာ ဝိပရိနာမဒုက္ခ ဖောက်ပြန် ပျက်စီးသည်၊ နောင်တဖန်ပြန်၍ မဖြစ်နိုင်ဟုဆိုသော်လည်း နိဗ္ဗာန်ကို အတိအကျ မလှမ်းနိုင် သေးပါ၊ ကောင်းကင်၌ ရွှေလမင်းကို မြူကြေးဖုံးအုပ်၍ ထားသော လမင်းကဲ့သို့ ဖြစ်နေသည်၊ မြူကြေးကင်းစင်၍ ထွန်းပြောင်နိုင်သောလရောင်ကဲ့သို့ မဟုတ်သေး၊ ဝိညာဏ် ရိပ်ကပ်ပါနေသေးသည်။

ပညာမြင်အနတ္တဉာဏ်က ပညာမြင်အနိစ္စနှင့် ဒုက္ခဉာဏ် တို့ထက်ပိုပြီး ဝိညာဏ်ရိပ်ကင်းစင်၍ နိဗ္ဗာန်ကို အတိအကျ အာရုံယူနိုင်သည်၊ ဝိညာဏ်ရိပ် ဆိုသည်ကား အထက်က ဆိုခဲ့သည့်အတိုင်း ပညတ်ရိပ်ဟုသာမှတ်ပါ၊ အနတ္တဉာဏ်၌ အဝသဝတ္တန အနတ္တ၌ ဦးခေါင်းချလိုက်ရာ ဉာဏ်သုံးပါး တပြိုင်နက်ပေါ်လာခြင်းကား ပညတ်ကင်းစင်၍ဖြစ်သည်ဟု မှတ်ပါ။

သခ်တလောကမှာ ဘယ်သိုဘဲပေါ်ပေါ် ပေါ်သမျှ ပညတ်ရိပ်မကင်း၊ ပညတ်ရိပ် ကင်းစင်လျှင် ပရမတ်ငြိမ်း အေးတဲ့ အနတ္တဓာတ်ပေါ်သည်ဟုမှတ်ပါ။

ယခုပြသည့်အတိုင်း ထင်မြင်ခဲ့လျှင်ဝင်းဉာဏ်၌ပြုလုပ်ရန် မလိုတော့ပြီ အကယ်၍မထင်မြင်နိုင်ခဲ့သည်ရှိသော် မြတ်စွာ ဘုရားက သဘိပဋ္ဌာန်ပဋိကူဠမနသိကာရပိုင်းကို ရှုကြည့် ရမည်ဟု ဟောတော်မူသည်။

## ပဋိကူလမနသိကာရပိုင်း

ပဋိကူလ မနသိကာရပိုင်း ဆိုသည်ကား ကေသာ လောမာ နခါဒန္တာ တစောဟု ဆိုအပ်သော ဆံအမွေးမှ ကျင်ငယ်၊ ကျင်ငယ်မှ ဆံအမွေးစသော ၃၂-ပါးသော ကောဋ္ဌာသအစုကိုဆိုသည်၊ ၃၂-ပါးသော ကောဋ္ဌာသ အစုကို ကြည့်ရှုသောနည်းက သမထကိုသွားသည့်လမ်း ဝိပဿနာသို့ သွားတဲ့လမ်းဟု ၂-လမ်း ၂-သွယ် ရှိရာ၌ သမထလမ်းပိတ်ပြီး ဝိပဿနာလမ်းကိုပြပေအံ့။

ဘိက္ခဝေ၊ ခန္ဓာငါးတန် ရုပ်နှင့်နာမ်ကို ကောန်ရှုပြား အိုချစ်သားတို့။ သေယျထာပိနာမ၊ ဥပမာပုံဆို အဘယ် လိုနည်း ဟူမူကား။ ဥဘတောမုခါ၊ အောက်အထက် နှစ်ပါး၌ မျက်နှာဝရှိသော။ ပုတောဠိ၊ အိတ်သည်။ နာနာ ဝိဟိတဿ၊ အထူးထူး အပြားပြား ရှိသော။ ဓညဿ၊ စပါးဖြင့်။ ပူရာ၊ ပြည့်သည်။ ဟောတိ၊ ဖြစ်၏။

ဧရဒံ၊ ဤစပါးတို့ဖြင့် ပြည့်၏ဟူသည်။ သေယျထာက တမာ၊ အဘယ်မျှအပြားရှိပါသနည်း။ သာလီနဉ္စ၊ သလေး တို့ဖြင့်၎င်း။ ဝီဟီနဉ္စ၊ စပါးတို့ဖြင့်၎င်း။ မုဂ္ဂါနဉ္စ၊ ပဲနောက် တို့ဖြင့်၎င်း။ မာသာနဉ္စ၊ ပဲလွန်းတို့ဖြင့်၎င်း။ တိလာနဉ္စ၊ နှမ်းတို့ဖြင့်၎င်း။ တဏ္ဍုလာနဉ္စ၊ ဆန်တို့ဖြင့်၎င်း။ ပူရာ၊ ပြည့်သည်။ ဟောတိ၊ ဖြစ်၏။

တမေနံ၊ ထိုအိတ်ကို။ စက္ခုမာ၊ မျက်စိအမြင်နှင့်ပြည့် စုံသော။ ပုရိသော၊ ယောကျ်ားသည်။ မုဉ္စိတွာ၊ ဖြေ၍။ ပစ္စဝေက္ခေယျ၊ ဆင်ခြင်ရာ၏။

ကိံ ပဉ္စဝေကွေယျ၊ အသို့ဆင်ခြင်ရာသနည်း။ ဣမေ၊ ဤသည်တို့ကား။ သာလီ၊ သလေးတို့တည်း။ ဣမေ၊ ဤသည်တို့ကား။ ဝီဟီ၊ စပါးတို့တည်း။ ဣမေ၊ ဤသည်တို့ကား။ မုဂ္ဂါ၊ ပဲနောက်တို့တည်း။ ဣမေ၊ ဤသည်တို့ကား။ မာသာ၊ ပဲလွန်းတို့တည်း။ ဣမေ၊ ဤသည်တို့ကား။ တိလာ၊ နှမ်းတို့တည်း။ ဣမေ၊ ဤသည်တို့ကား။ တဏ္ဍုလာ၊ ဆန်တို့တည်း။ ဣတိ၊ ဤသို့။ ပဉ္စဝေကွေယျယထာ၊ ဆင်ခြင်ရာသကဲ့သို့။ ဧဝမေဝခေါ၊ ဤဥပမာအတိုင်းသာလျှင်။

ဘိက္ခဝေ၊ ခန္ဓာငါးတန် ရုပ်နှင့်နာမ်ကို စောန်ရှုပြား အိုချစ်သားတို့။ ပါဒတလာ၊ ခြေဘဝါးပြင်မှ။ ဥဒ္ဓံ၊ အထက်ဆံဖျားတိုင်အောင်။ ကေသမတ္ထကာ၊ ဆံဖျားမှ။ အဓော၊ အောက်ခြေဘဝါးတိုင်အောင်။ နာနာပကာရဿ၊ အထူးထူး အပြားအပြားရှိသော။ အသုစိနော၊ မစင်မကြယ် ရွံရှာဘွယ်သောဝတ္ထုဖြင့်။ ပူရံ၊ ပြည့်ဝသော။ တစပရိယန္တံ၊ အရေလျှင် အဆုံးရှိသော။ ဣမမေဝကာယံ၊ ဤမိမိ၏ရူပကာယကိုသာလျှင်။ ပစ္စဝေက္ခတိ၊ အမြဲမပြတ် ပွားများဆင်ခြင်အပ်၏။

ကိံ ပစ္စဝေက္ခတိ၊ အဘယ်ကဲ့သို့ ပွားများ ဆင်ခြင်ရာသနည်း။ ဣမသ္မိံ ကာယေ၊ ဤမိမိ၏ရူပကာယ၌။ ကေသာစ၊ ဆံပင်တို့သည်၎င်း။ အတ္ထိသန္တိ၊ ရှိကုန်၏။ လောမာစ၊ အမွေးတို့သည်၎င်း။ နခါစ၊ ခြေသည်းလက်သည်းတို့သည်၎င်း။ ဒန္တာစ၊ သွားတို့သည်၎င်း။ တစောစ၊ အရေသည်၎င်း။ မံသဉ္စ၊ အသားသည်၎င်း။ နှာရုစ၊ အကြောသည်၎င်း။ အဋ္ဌိစ၊ အရိုးသည်၎င်း။ အဋ္ဌိမိဉ္ဇဉ္စ၊ ရိုးတွင်းခြင်ဆီသည်

ဝှင်း။ ဝဏ္ဏဋ္ဌ၊ အညှို့သည်ဝှင်း။ ဟာဒယဋ္ဌ၊ နှလုံးသည်ဝှင်း။ ယကနဋ္ဌ၊ အသည်းသည်ဝှင်း။ ပိတ္တဋ္ဌ၊ သည်းခြေသည်ဝှင်း။ သေမှဋ္ဌ၊ သလိပ်သည်ဝှင်း။ ပုဗ္ဗော၊ ပြည်သည်ဝှင်း။ လောဟိတဋ္ဌ၊ သွေးသည်ဝှင်း။ သေဒေါ၊ ချွေးသည်ဝှင်း။ မေဒေါ၊ အဆီခဲသည်ဝှင်း။ အဿုစ၊ မျက်ရည်သည်ဝှင်း။ ဝသာစ၊ ဆီကြည်သည်ဝှင်း။ ခေဠောစ၊ တံတွေးသည်ဝှင်း။ သိဃာဏိကာစ၊ နှပ်သည်ဝှင်း။ လသိကာစ၊ အစေးသည်ဝှင်း။ မုတ္တဋ္ဌ၊ ကျင်ငယ်သည်ဝှင်း။ အတ္ထိ၊ ကေန်မလွဲအမှန်ဟဲရှိ၏။

ဤသို့ဆိုရာ၌ လိုရင်း အဓိပ္ပါယ်ကား- မြတ်စွာဘုရားရှင်က ပဋ္ဌိကူဠမနသိကာရပိုင်းတွင် ဥပမာပြ၍ သတိပဋ္ဌာန်တရားတော်၌ ဟောတော်မူခဲ့သည်မှာ မိမိ၏ရူပကာယ၌ ကေသာဟု ဆိုအပ်သော ဆံပင်မှစ၍ ကျင်ငယ်တိုင်အောင် ၃၂-ပါးသော ကောဋ္ဌာသအစုကို ရှုကြည့်ရာ၌ ဥပမာပြု၍ ဟောတော်မူသည်မှာ အောက်အထက် ၂-ပါး မျက်နှာ၀ ရှိသောအိတ်၌ သလဲ, စပါး, ပဲနောက်, ပဲလွန်း, နှမ်း,ဆန် ၆-မျိုးခြောက်စား ပြည့်၍နေသည်။

ထိုအိတ်ကို မျက်စိအမြင်နှင့် ပြည့်စုံသော ယောကျ်ားသည်ကြည့်၍ဆင်ခြင်ရာ၏၊ ဤသည်ကား သလဲ၊ ဤသည်ကား စပါး၊ ဤသည်ကား ပဲနောက်၊ ဤသည်ကားပဲလွန်း၊ ဤသည်တို့ကား နှမ်း၊ ဤသည်တို့ကား ဆန်တည်း။

ဤကဲ့သို့ရှုကြည့်ပြီးလျှင် တခုတခုစီနှုတ်၍ ပစ်လိုက်လျှင် အိတ်ပျက် သွားဘိသကဲ့သို့ နာမပညတ်ပျက်၍ သဏ္ဌာန်ပညတ်လွတ်သွားသည်ကိုမြင်စေလို၍ ပြခြင်းပင်တည်း။

တနည်းကား– မြတ်စွာဘုရား ရှင်သည် ရှင်ဒါရုစိကို တရားဟောရာ၌–

ဒိဋ္ဌေ ဒိဋ္ဌမတ္တံ၊ သုတေ သုတမတ္တံ၊ မုတေ မုတမတ္တံ၊
ဝိညာတေ ဝိညာတမတ္တံ။

ဒိဋ္ဌေ၊ မြင်သည်ရှိသော်။ ဒိဋ္ဌမတ္တံ၊ မြင်ကာမတ္တမျှသာ။
သုတေ၊ ကြားသည်ရှိသော်။ သုတမတ္တံ၊ ကြားကာမတ္တမျှသာ။
မုတေ၊ ထိသည်ရှိသော်။ မုတမတ္တံ၊ ထိကာမတ္တမျှသာ။
ဝိညာတေ သိသည်ရှိသော်။ဝိညာတမတ္တံ၊သိကာမျှသာ။

အဓိပ္ပါယ်ကား–မြင်လျှင်မြင်ကာမတ္တမျှထား၊ ကြားလျှင် ကြားကာမတ္တမျှထား၊ သဏ္ဌာန် အရိပ် နိမိတ် လက္ခဏာ မပေါ်စေနှင့် သဏ္ဌာန် အရိပ် နိမိတ် လက္ခဏာ ပေါ်လျှင် ကောင်းသည်၊ ဆိုးသည်ဇာဋ္ဌာရုံ အနိဋ္ဌာရုံဖြစ်ပြီး သံသရာ ကျယ်ပြန့်လာသည် ဖြစ်ကြောင်းကို ပရမတ် ပညတ်ခွဲပြီး မြတ်စွာဘုရားရှင်က ဟောလိုက်ရာ ရှင်ဒါရုစိမှာမြင်ကာ မတ္တမျှထားပြီး နာမပညတ်ရိပ်ကျွတ်၍ သဏ္ဌာနပညတ်ရိပ် လွတ်ပြီး ပစ္စုပ္ပန်ဆတ်ဆတ် ပရမတ်သဘောကိုမျက်မှောက် ပြုပြီး မဂ်ဖိုလ် ဆိုက်သွားရသည် ဖြစ်ပါကြောင်း ပညာမြင် အနတ္တာနုပဿနာဉာဏ်ပြီး၏။

**မဂ်ဝင်စခန်း**

အနုလောမဉာဏ် ဂေါတြဘူဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်

သင်္ခါရုပေက္ခာဉာဏ် အဆုံးမှတဖန် အနုလောမဉာဏ် ဂေါတြဘူဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့က ပယ်သတ်ရန်၊ တရားခံကိုရှာဖွေရဦးမည်မှာ–

ပညာမြင် အနိစ္စဉာဏ်က တဏှာ ရေသောက် မြစ်ကို စက်ရဟတ် ၄-ပါးဖွဲ့ပြီးကုန်-ပျက်-ကင်း-ချုပ်နှင့်ပယ်သတ် လိုက်ရာ နိရောဓ မမ္ဗ၌ ဦးခေါင်းချ၍ အနာဂတ်အကျိုး စက်ရဟတ်ပြတ်ရာမှ မဂ်တရားခံ ဥပါဒါနက္ခန္ဓာ ထွက် လာသည်။

အဝိဇ္ဇာ ရေသောက်မြစ်ကို စက်ရဟတ် ၄-ပါးဖွဲ့ပြီး ပညာမြင် ဒုက္ခဉာဏ်က ပယ်သတ် လိုက်ရာ ဝိပရိနာမ၌ ဖောက်ပြန် ပျက်စီးခြင်းသဘောဟု ဆိုအပ်သော အတိတ် အကြောင်း စက်ပြတ်ရာမှ အဝိဇ္ဇာရိပ် ပဥ္စက္ခန္ဓာ မဂ်၏ တရားခံထွက်လာပြန်သည်။

ပဥ္စက္ခန္ဓာနှင့် ဥပါဒါနက္ခန္ဓာ အဝိဇ္ဇာရိပ်နှင့် တဏှာရိပ် နှစ်ပါးအကျိုး ဝေဒနာထဲ၌ အနုသယ အနေအားဖြင့် ကိန်းနေသည်ကို အထက်အနုလောမဉာဏ် ဂေါတြဘူဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့က ပယ်သတ်ရမည်ဖြစ်ကြောင်း။

ပဋိစ္စသမုပ္ပါဒ် တရားတော် "အဝိဇ္ဇာ တဏှာဝသေန ဒွေမူလာနိ"ဟု ဘုရားရှင် ဟောတော်မူခဲ့သည် အဝိဇ္ဇာ တဏှာ မူလနှစ်ပါးဆိုသည်က ပဥ္စက္ခန္ဓာနှင့် ဥပါဒါနက္ခန္ဓာ ၂-ပါး ပင်တည်း၊ ၎င်းခန္ဓာ နှစ်ပါးကို အောက်ဉာဏ် ဖြစ်သော နာမရူပ ပရိစ္ဆေဒဉာဏ်ကစပြီး အသီးသီးသူတို့ကို ပယ်သတ်၍ လာခဲ့ရာ သူတို့မသေ၊ သူတို့က ကာဗာယူ ထားသော ရုပ်တရား နာမ်တရားတို့သာ သေသွားသည့် ဖြစ်၍ မသေဘဲ ကြွင်းကျန်ခဲ့သော ပဥ္စက္ခန္ဓာနှင့် ဥပါဒါ နက္ခန္ဓာကို ပစ္စုပ္ပန်အကျိုး ဝေဒနာထဲ၌ လက်ပူးလက်ကပ်

ဖမ်းရ နေခြင်းကြောင့် သူတို့ကို ပယ်သတ်ရန် ပစ္စုပ္ပန် အကျိုးကို အတိတကျသိအောင် ရှာဖွေရမည်။

ပစ္စုပ္ပန် အကျိုး ဆိုသည်ကား မြတ်စွာ ဘုရားသည် အနတ္တလက္ခဏာသုတ်၌ဟောတော်မူခဲ့သည့်မှာ ရူပံ ကံစိတ် ဥဟာကြောင်း ၄-ဖြာတို့ပေါင်း၍ပြုပြင် ဝိညာဏ်နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပစ္စုပ္ပန်အကျိုးငါးဖြာသည်ဟု ဟောတော်မူသည်။

ပဋိစ္စသမုပ္ပါဒ်အလွှာ ၄-ထပ်၌လည်း ဝိညာဏ်နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပစ္စုပ္ပန်အကျိုး ငါးပါး ဟူ၍လည်း ဟောတော်မူခြင်းကြောင့် သူတို့ငါးပါးသည် ပစ္စုပ္ပန်အကျိုးပင်တည်း၊ ၎င်းပစ္စုပ္ပန်အကျိုး ငါးပါးကို အသီးသီး ပယ်သတ်ရာ၌ ဝိညာဏ်နာမ်ရုပ် သဠာယတန ဖဿတို့သေ၍ ဝေဒနာမသေ၊ ကြွင်းကျန်ခဲ့သော ဝေဒနာ သည်ကား အကျိုးဝေဒနာပေါ် သူတို့ကို အောက်ဉာဏ်တို့က ပယ်သတ်ထား၍ တစင်ထောင်၍ မဖော်နိုင် သော်လည်း ဝေဒနာထဲ၌ ကိန်း၍ကား ကျန်းရှိနေသေးသည်။

သံသရာလည်ရာ၌ ဖဿကိုဦးခေါင်း၊ ဝေဒနာကိုအမြီး၊ ၎င်းအမြီးအကျိုး ဝေဒနာထဲ၌ ဥပါဒါနက္ခန္ဓာနှင့် ပဉ္စက္ခန္ဓာ အနုသယအနေနှင့် ကိန်းဝင်နေသည်။

ထိုအကျိုးဝေဒနာ ခန္ဓာကိုယ်ကြီးက ပုတ်လုံး လောက်နှင့် ဦးခေါင်းမပါဘဲ ခြေထောက် နှစ်ချောင်းနှင့် ကြွက်များ၊ ဘဲများသွားသလို ကားကား ကားကား သွားနေသေးသည်၊ တချောင်းကိုတော့ ဒိဋ္ဌိစွဲလို့ဆိုမည်၊ တချောင်းကိုတော့ ဝိစိကိစ္ဆာစွဲလို့ ဆိုမည်၊ ၎င်းဒိဋ္ဌိ ဝိစိကိစ္ဆာကို

ဒဿနေဒွေ၊ နိယာနေဒွေ၊ ဟေတုဒွေ၊ အဓိပ္ပတေယျ ဒွေ ဆိုတဲ့ မဂ်ခေါ ၄-ချောင်းဖြင့် ပယ်ဖြတ် လိုက်လျှင် မဂ်တရား ဖိုလ်တရား တည်းဟူသော အမြတ်တေ ရတနာ ထွက်ပေါ်လာလိမ့်မည် ဖြစ်ပါကြောင်း။

ဤသည်ကား ဒေသနာနည်းမျှသာ တည်း။

**ထိုမှတဖန် လက်တွေ့နည်း သဘာဝနည်းတို့ကို ပြပေအံ့**

ဒေသနာကပြခဲ့သည့်အကျိုးဝေဒနာ၌ ဥပါဒါနက္ခန္ဓာ နှင့် ပဥ္စက္ခန္ဓာ နှစ်မျိုးနှစ်စားကို လက်တွေ့နည်းအရ ထုတ် ပြလျှင် ဥပါဒါနက္ခန္ဓာ ဆိုသည်ကား အဘယ် တရားကို ခေါ်သနည်းဟု ဆိုသော် တဏှာကလာတဲ့ ရေသောက် မြစ်ကို ပဥ္စက္ခန္ဓာဟု ခေါ်သည်။

တနည်းကား ပညတ်သဘောကို ဥပါဒါနက္ခန္ဓာ ခေါ် သည်၊ ပညတ်ကင်းသော ပရမတ်သဘောကို ပဥ္စက္ခန္ဓာ ခေါ်သည်။

နောက်တနည်းကား ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် တို့က သညာရှေ့ဆောင်၍ ပညတ်အာရုံကို ယူလျှင် ဥပါ ဒါနက္ခန္ဓာခေါ်သည်၊ ဝိညာဏ်ကရှေ့ဆောင်၍ ပရမတ်ကို အာရုံယူလျှင် ပဥ္စက္ခန္ဓာခေါ်သည်။

ဤသည်ကား သဘာဝ၏ သဘောကို ပြသည် ဖြစ်၍ နားမလည်ခဲ့သော် သုတ္တန်နည်းကိုပြ၍ ဘုရားရှင် ဟော တော်မူခဲ့သည်မှာ-

စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာဝေဒနာ၊ ဝေဒနာ ပစ္စယာ တဏှာ-ဟူ၍ ဟောတော်မူသောကြောင့်။

ရှုဆောသယ ၄၉၃-၁၀

စက္ခုံ စ၊ မျက်စိအကြည်ကိုငှင်း။ ရူပေစ၊ အဆင်းကို ငှင်း။ ပဋိစ္စ၊ စွဲ၍။ စက္ခုဝိညာဏံ၊ စက္ခုဝိညာဏ်ဟု ဆိုအပ် သောမြင်မှုသည်၊ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၍ လာ၏။ တိဏ္ဏံ သင်္ဂတိ၊ သုံးပါးတို့၏ ပေါင်းဆုံခြင်းကြောင့်။ ဖဿော၊ သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၍လာ၏။ ဖဿပစ္စယာ၊ ဖဿ ဟူသော အကြောင်းကြောင့်။ ဝေဒနာ၊ သည်။ ဥပ္ပဇ္ဇတိ၊ ၏။ ဝေဒနာပစ္စယာ၊ ကြောင့်။ တဏှာ၊ သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၍လာ၏။

ဟု ဆိုသည့်အတိုင်း အဆင်း အကြည် အမြင် အသိ လေးပါး ပေါင်းဆုံ လိုက်သည်ကို မျက်စိသံသရာ၊ အသံ နားကြားမှုအသိ လေးပါးပေါင်းလျှင်နားသံသရာ၊ ကျန်တဲ့ နှာခေါင်း, လျှာ, ကိုယ်, မနတို့၌လည်း ငှင်းနည်း အတိုင်း သံသရာခြောက်ကြောင်း ခြောက်သွယ်ရှိသည်ကို သုဓ်သင် ရှင်းလင်း၍ ပယ်ဖြတ်လိုက်သည်ကိုပင် ဝိပဿနာဆိုသည်။

ဘုရားရှင် ဟောတော်မူခဲ့သည့် ဓမ္မစကြာ အနတ္တ လက္ခဏသုတ် မဟာသတိပဋ္ဌာန် အလုပ်တို့ သည်လည်း ဆိုခဲ့သည့် သံသရာ ခြောက်ကြောင်း ခြောက်သွယ်ကို ပယ်ဖြတ်တဲ့အလုပ်ဟူ၍သာ မှတ်ပါ။

အဆင်း, အကြည်, အမြင်, အသိ, ဓမ္မလေးချက်၌
ဝေဒနာဖြစ်ပေါ်ပုံ စက်ရဟတ်လည်ပုံကို
ပြပေအံ့

စက်ရဟတ်လည်ပုံကား ဝိညာဏ်နာမ်ရုပ် သဠာယတန ဖဿ ဒီလေးပါးက ဝေဒနာထဲဝင်လိုက်၊ တဏှာ ဥပါဒါန် ဘဝဇာတိထဲကထွက်လိုက်။

ဘဝ ဆိုသည်ကား ၂၉-ပါးသော ကံတရား တို့၌ ပါသော စေတနာသဘောကို ကောက်ပါ၊ တဏှာဥပါ ဒါန် ဘဝဇာတိက ထွက်လျှင် ဝိညာဏ် နာမ်ရုပ် သဠာ ယတန ဖဿကဝင်လိုက်၊ တဏှာဥပါဒါန် ဘဝဇာတိက ထွက်လိုက်၊ ဤကဲ့သို့ အဝင် အထွက် သံသရာ လည်နေ သည်ကို မြတ်စွာဘုရားက အတိတ် အကြောင်း ငါးပါး ပစ္စုပ္ပန်အကျိုး ငါးပါး၊ ပစ္စုပ္ပန် အကြောင်း ငါးပါး အနာဂတ်အကျိုး ငါးပါး၊ အစပ်သုံးပါး၊ အလွှာလေး ထပ်၊ ခြင်းရာနှစ်ဆယ်၊ ဝဋ်သုံးပါး၊ မူလနှစ်ပါးဟု အကျယ် ဟောတော်မူသည်ဖြစ်ကြောင်း။

ဝေဒနာကို မဏ္ဍိုင်ထားပြီး ဝင်လာသော ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿက ပဋ္ဌက္ခန္ဓာ၊ ထွက်လာသော တဏှာဥပါဒါန် ဘဝဇာတိက ဥပါဒါနက္ခန္ဓာ ဤကဲ့သို့ ထွက်နေသည်ကို ကိလေသာဟု ခေါ်သည်။

ဆိုခဲ့ပြီးသော ဓမ္မလေးချက်က ဘုရားသခင် အရိယာ အရှင်တို့မှာလည်း ဆုံကြသည်၊ ပုထုဇန်တို့မှာလည်း ဆုံကြ သည်၊ ကွဲပြားပုံကား အရိယာ အရှင်တို့၌ ဆုံကြသည်က အသံပါ၍ အဆံမပါ၊ ပုထုဇန်တို့ ၌သာ အသံ ဖြစ်လျှင် အဆံလည်း ပါလာသည်၊ ဖြစ်ပုံက ဝေဒနာထဲ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿကဝင်၍ တဏှာ ဥပါဒါန် ဘဝဇာတိက ထွက်သွားသည်ကို အဆံပါသည်၊ သံသရာ လည်သည်ဟု ခေါ်ဆိုရပါကြောင်း။

ဝေဒနာ ဆိုသည်ကား ၁-သညာသိ ဝေဒနာ၊ ၂-ဝိညာဏ်သိ ဝေဒနာ၊ ၃-ပညာသိ ဝေဒနာဟု ၃-မျိုး

သုံးစားရှိရာ အဆင်းနှင့် အကြည် တိုက်ဆုံရာ၌ ရူပါရုံကို စက္ခုအကြည်ကမျိုလိုက်၊ စက္ခုအကြည်ကို ရူပါရုံကမျိုလိုက် ဤကဲ့သို့ သဘောချင်း ခံစားကြသည်ကို သညာသိဝေဒနာ ဟု ခေါ်သည်။

စက္ခုဝိညာဏ်နှင့် မနောဝိညာဏ် ဆုံကြရာ၌ လည်း စက္ခု ဝိညာဏ်ကို မနောဝိညာဏ်က မျိုလိုက်၊ မနော ဝိညာဏ်ကိုစက္ခု ဝိညာဏ်ကမျိုလိုက်၊ ငါး,ငါးချင်းမျိုသလို၊ ဖား, ဖားချင်းမျိုသလို စက္ခုဝိညာဏ် မနောဝိညာဏ် သဘာဝချင်း တိုက်ဆုံကြသည်ကို ဝိညာဏ်သိ ဝေဒနာဟု ခေါ်သည်။

မတိုက်ဆုံနိုင်ဘဲ ပေါ်နေသည်ကို ပညာသိ ဝေဒနာ ခေါ်သည်။

ယခုလောကလူတို့လျှာဖျား၌ သကြား ထန်းလျက်တို့ကို တင်၍ဝါးလိုက်လျှင် ချိုသည်ဟု ခံစားသည့် ဝေဒနာက အရပ်သိဝေဒနာ ဥင်းဝေဒနာက ဝိပဿနာ မလုပ်သော လူတိုင်းသိ ဝေဒနာမျိုးဖြစ်၍ ဝိပဿနာအရာ၌ မဝင်သည့် အတွက်ကြောင့် ဖယ်ထား၊ ဆိုခဲ့ပြီးသော ဝိညာဏ်သိ ဝေဒနာ စက္ခုဝိညာဏ်နှင့် မနောဝိညာဏ် တိုက်ဆိုင်ခြင်းကို နာမရူပ ပရိစ္ဆေဒဉာဏ်ကစပြီး သမ္မသနဉာဏ် ဥဒယဗ္ဗယ ဉာဏ်တို့က ပယ်သတ်လိုက်သည်။

ရူပါရုံနှင့်စက္ခုအကြည် တိုက်ဆုံတဲ့သညာသိ ဝေဒနာ ကိုလည်း အထက် ဘင်္ဂဉာဏ်စသော အနုပဿနာ ဉာဏ် ၇-ပါးက ပယ်သတ်လိုက် ခြင်းကြောင့် ရူပါရုံနှင့် စက္ခု ပသာဒတို့ကလည်း တဦးနှင့်တဦး မတိုက်ဆုံနိုင် စက္ခု

ဝိညာဏ်နှင့် မနောဝိညာဏ်တို့ ညီလာခံမဝင်နိုင် မနော ဝိညာဏ်ကလည်း အမိန့်အာဏာမထုတ်နိုင်၍ လေးကောင်သား လက်မှိုင်းချပြီး ပေါ်နေရသည်ကို အမျိုးဝေဒနာ ခေါ်သည်။

မပေါင်းနိုင်တဲ့ အဘယ်ကြောင့် ပေါ်နေရ သနည်းဆိုသော် ရှေးက ပေါင်းဖော်ဖူးခဲ့သောကြောင့် ပေါင်းချင်သေးသည်ဟု အာသာဆန္ဒ ရှိကြခြင်းကြောင့် ပေါ်နေရသေးသည်၊ ထို့ကြောင့် ပေါ်နေသည်ကို ပစ္စက္ခန္ဓာ၊ ပေါင်းချင်သေးသည်ဟု အာသာဆန္ဒဖြစ်ရှိနေသည်ကို ဥပါဒါနက္ခန္ဓာခေါ်သည်၊ ဘူတိုကိုပင်က ပယ်သတ်လိမ့်မည်ဖြစ်ပါကြောင်း။

ပေါ်နေတဲ့ အကျိုးဝေဒနာရိပ်ထဲ၌ အနုသယအနေဖြင့် သံသရာအစဉ် ဘဝအစဉ်က ကိန်းပါလာသော ဥပါဒါနက္ခန္ဓာနှင့် ပစ္စက္ခန္ဓာကို အနုလောမဉာဏ် ဂေါတြဘူဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့က ပယ်သတ်ရမည် ကဏ္ဍ ဖြစ်၍ မဂ်တရားဆိုတာကဘယ်ပုံ ဖိုလ်တရားဆိုတာကဘယ်နည်း မဂ်က ကိလေသာကို ဘယ်လိုသတ်သည်၊ ဖိုလ်ကဘယ်လို ဖြတ်သည်၊ နိဗ္ဗာန်ကို ဘယ်လို မျက်မှောက် ပြုသည်ဟု ခြားခြားနားနား သိရမည်ဖြစ်၍ ကိလေသာကိုသတ်ပြီး နိဗ္ဗာန်သို့ဝင်သည်ကိုပြထားသည့်မှာ–

ကိလေသေ မာရေန္တော နိဗ္ဗာနံ ဂစ္ဆတီတိမဂ္ဂေါ။

ကိလေသေ၊ ကိလေသာကို၊ မာရေန္တော၊ သတ်လျက်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ ဂစ္ဆတိ၊ သွားတတ်၏။ ဣတိတသ္မာ၊ ထိုသို့နိဗ္ဗာန်သို့ သွားတတ်သောကြောင့်။ မဂ္ဂေါ၊ မဂ်မည်၏။

ကိလေသာကိုသတ်၍ နိဗ္ဗာန်သို့သွားသည်ကို မဂ်ခေါ် သည်ဖြစ်ခြင်းကြောင့် မဂ်ကိုရေးတဲ့အခါ မ,တလုံး ဂ,ငယ် နှစ်လုံး ရေးထားသည်ကို နှစ်ပုဒ်ခွဲရမည်၊ မ, ကတပုဒ် ဂ,ကတပုဒ်၊ မ,ကကိလေသာကိုသတ်ပြီး ဂ,က နိဗ္ဗာန်သို့ သွားသည်၊ မြန်မာအခေါ်ဆိုသည်ရှိသော် ကိလေသာကို သတ်၍ နိဗ္ဗာန်သို့ သွားသည်ကို မဂ်ဟု ခေါ်သည် ဖြစ်ကြောင်း။

ကိလေသာကို မဂ်သတ်သည် ဆိုရာ၌ ဘယ်ဟာကို ကိလေသာခေါ်သနည်း၊ ပဋ္ဌာန်းအကျိုးရိပ်၌ အစဉ်ကိန်း နေသော ဥပါဒါနက္ခန္ဓာနှင့် ပဉ္စက္ခန္ဓာ သူတို့ကိုပင် ကိလေသာခေါ်သည်၊ ဥပါဒါနက္ခန္ဓာနှင့် ပဉ္စက္ခန္ဓာကို မဂ်က ပယ်သတ်ရမည်ဆိုလျှင် နှစ်ကောင်ဖြစ်နေသေးလျှင် ဒေသနာနည်းဖြစ်နေ၍ မဂ်ကမပယ်သတ်နိုင်၍ တကောင် တည်းဖြစ်အောင်လုပ်ရဦးမည်။

ပဋ္ဌာန်းအကျိုးရိပ်၌ ရှိနေသော နာမ်ခန္ဓာ လေးပါးကို သညာကစရမည်လား ဝေဒနာကစရမည်လောဟုဆိုသော် အကြောင်းဖြစ်လျှင် သညာက စရသည်၊ ယခုအခါမှာ အကျိုးဝေဒနာတဲ၌ရှိသော ခန္ဓာဖြစ်သဖြင့် ဝေဒနာကစ၍ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ ပေါင်းနေသည်ကို ရူပက္ခန္ဓာ ၎င်းခန္ဓာ ငါးပါး၌ ခန္ဓာ ငါးပါး ပေါင်းဆုံမိလျှင် ဥပါဒါနက္ခန္ဓာ တဏှာရိပ် ပါရှိ နေသည်၊ တဏှာရိပ်ရှိက ပဉ္စက္ခန္ဓာ အဝိဇ္ဇာ ရိပ်လည်း ပါနေရသည်။

ထို့ကြောင့် ကိုယ်တကိုယ်တည်းအရိပ် ၂-ရိပ်ဦးခေါင်း နှစ်လုံး ဤကဲ့သို့ အဝိဇ္ဇာနှင့်တဏှာ ပစ္စုပ္ပန်၌ ပူးတွဲ၍နေရခြင်းမှာ တဏှာကအတိတ်ကလာတဲ့မျိုးကိုဖမ်းပေးရမည့်၊ အဝိဇ္ဇာက မဖြစ်သေးသော အနာဂတ် အပါယ်လေးပါး၌ ဘဝဖြစ်ရန် မျိုးချသည်၊ ထို့ကြောင့် မြတ်စွာ ဘုရားက သတ္တဝါတို့၌ အတ္တဒိဋ္ဌိ အတ္တာနုဒိဋ္ဌိ သက္ကာယဒိဋ္ဌိ ရှိနေသမျှ ကာလပတ်လုံးဘယ်ဘုံ ဘယ်ဘဝမှာပင်ဖြစ်ဖြစ် အပါယ်သို့ မကျပြီဟူ၍ မဆိုနိုင် ရင်ထဲ နှလုံးထဲ၌ အပါယ်မျိုးစေ့ အမြဲပါရှိနေသည်ဟု မိန့်ဆိုတော်မူခဲ့ပါသည်။

တိဏ္ဏံ သံယောဇနာနံ၊ တိဏ္ဏံ၊ သုံးပါးကုန်သော။ သံယောဇနာနံ၊ ဒိဋ္ဌိသံယောဇဉ်, သီလဗ္ဗတပရမာသသံယောဇဉ်, ဝိစိကိစ္ဆာသံယောဇဉ်တို့၏။ ပဟာနာယ၊ ပယ်ခြင်းကြောင့်။ ပရိက္ခယာယ၊ကုန်ခြင်းကြောင့်။နိယတော၊ ဘုရားမြဲပြီ တရားမြဲပြီ သံဃာမြဲပြီ၊ ဝိနိပါတဓမ္မော၊ ၂၉-ပါးသောကံ တရားတို့က ဖရိုဖရဲနှင့် ဆွဲချင်ရာ ဆွဲလို့ မချနိုင်တော့ပြီ။ သမ္ဗောဓိပရာယနော၊ အထက်မဂ် အထက်ဖိုလ်သို့သာလျှင် ဦးခေါင်းဆိုက် တော့သည်။ (ဤသည်ကား သောတာပန်တို့ ခံစားရသောအကျိုးပေတည်း)။

အထက်က ဆိုခဲ့သည့်အတိုင်း ဥပါဒါနက္ခန္ဓာနှင့် ပဉ္စက္ခန္ဓာတို့ ဘယ်ပုံဘယ်နည်း ဖြစ်သလဲဆိုသော် ဥပါဒါနက္ခန္ဓာက ပညတ်ရေသောက်မြစ် ပဉ္စက္ခန္ဓာဆိုသည်ကား ပရမတ် ရေသောက်မြစ် ပရမတ်ဆိုသည်ကား ပညတ်မကင်းဘဲ ပေါ်နေရသည်ကို ပြုပြင်ခြင်းမကင်း၍ သင်္ခတ ပရမတ်ဟု ခေါ်သည်၊ သင်္ခတ ပရမတ် ရေသောက်မြစ်က

ပဉ္စက္ခန္ဓာ ဥပါဒါနက္ခန္ဓာနှင့် ပဉ္စက္ခန္ဓာ ပစ္စုပ္ပန်အကျိုးရိပ်၌ သူတို့နှစ်ဦးပေါင်းပြီး ရေသောက်မြစ်ချနေသည်ကို ဝိသုဒ္ဓိမဂ်က ဥပ္ပဇ္ဇာရဟ ဖြစ်ခြင်းငှာထိုက်သည့် ကိလေသာကံမျိုးစေ့ရှိသေးသည်ဟုဆိုသည်။

အတ္တဒိဋ္ဌိ အတ္တာနုဒိဋ္ဌိ သက္ကာယဒိဋ္ဌိ ဆိုသည်လည်း ကံမျိုးစေ့ပင်တည်း၊ ဥပါဒါနက္ခန္ဓာနှင့် ပဉ္စက္ခန္ဓာ ခန္ဓာ ကွဲပြားပုံကို သိလိုလျှင် အများလူတို့ ရရှိနေကြသော ခန္ဓာ ကိုယ်ကား အမိဝမ်းတွင်းမှ ဇနကကံဆောင်စီမံ၍ ရလာသော နာမက္ခန္ဓာ ကဋတ္တာရုပ်ဟု ဆိုအပ်သော ကလလရေကြည်ကစပြီး ကာယဒသက ကလာပ် ဘာဝဒသက ကလာပ် ဝတ္ထုဒသက ကလာပ်၊ ကလာပ်သုံးစည်းရုပ်ပေါင်း ၃၀-ကစ၍ တိုးပွား ကြီးရင့်လာသော ဤခန္ဓာကောင်ရလာသည်ကိုလည်း ပဉ္စက္ခန္ဓာခေါ်သည်။

ဂင်းခန္ဓာကောင်၌ မျက်စိ,နား,နှာခေါင်း, လျှာ,ကိုယ်, မန, ဒွါရခြောက်ပေါက်၌ အာရုံ ခြောက်ပါး တိုက်ဆိုလာလျှင် နာမ်ခန္ဓာလေးပါးဖြစ်ပြီးတဏှာဦးစီး၍ ပညတ်ကို အာရုံယူပြီး တဏှာကပြဋ္ဌာန်းလျှင် ဥပါဒါနက္ခန္ဓာ ခေါ်သည်၊ အဝိဇ္ဇာ ပြဋ္ဌာန်းပြီး ပရမတ်ကို အာရုံ ယူလျှင် ပဉ္စက္ခန္ဓာခေါ်သည်။

သူတို့ကိုပင် ဖြစ်ခြင်းငှာထိုက်သည့် ကိလေသာ ကံမျိုးစေ့ကလေး၊ သူတို့ကိုပင် မဂ်ကပယ်သတ်တော့မည်။

ကိလေသေ မာရေန္တော နိဗ္ဗာနံ ဂစ္ဆတီတိ မဂ္ဂေါ။

ကိလေသာကိုပယ်သတ်၍ နိဗ္ဗာန်သို့ သွားသည် ဆိုရာ၌ ဘယ်ပုံဘယ်နည်း သတ်မည်နည်း။

အကျိုး ဝေဒနာထဲ၌ ကိန်းနေသည်၊ ပုန်းနေသည် ဆိုသောကြောင့် ဝေဒနာက္ခန္ဓာ ဆိုသည်ကား ခန္ဓာဆိုက အထက်ကရလာသည့် အမည်မျှသာ၊ ဝေဒနာကို ဘာသာ ပြန်လျှင် ခံစားသည်ဟု မပြန်ပါနှင့် သညာ ဝိညာဏ် ရှိတုန်းက ခံစားနိုင်သည်။

ယခုရှိတဲ့ဝေဒနာက သညာဝိညာဏ်ကင်းပြီး ပေါ်နေတဲ့ သဘောဝေဒနာကို အမှန်မြင်သည်ကို သမ္မာဒိဋ္ဌိ မဂ်ညဏ် ကြီးက ပယ်သတ်မည်ဖြစ်၍ သမ္မာဒိဋ္ဌိကို ဘာသာ ပြန် လျှင် မဖောက်မပြန်အမှန်မြင်ကို သမ္မာဒိဋ္ဌိဟု ခေါ်သည်။

အမှန်ဘယ်လိုမြင်သနည်း ဒသာနဋ္ဌေ-ပစ္စုပ္ပန် အကျိုး ဝေဒနာက အတိတ် အကြောင်းကို မထုတ်နိုင် သည်ကို အမှန်မြင်သည်၊ ပစ္စုပ္ပန် အကျိုး ဝေဒနာက အတိတ် အကြောင်းကို မထုတ် နိုင်လျှင် နိယျာနဋ္ဌေ၊ အတိတ် အကြောင်းလွတ်သွားပြီး အတိတ် အကြောင်းနှင့် ပစ္စုပ္ပန် အကျိုးတဖန် မပေါင်းနိုင်၍ ပစ္စုပ္ပန် အကြောင်းကို မထုတ် နိုင်သည်ကို ဟေတုဋ္ဌေ၊ ပစ္စုပ္ပန်အကြောင်း အနာဂတ် အကျိုးကို မပြုပြင်နိုင်ခြင်းကြောင့် မဂ်ဖြစ်ကြောင်း အမှန် ဖြစ်သည်၊ ပစ္စုပ္ပန်အကြောင်းက အနာဂတ်အကျိုးကို မပြု လုပ်နိုင်၍ အနာဂတ်အကျိုး သုဉ်းဆိတ်ပြီး ငြိမ်းသွား သည်ကို အဓိပ္ပတေယျဋ္ဌေ။

ပစ္စုပ္ပန်အကျိုး ဝေဒနာက အတိတ် အကြောင်းစက် သညာက္ခန္ဓာ၊ ပစ္စုပ္ပန် အကြောင်းစက် သင်္ခါရက္ခန္ဓာ အနာဂတ်အကျိုးစက် ဝိညာဏက္ခန္ဓာတို့ကို ထုတ်နိုင်သည်ဟု မြင်သည်ကား ဝိညာဏ်မြင်-အမှားမြင်။

သံသရာလည်သည်ဟု ဆိုသည်ကား ဤကဲ့သို့ အမြင်မှား တခုကစပြီးလျှင် လည်သွားရသည်ဟု မှတ်ပါ၊ အမြင်မှန်ရလျှင် သံသရာပြတ်တော့သည်၊ သမ္မာဒိဋ္ဌိ အမြင် မှန်ရပုံက အန္တပုထုဇန်တို့၌ကား ပစ္စုပ္ပန် အကျိုး ဝေဒနာမှ အတိတ်အကြောင်းကို ထုတ်လိုက်နှင့် တင့်တယ်သည်။

ယခုအခါ သင်္ခါရပေက္ခာဉာဏ်မှ တက်ပြီး အနုလောမဉာဏ်သို့ ဆိုက်ရောက်လာတဲ့အခါမှာ အတိတ် အကြောင်းစက်ကို ပညာမြင်ဒုက္ခဉာဏ်က ပယ်သတ်ထားသည် တရပ်။

အနာဂတ်အကျိုးစက်ကိုလည်း ပညာမြင် အနိစ္စဉာဏ်က ပယ်သတ်ထားသည်က တကြောင်း။

ပစ္စုပ္ပန် အကြောင်းစက် ကိုလည်း ပညာမြင် အနိစ္စဉာဏ်က ပယ်သတ်ထားသည်က တဖုံ။

ဤကဲ့သို့ ဘေးပေါင်းစုံ ရန်အဖုံဖုံနှင့် တွေ့ကြုံနေရသော ပစ္စုပ္ပန်အကျိုးဝေဒနာ သူ့ထံ၌ အကြောင်းအကျိုး ရုပ်ရိပ်၊ နာမ်ရိပ်၊ ခန္ဓာရိပ်၊ ပဋိစ္စသမုပ္ပါဒ်ရိပ်၊ အကုန်လုံး ကင်းပြတ်၍ အတိတ်အကြောင်း သညာက္ခန္ဓာကို မထုတ်နိုင်ဟု အမှန် မြင်သည်ကို ဒဿနဌာ၊ အတိတ် အကြောင်း သညာက္ခန္ဓာ လွတ်သွားသည်ကို နိယျာနဌာ၊ ပစ္စုပ္ပန် အကြောင်း သင်္ခါရက္ခန္ဓာကို မထုတ်နိုင်၍ မဂ်ဖြစ်ကြောင်း ဟေတုဌာ၊ အနာဂတ်အကျိုး သုဉ်းဆိတ် သွားသည်ကို အဓိပ္ပတေယျဌာ ကြီးမှူးစိုးရခြင်း။

နာမ်ခန္ဓာလေးပါးနှင့် စက်ရဟတ် လေးပါးကို မဂ်ဓား လေးစင်းဖြင့် ဒဿနဌာ၊ နိယျာနဌာ၊ ဟေတုဌာ၊ အဓိပ္ပတေယျဌာ၊ ဌာလေးဌာနှင့် ပိုင်းဖြတ် သုမ်သင်

လိုက်ရာ အမိပွတေယျဌေ၁ အဆုံး၌ ဥပါဒါနက္ခန္ဓာ ၆ဒွိ ချုပ်၍ ပဉ္စက္ခန္ဓာ ၆စိကိစ္စာ ငြိမ်းသည်ကို မဂ်က ကိလေသာကိုသတ်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုပြီး မင်္ဂငင်သည်၊ အကျိုးပဉ္စက္ခန္ဓာ တဖန်ငြိမ်းသည်ကိုဖိုလ်။

ဥပါဒါနက္ခန္ဓာက သမုဒယသစ္စာ၊ ပဉ္စက္ခန္ဓာငြိမ်းက နိရောဓသစ္စာ။

ဥပါဒါနက္ခန္ဓာချုပ်က မဂ္ဂသစ္စာ၊ ပဉ္စက္ခန္ဓာ ငြိမ်းက နိရောဓသစ္စာ။

သောတာပတ္တိမဂ်ဉာဏ်ဖြင့် သစ္စာလေးပါးကို သိမြင်၍ မဂ်ဖိုလ် ကျပြီးလျှင် ပဋိသန္ဓေက ဖြစ်လာသော အကျိုး ပဉ္စက္ခန္ဓာကလည်း နိဿရဏပဟာန်က ပယ်သတ်၍ တဖန် ငြိမ်းပြန်သည်။

သောတာပတ္တိမဂ်ဝင်စခန်းပြီးပြီ။

---

## ဥပါဒါနက္ခန္ဓာနှင့် ပဉ္စက္ခန္ဓာ

ခန္ဓာဖြစ်ပုံ မဂ်က ပယ်သတ်တဲ့ ဥပါဒါ နက္ခန္ဓာနှင့် ပဉ္စက္ခန္ဓာတို့ကတဦးကိုတဦးမှီပြီး မင်းရှိလို့ဂါရှိသည်၊ ဂါရှိလို့ မင်းရှိသည် ဆိုဘိသကဲ့သို့ အကြောင်းအကျိုး ဆက်စပ်၍ အဝိဇ္ဇာနှင့်တဏှာ ပေါင်းစပ်ပြီး သံသရာဇာတ်ကို ထောင် လာခဲ့သည့် သောတာပတ္တိမဂ် အဆိုက်တွင် ဥပါဒါ နက္ခန္ဓာနှင့် ပဉ္စက္ခန္ဓာ၌ အပယ် လေးပါးကို ဖြစ်စေတဲ့ အကြောင်း ဟူသမျှအကြွင်းအကျန်မရှိ အကုန်လုံး သုဉ်း ဆိတ်ပြီး ခန္ဓာ ၂-ပါးစုံ၌ အကျိုး သက်သက်သာ ကျန်ခဲ့

သည်၊ ၎င်းအကျိုးကိုပြောတဲ့အခါ အကျိုးပစ္စုပ္ပန္နာကျန် သည်ဟု ဆိုသည်၊ထိုအကျိုး ပစ္စုပ္ပန္နာကိုမှ ဖိုလ်ကတဖန် ငြိမ်းပြန် စေသည်။ ဖိုလ်ကျပြီးနောက် ပဋိသန္ဓေက ဖြစ်တဲ့ အကျိုး သက်သက်ပစ္စုပ္ပန္နာကလည်း တဖန်ငြိမ်းပြန်သည်။

ပစ္စုပ္ပန္နာ ၃-မျိုးကိုခြားနား၍သိရမည်။

၁။ ဥပါဒါနက္ခန္ဓာနှင့် အကြောင်း အကျိုး စပ်တဲ့ ပစ္စုပ္ပန္နာ။

၂။ ဥပါဒါနက္ခန္ဓာနှင့် မစပ်အကျိုး ပစ္စုပ္ပန္နာ။

၃။ အမိဝမ်းတွင်း ကလလရေကြည်ကစပြီး ဖြစ်ပေါ် လာတဲ့အကျိုးသက်သက်ပစ္စုပ္ပန္နာ။

အကျိုးပစ္စုပ္ပန္နာ၌ မျက်စိ,နား,နှာခေါင်း, လျှာ, ကိုယ်, မန, ဒွါရ ခြောက်ပေါက်၌ အာရုံခြောက်ပါးတိုက်ခါမှ အထက်ကဆိုခဲ့သည့်ဥပါဒါနက္ခန္ဓာနှင့်ပစ္စုပ္ပန္နာအဝိဇ္ဇာနှင့် တကွာဖြစ်ကြောင်းကို သိကြပါကုန်။

### သီလ သမာဓိ ပညာ သိက္ခာ ၃-ပါးနှင့် ပဟာန် ၅-ချက်ကိုပြပေအံ့

ရပ်နာမ်ကြောင်းကျိုး မိစ္ဆာဝါစာ မိစ္ဆာကမ္မန္တ မိစ္ဆာ ဇီဝ ကိလေသာကိုသမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ သီလမဂ္ဂင်ဖြင့် နာမရူပပရိစ္ဆေဒဉာဏ် ပစ္စယပရိဂ္ဂဟဉာဏ် ၂-ပါးက တဒင်္ဂပဟာန်ဖြင့် ပယ်သတ်သည်ကား ဉာတ ပရိညာဏ်စခန်း။

သန္တတိရုပ်နာမ် အဟိတ်ခန္ဓာ မိစ္ဆာဝါယာမ မိစ္ဆာ သတိ မိစ္ဆာသမာဓိ ကိလေသာတို့ကို သမ္မာသနဉာဏ်

ဥဒယဗ္ဗယဉာဏ်တို့က သမ္မာဝါယာမ သမ္မာသတိ သမ္မာ သမာဓိ သမာဓိမဂ္ဂင် ၃-ပါးလုံးဖြင့် ဝိက္ခမ္ဘနပဟာန် အားဖြင့်ပယ်သတ်လိုက်သည်ကား တီရဏပရိညာဏ်စခန်း။

ဒိဋ္ဌိဟိတ် ခန္ဓာစသော ခန္ဓာတို့နှင့် ပဋိစ္စသမုပ္ပါဒ် စက် ရဟတ်ကိလေသာ မိစ္ဆာသက်ပွကို အဝိဟိံသသက်ပွ အဗျာပါဒသက်ပွ နိက္ခမသက်ပွဟု ဆိုအပ်သော သမ္မာ သက်ပွ ပညာမဂ္ဂင်ဖြင့် အနုပဿနာဉာဏ် ၇-ပါးက ပယ်သတ်ပြီး ဖြစ်ခြင်းငှာ ထိုက်သည်၊ ကိလေသာဟု ဆိုအပ်သော ဥပါဒါနက္ခန္ဓာနှင့် ပဉ္စက္ခန္ဓာ ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာ အနုသယကိလေသာကို သမ္မာဒိဋ္ဌိ မဂ်ပညာကပယ်သတ်၍ ဥပါဒါနက္ခန္ဓာချုပ်၊ ပဉ္စက္ခန္ဓာငြိမ်း၊ ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာကို ပယ်သတ်လိုက်သည်ကား သမုစ္ဆေဒပဟာန်။

အကျိုး ပဉ္စက္ခန္ဓာကိုဖိုလ်ဉာဏ်က ပယ်သတ်လိုက်သည် ကား ပဋိပဿဒ္ဓိပဟာန်။

အမိဝမ်းတွင်းက ဖြစ်ပေါ်လာသော အကျိုးသက်သက် ပဉ္စက္ခန္ဓာတဖန်ငြိမ်းသည်ကား နိဿရဏပဟာန်။

ဤသို့အားဖြင့် ရှင်တော်မြတ်ဘုရား ဟောကြားတော် မူအပ်သော ဓမ္မစကြာတရားတော် ရှင်တော်မြတ်ဘုရား ဟောကြားတော်မူအပ်သော အနတ္တ လက္ခဏသုတ်တရား တော်၊ ရှင်တော်မြတ်ဘုရား ဟောကြားတော်မူအပ်သော မဟာသတိပဋ္ဌာန်တရားတော် ထိုတရားတော် မြတ်တို့၏ အဆီအနှစ်ဖြစ်သော ဝိသာခါ တရားတော်မြတ်ကို ဓမ္မ စကြာအဖွဲ့ချုပ် နာယက ဆရာတော်သည် တိတ်ဌေ ပေါင်း ၂၅-ဌေ၊ ရက်ပေါင်း ၅၀-တိုင်တိုင် ဥပမာ

ဥပမေယျနည်းမျိုးစုံတို့ဖြင့် ဟောကြား ထားတော်မူသည့် တရားတော်ကို အများလူတို့အလွယ်တကူမှတ်သား နာယူစေရန် ရေးသားအပ်သော အကျဉ်းချုပ် ဝိသာခါ တရားတော်ကို အခြေခံညာဏ် ၂-ပါးနှင့်ဝိပဿနာညာဏ် ၁၀-ပါး သုဒ္ဓိ ၇-ပါး၊မဂ္ဂင် ၈-ပါး၊ သစ္စာ ၄-ပါး၊ သိက္ခာ ၃-ပါး ပဟာန် ၅-ချက်ပြည့်စုံ၍ မင်္ဂလိုစခန်း သောတာပန် လမ်းသည် သာသနာတော်သက္ကရာဇ် ၂၅၁၃၊ မြန်မာ သက္ကရာဇ် ၁၃၃၁-ခု၊ သီတင်းကျွတ်လဆန်း ၁၄-ရက် ခရစ်သက္ကရာဇ် ၁၉၆၉-ခု အောက်တိုဘာလ ၂၅-ရက် စနေနေ့ညနေ ၃-နာရီအချိန်တွင် ပြီးဆုံးခြင်းသို့ရောက်ပြီ။

သတိမမူ ဂူကိုမမြင် ဆိုတဲ့စကား။
ပညာရှိများ သတိထား ရန်အချက်များ။

## ယခုရေးသားသော ဝိပဿနာတရားကို နားလည်ရန်အတွက် လိုရင်း အချက်ကား

ဥပါဒါနက္ခန္ဓာနှင့် ပဥ္စက္ခန္ဓာ ခန္ဓာနှစ်မျိုး နှစ်စားကို ခွဲခြား၍မသိက အခက်အခဲနှင့် ကြုံတတ်ပါ၏၊ ၎င်းခန္ဓာ ၂-ပါးကို စာရေးအစ ပဌမက ရှင်းလင်းပြီး ဖြစ်ပါ၍ အရင်းကို ပြန်ကြည့်ကသိနိုင်ပါမည်၊ ယခုတဖန်ကြွင်းကျန်ခဲ့သော စကားရပ်များကိုသာ ရှင်းလင်းရမည် ဖြစ်ပါကြောင်း။

စကြဝဠာ လောက၏ အဆုံးကို သိလိုရေးနှင့် မေးလျှောက်လာသော ရောဟိတဗြဟ္မာအား ရှင်တော်မြတ်ဘုရား ဟောတော်မူသည်မှာ-အလျား တလံ၊ အနံ တထွာ၊

ဤခန္ဓာကိုယ်ထဲ၌ရှိသော ဥပါဒါနက္ခန္ဓာတို့မှ လောကဘာဝ သံသရာဟုခေါ်ဆိုသည်ဖြစ်၍ လောကကိုရင်း၊ လောက၏ ဖြစ်ကြောင်း လောကသမုဒယကိုရင်း၊ လောက၏ ဆုံးရာ ချုပ်ရာ လောကနိရောဓကိုရင်း၊ လောက၏ချုပ်ကြောင်း လောကနိရောဓဂါမိနီ ပဋိပဒါကိုရင်း၊ဥပါဒါနက္ခန္ဓာ၌သာ ရှာအပ်ကြောင်းကို ရောဟိတ ဗြဟ္မာအား ဟောတော် မူလိုက်သည်ဖြစ်ပါကြောင်း။

ဥပါဒါနက္ခန္ဓာနှင့် ပဉ္စက္ခန္ဓာဆိုသည်မှာ အကောင်နှင့် အရိပ်ကိုဆိုပါသည်၊ ဘုရားရှင်လက်ထက်တော်၌ ရှင်ပုဏ္ဏ မထေရ်က ညီတော်အာနန္ဒာအား မှန်ရိပ်ကို ဥပမာပြု၍ တရားပြသည်မှာ လောက၌ အပျို လူပျိုတို့ မှန်ကြည့်၍ တန်ဆာဆင်ကြသည့်အခါ မှန်ထဲ၌ ပေါ်သော လူသည် ကား မိမိသည်လည်း မဟုတ်၊ သူတပါးလည်း မဟုတ်၊ မှန်ကြည့်သောလူ၏ကိုယ်နှင့် မှန်အကြည် ၂-ပါး ပေါင်း ဆုံ၍ဖြစ်ပေါ်လာသော အရိပ်သက်သက်သာ ဖြစ်သည်ဟု ပြောဆိုရာ အကောင်နှင့်အရိပ် အကောင်က ပဉ္စက္ခန္ဓာ အရိပ်ကဥပါဒါနက္ခန္ဓာ အကောင်နှင့် အရိပ်ပဉ္စက္ခန္ဓာနှင့် ဥပါဒါနက္ခန္ဓာ ၂-ပါးကို ပညာဉာဏ် အမြင်သန်၍ ညီတော်အာနန္ဒာ သောတာပန်ဖြစ်သွားရလေသည်။

မှန်ရိပ်ဥပမာကို ယနေ့လောက လက်တွေ့ ပြရလျှင် မှန် တလက်ထောင်ပြီး ခွေး,ကြက်,တို့ကိုပြလျှင် မှန်ထဲ၌ ပေါ် သောခွေး ကြက် အရိပ်ကို အခြား ခွေးတကောင် ကြက် တကောင်ဟု ထင်မှတ်ပြီး ကိုက်ကြမည်၊ ခွပ်ကြ မည်ကား အမှန်ပင်တည်း။

လူကိုပြလျှင် မှန်ထဲ၌ ပေါ်သော လူကိုမချစ် မမုန်း၊ ဥပေက္ခာ ထားနိုင် သည့်ကား အကောင်နှင့် အရိပ်ကို ခွဲခြား၍ အသိရှိသောကြောင့်ပင်တည်း။

ဤဥပမာအတိုင်း အန္ဓပုထုဇန်တို့အမြင်က ခွေး ကြက်တို့ အသိ အမြင်မျိုးသာ ဖြစ်သည်၊ ကလျာဏ ပုထုဇန်နှင့် အရိယာတို့အမြင်က လူအမြင်မျိုး ဖြစ်သည်၊ ထို့အတွက် ကြောင့် ဥပါဒါ နက္ခန္ဓာနှင့် ပဥ္စက္ခန္ဓာ၊ အကောင်နှင့် အရိပ်ကိုခွဲခြား၍ မသိကြလျှင် သံသရာ ဝဲသြဃထဲမှ ဘယ် နည်းနှင့်မျှ ကျွတ်လွတ်နိုင်ပါအံ့နည်း။

သာသနာအပ အခါကာလမျိုး၌ ဆိုလျှင် ဥပါဒါ နက္ခန္ဓာနှင့် ပဥ္စက္ခန္ဓာကို အလောင်းတော်တို့ တောင်မှ မသိနိုင်ကြသဖြင့် ဘုရားအလောင်း ကုသမင်း၏ ဇာတ် ကြောင်းကို ပြန်ကြည့်လိုက်လျှင် ပပဝတီ၏အလှ၊ အချော ဥပါဒါနက္ခန္ဓာကို မြင်သောအခါ လှခြင်း၊ ချောခြင်းသည် မိမိ၏ ဥပါဒါန်အာရုံမျှသာဟု မသိခဲ့၍ သူ့ပင်ကို၌အလှ အချောရှိသည်ဟု စွဲလန်းပြီး အိုးခတ်၊ မြင်းထိန်း စသော ဒုက္ခမျိုးစုံတို့ခံလျက် ပပဝတီကိုရလိုကြောင်းနှင့် ဆင်းရဲကြီး ခံခဲ့ရဘူးလေသည်။

ဘုရားအဖြစ်သို့ ရောက်တော်မူခါမှ ဥပါဒါနက္ခန္ဓာကို သိတော်မူ၍ ညီတော်မင်းနန်က ဇနပဒကလျာဏီ၏ အလှ အချောကို တောင်ညာ ထား၍ စံစားမည်ဟု ဥပါဒါ နက္ခန္ဓာ ကိလေသာညွန်ထဲ၌ နစ်မြုပ်လုနီးဆဲဆဲ မင်္ဂလာပွဲ၌ ရှင်တော်မြတ်ဘုရား ကျောင်းတော်သို့ ခေါ်ယူဆောင်ပြီး ညီတော်မင်းနန်း၏ဇနီး ဇနပဒကလျာဏီအလှ အချော၌

မျောက်အိုမနှင့် နတ်သမီး သွင်းပြီး ပြလိုက်ရာ ညီတော် မင်းနန်မှာ သညာဝိညာဏ်တို့ လှည့်ပတ်၍ပြုပြင် ဖန်ဆင်းသော ဥပါဒါနက္ခန္ဓာ အာရုံအဝိုနှင့်နဂိုကို သိသွားသဖြင့် ကျွတ်တမ်းဝင်ရသည် ဖြစ်ပါကြောင်း။

ဤကဲ့သို့ ဥပါဒါနက္ခန္ဓာနှင့် ပဉ္စက္ခန္ဓာတို့ကို မသိသောသူတို့က တဏှာကြီး၍ဖြစ်သော ဥပါဒါန်ကိုသာသိ၍ ဥပါဒါနက္ခန္ဓာကိုမသိသဖြင့် မယုံကြည်ဘဲ တရား အသိခက်နေကြသည်၊ ပညာနေတ္တိ ဝိပဿနာကျမ်းကို ရေးသားသော ဆရာညွန့်က ဥပါဒါနက္ခန္ဓာနှင့် ပဉ္စက္ခန္ဓာ ရှိကြောင်းကို ကြမ်းပေါင်း ၂၅-ကျမ်း ထုတ်ပြသွားသည်၊ ဓမ္မစကြာအဖွဲ့ချုပ် နာယကဆရာတော် ဟောထားသော တရားတို့ ၌ကား ဒေသနာနည်း၊ လက်တွေ့နည်း၊ သဘာဝနည်း၊ နည်း ၃-နည်းကို စရွေးကိုက်၍ ပြထားသဖြင့် ကျမ်းပြရန် မလိုပြီဖြစ်ပါကြောင်း။

လိုရင်းအချုပ်ကို နိဂုံးချုပ်ပြီးပြောရလျှင် အများသော ကျမ်းတတ်အကျော် ဆရာတော်တို့ ပြောဆို ဟောကြားလေ့ရှိကြသည်မှာ ပိဋကတ် ၃-ပုံ၊ နိကာယ် ၅-ရပ်၊ အင်္ဂါ ၉-တန်၊ ဓမ္မက္ခန္ဓာပေါင်း ၈၄၀၀၀-တို့ကို ပေါင်းစု၍ အဆီကို ညှစ်ထုတ်လိုက်လျှင် သတိပဋ္ဌာန် ၄-ပါး၊ သမ္မပဓာန် ၄-ပါး၊ ဣဒ္ဓိပါဒ် ၄-ပါး၊ ဣန္ဒြေ ၅-ပါး၊ ဗိုလ် ၅-ပါး၊ ဗောဇ္ဈင် ၇-ပါး၊ မဂ္ဂင် ၈-ပါးဟု ဆိုအပ်သော ဗောဓိပက္ခိယတရား ၃၇-ပါးထွက်လာသည်။

၎င်းဗောဓိပက္ခိယတရား ၃၇-ပါးကို တဖန် အဆီညှစ်သော်-မဂ္ဂင် ၈-ပါးနှင့် သိက္ခာ ၃-ပါး ထွက်လာသည်။

မဂ္ဂင် ၈-ပါးဆိုသည်ကား ၁-သမ္မာဒိဋ္ဌိ၊ ၂-သမ္မာသင်္ကပ္ပ၊ ၃-သမ္မာ ဝါစာ၊ ၄-သမ္မာ ကမ္မန္တ၊ ၅-သမ္မာ အာဇီဝ၊ ၆-သမ္မာဝါယာမ၊ ၇-သမ္မာသတိ၊ ၈-သမ္မာသမာဓိ။

သမ္မာ ဝါစာ၊ သမ္မာ ကမ္မန္တ၊ သမ္မာ အာဇီဝတာ အဓိသီလသိက္ခာ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာ သမာဓိက အဓိစိတ္တသိက္ခာ၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပက အဓိပညာသိက္ခာဖြစ်၍ မဂ္ဂင် ၈-ပါးနှင့် သိက္ခာ ၃-ပါး ထွက်သည်ဟု ဆိုခဲ့ခြင်းဖြစ်သည်။

၎င်းမဂ္ဂင် ၈-ပါး၊ သိက္ခာ ၃-ပါးကို အကျဉ်းချုပ်လိုက်လျှင် ဓမ္မနှင့် ဝိနယနှစ်ပါး ထွက်လာသည်။ ဓမ္မနှင့် ဝိနယ ထွက်ပုံကား သန်တလောကကို ပြုပြင်တည်ထောင်သည်မှာ ပရမတ်သက်သက်ဖြင့် တည်ထောင်၍ မဖြစ်နိုင်၊ ပညတ် သက်သက်ဖြင့်လည်း တည်ထောင်၍မဖြစ်နိုင်၊ ပညတ်နှင့် ပရမတ် ၂-ဦးနှစ်ပါးဒွန်တွဲ၍ တည်ထောင် လာကြသည်ကို ဓမ္မစကြာနှင့် အနတ္တ လက္ခဏာသုတ် တို့က ပရမတ်ကို ဦးတည်ပြီး အနတ္တနှင့်သိမ်းလိုက်လျှင် ပညတ်သည် ဒုက္ခ၌ ဦးခေါင်း ကျသွားရ လေသည်၊ မဟာ သတိပဋ္ဌာန်က ပညတ်ကိုဦးတည်၍ ဒုက္ခနှင့် သိမ်းပိုက်လိုက်လျှင် ပရမတ် တရားသည် အနတ္တ၌ ဦးခေါင်းချရပြန်သည်။

၎င်းအနတ္တနှင့် ဒုက္ခနှစ်ပါး တို့တွင် အနတ္တ တရားကို ဓမ္မဟု ဆိုသည်၊ ဒုက္ခတရားက ဝိနယဖြစ်၍ မဂ္ဂင် ၈-ပါးနှင့် သိက္ခာ ၃-ပါးတို့မှ ဓမ္မနှင့် ဝိနယနှစ်ပါး ထွက်သည်ဟု ဆိုခဲ့သည်။

ဓမ္မနှင့် ဝိနယကို အကျဉ်းချုံး လိုက်လျှင် ဝိမုတ္တိ ရသ ၁-ပါး ထွက်လာသည်၊ ဝိမုတ္တိရသတပါး ထွက်ပုံကား ဓမ္မဟု ဆိုအပ်သော ဒုက္ခတရားကမဖြစ်နိုင်တဲ့တရား၊ အဖြစ်ကုန်နေတဲ့တရားနှင့် မဖြစ်နိုင်တဲ့တရား နှစ်ပါးကို ပေါင်း၍ အဆိုညှစ်ထုတ် လိုက်လျှင် ငြိမ်းသော သန္တိ သုခနိဗ္ဗာန်ဓာတ်ဟု ဆိုအပ်သော ဝိမုတ္တိရသ ၁-ပါး ထွက်သည်၊ ထို့အတွက်ကြောင့် ဓမ္မနှင့်ဝိနယ ၂-ပါးမှ ဝိမုတ္တိရသ ၁-ပါးထွက်သည်ဟု ဆိုခဲ့သည်ဖြစ်ပါကြောင်း။

ပဋိလောမ နည်းအားဖြင့် ပြန်ပြီးချဲ့လိုက်သော် ဝိမုတ္တိရသ ၁-ပါးမှ ဓမ္မနှင့်ဝိနယ ၂-ပါးထွက်ပြန်သည်၊ ဓမ္မနှင့်ဝိနယ ၂-ပါးမှ သိက္ခာ ၃-ပါးနှင့် မဂ္ဂင် ၈-ပါး ထွက်ပြန်သည်၊ မဂ္ဂင် ၈-ပါးမှ ဗောဓိပက္ခိယတရား ၃၇-ပါးထွက်ပြန်သည်။ ဗောဓိပက္ခိယ ၃၇-ပါးမှတဖန် ပိဋကတ် ၃-ပုံနှင့် နိကာယ်ငါးရပ်၊ အင်္ဂါ ၉-တန်၊ ဓမ္မခန္ဓာပေါင်း ၈၄၀၀၀-ထွက်လာရသည်ဖြစ်ပါကြောင်း။

ဤကဲ့သို့ ကျမ်းအစဉ် များကို ပြောဆိုချက်အရ လိုရင်းအချက်က မဂ္ဂင် ၈-ပါးပင်တည်း၊ မဂ္ဂင် ၈-ပါးသည် ဆိုခဲ့ပြီးသော အလုံးစုံသော တရားတို့နှင့် ဆက်ဆံနေရသည် ဖြစ်၍ ဝိပဿနာတရားကို လိုက်စားသော ပုဂ္ဂိုလ်များတို့မှာ သတိထားရန်အချက်က ဝိပဿနာတရားကို နာတဲ့အခါဖြစ်စေ၊ ဝိပဿနာ စာအုပ်များကို ဖတ်ရှုတဲ့ အခါဖြစ်စေ၊ မဂ္ဂင် ၈-ပါး၊ သိက္ခာ ၃-ပါးကို သညာဝိညာဏ်က မလုပ်ဘဲနှင့် မိစ္ဆာမဂ္ဂင် ၈-ပါးကို ချိုးဖွဲ့နှိမ်နင်း ဖျက်ဆီး၍ ပေါ်ထွက်လာသော သမ္မာမဂ္ဂင် ၈-ပါးနှင့် သိက္ခာ ၃-ပါး၊

သစ္စာ ၄-ပါးတို့ကို ဖော်ပြနိုင်မှ ဘုရားဟော ဝိပဿနာ အစစ်ဟုတ်မှန်မည် ဖြစ်ပါကြောင်း။

ယခုရေးထားသော ကျမ်းစာ၌ကား မဟာစကြာ အနတ္တလက္ခဏသုတ် မဟာသတိပဋ္ဌာန်း ၃-ကျမ်းတို့၏ အဆီအနှစ်ဖြစ်သော ဝိသာခါ တရားခေတ်၌ကား- ဥပါဒါနက္ခန္ဓာနှင့် ပဋ္ဌက္ခန္ဓာ မိစ္ဆာမဂ္ဂင် ၈-ပါးကို ဝိပဿနာဉာဏ်စဉ်တို့ကအဆင့်ဆင့်ပယ်သတ်၍ ပေါ်ထွက်လာသော သီလမဂ္ဂင် ၃-ပါး၊သမာဓိမဂ္ဂင် ၃-ပါး၊ပညာမဂ္ဂင် ၂-ပါး ပေါင်းမဂ္ဂင် ၈-ပါး၊ သိက္ခာ ၃-ပါး၊ သစ္စာ ၄-ပါးကို ပေါ်လွင်ထင်ရှားအောင် ဖော်ပြထားသော တရားတော် ဖြစ်သည်။

ဝိပဿနာဉာဏ် အခြေခံနှစ်ပါးနှင့်ဉာဏ်စဉ် ၁၀-ပါး တက်စဉ်အတိုင်း ရှုကြည့်ပွားများနိုင်က "လမ်းဆုံးလျှင် ရွာကိုတွေ့"ဆိုသော စကားအတိုင်း မဂ်တရား ဖိုလ်တရားတို့ကိုတွေ့နိုင်ကြောင်းကို ကျမ်းစာက သက်သေခံထားသည် ဖြစ်ပါကြောင်း။

ဤကဲ့သို့ ပြဆိုခဲ့သည်အတိုင်း ဉာဏ်စဉ်၌ မဂ္ဂင်နှင့်သစ္စာများကိုတွေ့က ဆင်ကောင်ကိုတွေ့လျှင် ဆင်ခြေရာကိုရှာရန် မလို ဆိုဘိသကဲ့သို့ မဂ္ဂင် ၈-ပါး၊ သစ္စာ ၄-ပါး၊ ဆင်ကောင်ကို တွေ့လျှင် ဥပါဒါနက္ခန္ဓာ ပဋ္ဌက္ခန္ဓာ နှစ်မျိုးနှစ်စား ဘယ်ကျမ်းမှာရှိသနည်းဟု ကျမ်းရှာစစ်ဆေးရန် မလိုတော့ပြီဖြစ်ပါကြောင်း။

ဓမ္မစကြာအဖွဲ့ချုပ် နာယက ဆရာတော် သည်လည်း ဓမ္မစကြာ အနတ္တလက္ခဏသုတ် မဟာသတိပဋ္ဌာန် ထိုကျမ်း

၃-ကျမ်းတို့ကို အခြေခံထားပြီး ဝိပဿနာ မဂ်ဖိုလ်တရားတို့ကိုဖွင့်လှစ်တော် မူခဲ့သည့်အရာ၌ အချို့က မဟာသတိပဋ္ဌာန်ကို အထင်ကြီးပြီး ဓမ္မစကြာတရားကိုအထင်သေးနေကြသည်။

အနက္ခတ္တဏာသုတ် မဟာသတိပဋ္ဌာန်တို့က သစ်ပင်ရှိအကိုင်းနှင့်သာတူသည်၊ ဓမ္မစကြာကအပင်ရင်းနှင့်တူသည်၊ မဂ် ၄-ပါးတို့တွင်လည်း သောတာပတ္တိမဂ်နှင့် ဆိုင်သည်ဖြစ်၍ အရင်းခံမူလဖြစ်သည်။

ဓမ္မစကြာ တရား၌လည်း သစ္စာ ၄-ပါး တို့တွင် ဒုက္ခသစ္စာသည် ကောဓမ္မောဖြစ်သည်၊ ဒုက္ခ ၈-ချက်၌လည်း အမိ မွေးခါစကပင် ရလာသော အကျိုး သက်သက်ပဉ္စက္ခန္ဓာ၏ ဇာတိဇရာ ဗျာဓိမရဏတို့က အရေးမကြီးပါ၊ ဥပါဒါနက္ခန္ဓာနှင့် အကြောင်း အကျိုးဆက်စပ် နေသော ဥပါဒါနက္ခန္ဓာနှင့် ပဉ္စက္ခန္ဓာ၏ ဇာတိ ဇရာ မရဏ ဗျာဓိတို့ကိုသာသိရန်အရေးကြီးပါသည်။

ငင်းခန္ဓာ ၂-ပါးကိုပင် သစ္စာ ၄-ပါး ပေါ်သည်ဝိညာဏ်မြင်ဥပါဒါနက္ခန္ဓာက သမုဒယသစ္စာ ပဉ္စက္ခန္ဓာကဒုက္ခသစ္စာ ပညာမြင်မဂ္ဂနှင့် နိရောဓ အဘိဓမ္မာအလိုအဝိဇ္ဇာနှင့်တဏှာ ဝိပဿနာအလိုဒိဋ္ဌိနှင့်ဝိစိကိစ္ဆာသံသရာဦးခေါင်းနှင့်အမြီးပါ သံသရာဦးခေါင်းကို ဒဿနဒ္ဓောစသောမဂ်ဓားဖြင့် ပယ်ဖြတ်နိုင်မှ သံသရာက ကျွတ်လွတ်နိုင်မည်ဖြစ်ပါကြောင်း။

ရှေးအခါကသူငါကစ ဝိပဿနာတရားလိုက်စားသောပုဂ္ဂိုလ်ဟူသမျှ ကလလရေကြည်ကစပြီး မွေးဖွားလာသော

အကျိုးသက်သက် ပဉ္စက္ခန္ဓာကြီးကို ဝိပဿနာ လုပ်လာခဲ့ကြရာ ဆီကုန်ပြီး အချိန်ကို ဖြုန်းတီးခဲ့ရုံဘဲရှိပါသည်၊ ယခု ဓမ္မစကြာ မျက်စိနှင့် ကြည့်လိုက်မှသာ မဂ်ဝင်စခန်းက ပြောဆိုခဲ့သည့်အတိုင်း ပဟာန် ၅-ချက်နှင့်ကြည့်လိုက်လျှင် ထိုအကျိုးသက်သက်ပဉ္စက္ခန္ဓာကြီးက နိဿရဏပဟာန်ဆိုကဲ့ နိဗ္ဗာန်ကသာ ပယ်သတ်နိုင်သော အကျိုးခန္ဓာ ဖြစ်ခြင်းကြောင့်ပင်တည်း။

သူများကို ပြောသည့်မဟုတ် မိမိကိုယ်တိုင် နှစ်ပေါင်းမြောက်များစွာ မှားလာခဲ့ဘူးပါသည်၊ ဆရာထံ ဓမ္မစကြာတရားကို အကြိမ်ကြိမ်အဖန်ဖန် သင်တန်းတက်၍ နာယူပြီး ဆရာဩဝါဒကိုရခါမှ သတိရ၍ မိမိနှင့်အမျိုးတူ ဇာတ်တူဖြစ်သော ဝိပဿနာစာကြည့်သမားတို့ သတိရကြစေခြင်းအလို့ငှာ ဆရာသမားတို့၏ ဩဝါဒအတိုင်း ဤစာကိုရေးလိုက်ရသည်ဖြစ်ပါကြောင်း။

အရာရာ ခပ်သိမ်းတို့ကို ပြီးမြောက်စေ တတ်သောတရားက ၁-ဆန္ဒ၊ ၂-စိတ္တ၊ ၃-ဝီမံသ၊ ၄-ဝီရိယ ဆိုသည့် ဣဒ္ဓိပါဒ်တရား ၄-ပါးတို့တွင် ဆန္ဒဆိုသည်ကား တရားနှင့်ဆိုင်ရာပြောရလျှင် ဝိပဿနာ မဂ်ဖိုလ်တရားတို့ကို လိုချင်မှု ဆန္ဒ၊လိုချင်၍ စိတ်နှင့်ကြံစည်မှုကိုစိတ္တ၊ ဆရာထံ နည်းခံ၍ ထိုအလုပ်ကိစ္စကို တတ်မြောက်အောင် သင်ခြင်းကဝီမံသ၊ အားထုတ်မှုကဝီရိယ ဤတရား ၄-ပါးနှင့် ပြည့်စုံသော သူတို့မှသာလျှင် မဂ်ဖိုလ်တရားကိုရနိုင်သည်။

၎င်းတရား ၄-ပါး၌ အရေးကြီးဆုံးကား လိုချင်မှု ဆန္ဒဖြစ်သည်။ ထို့ကြောင့် ပညာရှိတို့ပြောဆိုကြသည်ကား

ဆန္ဒမရှိသော သူတို့မှာ ဒွန်းစဏ္ဍားသား မင်းအဖြစ်နှင့် ဝေးဘိသကဲ့သို့ဆိုထားသည်။

ဆန္ဒဖြစ်ရန် တရားကို ယုံကြည်မှု သဒ္ဓါရှိမှ ဆန္ဒဖြစ်နိုင်သောကြောင့် ယုံကြည်ရန် ဓမ္မစကြာတရား၌ပါရှိသော ဥပါဒါနက္ခန္ဓာနှင့် ပဉ္စက္ခန္ဓာတို့ကို အများသော တရားလိုက်စား အမျိုးကောင်းသား အမျိုးကောင်းသမီးတို့အား သံသရာမှ လွတ်မြောက်ရေးကို မျှော်ကိုးပြီး မေတ္တာကို ရှေးထား၍ရေးလိုက်ရသည်ဖြစ်ပါကြောင်း။

ယခုအခါ မြတ်စွာဘုရား သာသနာတော် မြတ်ကြီးကလည်း ၂၅၀၀-ကျော်လွန်ပြီး မဂ်ဖိုလ်ရနိုင်သော ဝိမုတ္တိခေတ်ကြီး ဆန်းလာတဲ့အခါ တကာ-တကာမတို့ကလည်း ကံအား ဉာဏ်အား ပါရမီအားပြည့်စုံ၍ ဒုလ္လဘတရားနှင့် တွေ့ဆုံကြုံကြိုက်နေတဲ့အခါမှာ ပြဆိုခဲ့သော ဉာဒ္ဓိပါဒ်တရား ၄-ပါးနှင့် ပြည့်စုံ၍ ဝိမုတ္တိပန်းတိုင်ကို လှမ်းကိုင် နိုင်ကြပါစေကုန်သတည်း။